# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဓါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက် | ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ အင်္ဂါနေ့၊ | အတွဲ (၅၆)၊ အမှတ်(၃၁၆)


# အနာဂတ်ကာလ နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ မသေချာမရေရာမှုတွေကို

# အာဆီယံအနေနဲ့ အောင်မြင်စွာကျော်လွှားသွားနိုင်မယ်လို့ အပြည့်အဝယုံကြည်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အာဆီယံတည်ထောင်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၄

အာဆီယံ နှစ်(၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမြင့်ထွေးနှင့် ဦးကျော်ဝင်း၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ သံအမတ်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံ နှစ် (၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို အာဆီယံသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❁


## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး


စာ ၂


## တရားဥပဒေစိုးမိုးရေးအတွက် လူထုအခြေပြုအဖွဲ့များနှင့် ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်


စာ ၁၀


## အမေရိကန်၏ အရေးယူပိတ်ဆို့မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်ကဒုံးကျည်များ အဆင့်မြှင့်တင်မည်


စာ ၁၄





မြန်မာ့အလင်း

# လူငယ်နှင့် နည်းပညာ

ပြီးခဲ့သည့်လက အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်တွင်ကျင်းပပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၆၀ ကျော်မှ လူငယ်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံတကာ စက်ရုပ်အိုလံပစ်ပွဲတော်တွင် လူငယ်ခုနစ်ဦးပါဝင်သော မြန်မာအသင်းက နိုင်ငံများစွာမှ အသင်းများစွာကို ဖြတ်ကျော်၍ နိုင်ငံအလိုက်အဆင့် ၆ နေရာတွင် ရပ်တည်နိုင်ခဲ့ရာ ကမ္ဘာတစ်လွှားအံ့အားသင့်စရာ ဖြစ်ခဲ့ရသည်။ ပြိုင်ပွဲဝင် ကမ္ဘာ့တိုက်ကြီးခြောက်တိုက်ကိုယ်စားပြု အသင်းခြောက်သင်းနှင့် နိုင်ငံပေါင်း ၁၆၃ နိုင်ငံတို့ သုံးရက်ကြာယှဉ်ပြိုင်ခဲ့သည့် အဆိုပါပြိုင်ပွဲတွင် ဥရောပအသင်း၊ ပိုလန်အသင်း၊ အာမေးနီးယားအသင်း၊ အစ္စရေးအသင်းနှင့် ဂျာမနီအသင်းတို့၏နောက်တွင် အဆင့်ခြောက်နေရာ၌ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ရာ မိမိတို့နိုင်ငံအတွက် ဂုဏ်ယူဝံ့ကြွားဖွယ်ရာပင် ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံများထဲမှ နိုင်ငံတစ်နိုင်ငံ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနည်းပါးသော နိုင်ငံအဖြစ် ကမ္ဘာကသိမြင်ထားသည့်နိုင်ငံမှ လူငယ်များ၏ စွမ်းဆောင်မှုက ယခုကဲ့သို့ ရလဒ်မျိုးထွက်ပေါ်လာခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်ခဲ့ခြင်းဖြစ်သည်။

စက်ရုပ်ပြိုင်ပွဲ၏ ရည်ရွယ်ချက်မှာ အနာဂတ်တွင်လူသားတို့ ရင်ဆိုင်ရမည့် အခက်အခဲပြဿနာများကို နည်းပညာသုံး၍ ဖြေရှင်းနိုင်ရန်ရည်ရွယ်ခြင်းဖြစ်ရာ ယနေ့ခေတ်လူငယ်များ၏ အလေ့အထသဘာဝနှင့် တစ်ထပ်တည်း ကျနေသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာအပါအဝင် စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ အသက် ၁၅ နှစ်မှ ၃၀ ကြား လူငယ်အချို့ကို စစ်တမ်းကောက်ယူခဲ့ရာတွင် လူမှုအသိုင်းအဝိုင်း တိုးတက်ကောင်းမွန်ရေး၊ ငြိမ်းချမ်းရေးတို့တွင် အရေးပါသည့် အဓိကအကြောင်းအရာမှာ နည်းပညာနှင့် အားလုံးပါဝင်နိုင်သည့် ပညာရေးစနစ်တို့ဖြစ်ကြောင်း ညွှန်ပြခဲ့ကြသည်ဟု ဆိုသည်။ ဤသည်မှာ နည်းပညာအပေါ် လူငယ်များ၏ မျှော်လင့်ချက်၊ နည်းပညာနှင့် လူငယ်များအကြားမှ ဆက်နွှယ်မှုဟု ဆိုရမည်ဖြစ်သည်။ မြန်မာအပါအဝင် အာရှလူငယ်များ နည်းပညာအပေါ် တိမ်းညွတ်မှုနှင့် လက်တွေ့အောင်ပွဲရလဒ်တို့က ပညာရေးနှင့် သုတေသနတို့အပေါ်တွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရန် အချက်ပေးခေါင်းလောင်းသံများဟု ဆိုရမည်ဖြစ်သည်။

တီထွင်မှု၊ သိပ္ပံနှင့်နည်းပညာတို့တွင် တာထွက်ဦးခဲ့သော အရှေ့တိုင်းသည် ရေရှည်စွဲမြဲအောင် ကိုယ်တိုင်မထိန်းသိမ်းလိုခဲ့ခြင်း၊ ကမ္ဘာနှင့်အဆက်ဖြတ်နေခဲ့ခြင်း၊ လေ့လာသင်ယူမှု အားနည်းခြင်းတို့ကြောင့် အနောက်နိုင်ငံသားတို့ ဖြတ်ကျော်သွားခြင်းကို ခံခဲ့ရကြောင်း အိန္ဒိယနွယ်ဖွား အမေရိကန်သတင်းစာဆရာ ဖာရိဒ်ဇကရီးယားက ၎င်း၏ “အမေရိကန်လွန်ကမ္ဘာ” **(The Post American World)** တွင် ရေးသားခဲ့သည်။ မျက်မှောက်ကာလတွင်မူ အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ အနေအထားမှာ ပြောင်းပြန်ပြောင်းလဲလာနေကြောင်း၊ သမိုင်းမှပေးသော သင်ခန်းစာများကိုရယူကာ အင်အားကြီးနိုင်ငံတစ်ခုဖြစ်လာရန် တည်ဆောက်လျက်ရှိသော တရုတ်နိုင်ငံကို ဥပမာပေး၍ ရေးသားခဲ့ရာတွင် အင်အားကြီးနိုင်ငံတစ်ခု ဖြစ်လာစေရန် သော့ချက်အကျဆုံး လိုအပ်ချက်များအဖြစ် (၁) အမျိုးသားစည်းလုံးညီညွတ်ရေး၊ (၂) စီးပွားရေးနှင့် နည်းပညာဆိုင်ရာ အောင်မြင်မှုများ၊ (၃) တီထွင်ဖန်တီးမှုရှိသော ယဉ်ကျေးမှုဓလေ့၊ (၄) အခြားနိုင်ငံများအပေါ် ဆွဲဆောင်နိုင်စွမ်းတို့ ဖြစ်ကြောင်းလည်း ဖော်ပြခဲ့သည်။

အထက်ဖော်ပြပါ အချက်များကို ကြည့်ခြင်းအားဖြင့် နည်းပညာသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ရော အင်အားကြီးနိုင်ငံအဖြစ် တည်ဆောက်ရေးတွင်ပါ မည်မျှအရေးပါသည်ကို တွေ့ရှိနိုင်သည်။ မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် လူငယ်များ၏ နည်းပညာအပေါ် မျှော်မှန်းချက်၊ နည်းပညာနှင့် ရင်းနှီးကျွမ်းဝင်မှုတို့က အရေးပါသော တွန်းအားတစ်ရပ်ဖြစ်လာမည်ဖြစ်ရာ နည်းပညာသင်ယူမှုဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်ပေးခြင်း၊ သိပ္ပံနှင့် တီထွင်မှုဆိုင်ရာ ပတ်ဝန်းကျင်များ ဖန်တီးပေးခြင်းဖြင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုတင်မျှော်မှန်း ဆောင်ရွက်ပေးရမည်ဟု ရှုမြင်ပါကြောင်း။ ။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၂၄/ ၂၀၁၇**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးကျော်မင်းထွန်း | အဖွဲ့ဝင် |
| (၂) | ဦးမြင့်သိန်းထွန်း | အဖွဲ့ဝင် |
| (၃) | ဦးစိုးပိုင် | အဖွဲ့ဝင် |
| (၄) | ဒေါ်ရီရီဝင်း | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်မေလှ | အဖွဲ့ဝင် |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# Paukphaw Scholarship Project (Mandalay) အခမ်းအနားကျင်းပ

**မန္တလေး ဩဂုတ် ၁၄**

Alibaba Foundation မှ လှူဒါန်းပြီး China Foundation for Poverty Alleviation က တာဝန်ယူဆောင်ရွက်သော China Foundation for Poverty Alleviation Myanmar Office နှစ်နှစ်ပြည့်အထိမ်းအမှတ်နှင့် Paukphaw Scholarship Project (Mandalay) အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ်လဒုတိယပတ်က မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က CFPA သည် မြန်မာနိုင်ငံ၌ ရုံးခန်းဖွင့်လှစ်ထားပြီး တရုတ်-မြန်မာ ပြည်သူအချင်းချင်း ကူညီမှုပုံစံဖြင့် Paukphaw Scholarship Project စတင်ခြင်းကို အထူးဝမ်းသာကြိုဆိုလျက်ရှိကြောင်း၊ Project အား ရန်ကုန်မှ မန္တလေးအထိ တိုးချဲ့လုပ်ဆောင်ပေးခြင်းကို အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ အနာဂတ်တွင်လည်း ပိုမိုများပြားသော၊ ငွေကြေးလိုအပ်သော ကျောင်းသားကျောင်းသူများကို ကူညီနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက Paukphaw Scholarship Project ကို ရန်ကုန်မှ မန္တလေးအထိ တိုးချဲ့လုပ်ဆောင်ပေးခြင်းအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံးမှ သံမှူး Mr. Tian Shan Ting က တရုတ်အစိုးရသည် အဖွဲ့အစည်းများကို ပြည်ပသို့ ဆင်းရဲနွမ်းပါးချောင်ချိရေးပရဟိတများ ပြုလုပ်ရန် အားပေးမှုများလုပ်ဆောင်ခဲ့ကြောင်း၊ CFPA သည် မြန်မာပြည်၌ ရုံးခန်းဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ပိုမိုများပြားသော ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအားလုပ်ဆောင်နိုင်ရန် ယုံကြည်မျှော်လင့်ကြောင်း၊ ထို့အတူ ပိုမိုများပြားသော NGO အဖွဲ့အစည်းများ မြန်မာနိုင်ငံသို့လာရောက်ပြီး မြန်မာပြည်သူများအားကူညီစေလိုကြောင်း၊ တရုတ်ပြည်သူများ၏ မေတ္တာစေတနာအား သိရှိစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ပါမောက္ခချုပ်ခြောက်ဦးကို အထိမ်းအမှတ်လက်ဆောင်ပစ္စည်းများအား ပေးအပ်ခဲ့ကြပြီး ကျောင်းသားကျောင်းသူများကို ပညာသင်ဆုကြေးငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

**တင်မောင်**

ထင်သာမြင်သာပြုပြင်စရာ

# မိုင်းယု ၁၀၅ မိုင်လမ်းခွဲနေရာ၌ ထင်ရှားသည့် လမ်းညွှန်ဆိုင်းဘုတ်ထားသင့်




ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် လမ်းခွဲနေရာသည် မန္တလေး- လားရှိုး- မူဆယ် ပြည်ထောင်စုလမ်းမကြီးဖြတ်သန်းသွားသည့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တည်ရှိသောနေရာ ဖြစ်သည်။

၁၀၅ မိုင်မှ မူဆယ်သို့ ခုနစ်မိုင်ခရီးဖြစ်ပြီး ပန်ဆိုင်းမှ ကျူကုတ်မြို့အထိ ၁၁ မိုင်ခရီးရှိကာ တရုတ်ပြည်နယ်စပ် ဝမ်တိန်မြို့အထိ ခရီးဆက်နိုင်သည်။

ယာဉ်အမျိုးမျိုးသွားလာလျက်ရှိပြီး ယင်းကဲ့သို့အချက်အချာကျသော လမ်းခွဲတွင် ခေတ်မီသေသပ်သော လမ်းညွှန်ဆိုင်းဘုတ်တစ်ခု ထားရှိသင့်ကြောင်း ခရီးသွားများက ပြောကြသည်။

“လားရှိုးကတက်လာရင် ပန်ဆိုင်းဘက်က အဖြောင့်ဆိုတော့ မူဆယ်ဘက်ကိုသွားမယ့် ခရီးသည်တွေ တစ်ခါတလေ လမ်းမှားသွားကြတယ်။ အရင်ဆိုင်းဘုတ်လေးကတော့ မထင်မရှားနဲ့ ခြံစည်းရိုးဘေးမှာ ရှိနေသေးတယ်။ ဒါလေးကို ထင်သာမြင်သာအောင် ပြုပြင်လိုက်ရင်တော့ ခရီးသွား ခရီးလာတွေအတွက် ကောင်းသွားမှာပါ ” ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

**အားသစ် (မူဆယ်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၁၄-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၅/၆၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၁၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ ・၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၁ ・၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ・၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ・၂ |
| တရုတ် | တစ်ယွမ် | ၂၀၄ ・၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ ・၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ -အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❀ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ငြိမ်းချမ်း၊ တည်ငြိမ်၊ စီးပွားရေး သာယာဝပြောတဲ့ အရှေ့တောင်အာရှ ဒေသကြီးတည်ထောင်ဖို့ မျှော်မှန်းခဲ့ကြတဲ့ အာဆီယံရဲ့မူလတည်ထောင်သူ ဖခင်များ ရဲ့မျှော်မှန်းချက်တွေကို လက်တွေ့ဖြစ်ပေါ် လာအောင် ပြီးခဲ့တဲ့ နှစ်ပေါင်းငါးဆယ် အတွင်းမှာ အကောင်အထည်ဖော်နိုင် ခဲ့ပါပြီ။ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ဒီအောင်မြင်မှုကို ဂုဏ်ယူဝင့်ကြွား နိုင်ကြပါပြီ။

**ဘုံအကျိုးစီးပွားဖော်ဆောင်**

"အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေဟာ မတူကွဲပြားမှုတွေကို အပြည့်အဝအသိ အမှတ်ပြုပြီး အကျိုးစီးပွားတွေ၊ ရည်မှန်း ချက်တွေကို မျှဝေလျက် ဘုံအကျိုးစီးပွား ကို ဖော်ဆောင်နိုင်စေမယ့် နားလည်မှု၊ ယုံကြည်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ ကို နက်နက်ရှိုင်းရှိုင်း ဖြစ်ပေါ်လာအောင် ကြိုးပမ်းနိုင်ခဲ့ကြပါတယ်။ ရာစုနှစ်ဝက် ကျော်လွန်လာတဲ့ ဒီကနေ့အချိန်မှာ တိုးတက်မှုတွေ ရယူပိုင်ဆိုင်ပြီးတော့ များပြားလှတဲ့ အခွင့်အလမ်းတွေ၊ တုန်လှုပ်ဖွယ်ရာစိန်ခေါ်မှုတွေ ပြည့်လျှမ်း နေတဲ့ အနာဂတ်ဆီကို ခိုင်ခိုင်မာမာနဲ့ ဆက်လက်ပြီး ချီတက်နေကြပါပြီ။

**မဏ္ဍိုင်ကြီး(၃)ရပ် အခြေပြု**

"အာဆီယံအဖွဲ့ကြီးဟာ ပဋိညာဉ် စာတမ်းနဲ့အညီ အာဆီယံပြည်သူတွေရဲ့ အမျိုးမျိုးအဖုံဖုံ လိုအပ်ချက်တွေကို အသိအမှတ်ပြုပြီး နိုင်ငံရေးနဲ့ လုံခြုံရေး အသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်း နဲ့ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း စတဲ့ မဏ္ဍိုင်ကြီး(၃)ရပ်ကို အခြေပြုကာ စည်းမျဉ်းဥပဒေသကို အခြေခံတဲ့ ပြည်သူ တွေရဲ့ အာဆီယံအသိုက်အဝန်းကြီး ထူထောင်ဖို့အတွက် ရှင်းလင်းပြတ်သား တဲ့ အစီအစဉ်တွေ ချမှတ်ထားပြီး ဖြစ်ပါ တယ်။

**ခိုင်ခိုင်မာမာရပ်တည်**

"အာဆီယံအဖွဲ့ကြီးဟာ ပြီးခဲ့တဲ့ နှစ်တွေအတွင်းမှာ အာဆီယံတန်ဖိုးတွေနဲ့ အာဆီယံလမ်းစဉ်ကို ဖြည်းဖြည်းမှန်မှန် လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် အောင် မြင်မှုတွေ၊ သာယာဝပြောမှုတွေကို ဆောင်ကြဉ်းပေးနိုင်ခဲ့ပါတယ်။ စေ့စပ် ညှိနှိုင်းအဖြေရှာခြင်း၊ အားလုံးရဲ့သဘော တူညီမှုကို အခြေခံခြင်း၊ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ တစ်နိုင်ငံ ပြည်တွင်းရေးကို တစ်နိုင်ငံက ဝင်ရောက် စွက်ဖက်မှုမရှိခြင်း စတဲ့အခြေခံမူတွေဟာ စိန်ခေါ်မှုပေါင်းများစွာကို ကျော်လွှား




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ နှစ်(၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

အောင်မြင်နိုင်စေခဲ့ပြီး ရာစုနှစ် တစ်ဝက် ကြာကာလပတ်လုံး ခိုင်ခိုင်မာမာ ရပ်တည် နိုင်စေခဲ့ပါတယ်။

"အဲဒီ အခြေခံမူကြီးတွေဟာ အာဆီယံ ဒေသတွင်းမှာသာမက အာဆီယံပြင်ပမှာရှိတဲ့ နိုင်ငံတွေနဲ့ အပြန် အလှန်ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရာမှာ လည်း အခြေခံအုတ်မြစ်တစ်ခုအဖြစ် စွမ်းဆောင်နိုင်ခဲ့ပါတယ်။

**အာဆီယံရဲ့ဆက်ဆံရေး ပိုမိုတိုးမြှင့်**

"ဒါ့အပြင် အာဆီယံက ဦးဆောင် တဲ့ ဒေသဆိုင်ရာ အစီအမံတွေဖြစ်တဲ့ ဆွေးနွေးဖက်နိုင်ငံတွေနဲ့ အာဆီယံ+၁၊ အာဆီယံ+၃၊ အာဆီယံဒေသဆိုင်ရာ ဖိုရမ်၊ အရှေ့အာရှထိပ်သီးအစည်းအဝေးနဲ့ အာဆီယံနဲ့ ဆွေးနွေးဖက်ကာကွယ်ရေး ဝန်ကြီးများအစည်းအဝေးများ အစရှိတဲ့ အာဆီယံဦးဆောင်တဲ့ အစီအစဉ်တွေမှာ အာဆီယံရဲ့ အချက်အချာကျမှုကို ပိုမို အားဖြည့်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင်၊ ပိုမို များပြားလာနေတဲ့ ဆွေးနွေးဖက်နိုင်ငံ တွေ၊ ကဏ္ဍအလိုက် ဆွေးနွေးဖက်နိုင်ငံ တွေနဲ့ အာဆီယံရဲ့ဆက်ဆံရေးကို ပိုမို တိုးမြှင့်ပေးနိုင်ခဲ့ပြီး ဆွေးနွေးဖက်နိုင်ငံ အများစုနဲ့လည်း မဟာဗျူဟာမြောက် ဆက်ဆံရေးကို တည်ဆောက်နိုင်စေခဲ့ ပါတယ်။

"အာဆီယံ ၂၀၂၅ ခုနှစ် မျှော်မှန်း ချက်နဲ့အညီ အနာဂတ်ကို မျှော်မှန်းကြည့် မယ်ဆိုရင် ကျွန်မတို့အနေနဲ့ လက်ရှိ အာဆီယံရဲ့ အောင်မြင်မှုတွေကို ပိုမို ခိုင်ခန့်စေတဲ့ စိန်ခေါ်မှုတွေကို ကျော်ဖြတ် ပြီး ဥပဒေစည်းမျဉ်းစည်းကမ်းတွေကို အခြေခံတဲ့၊ ပြည်သူလူထုကို အလေးထား တဲ့၊ ပြည်သူလူထုကိုဗဟိုပြုတဲ့၊ ငြိမ်းချမ်း တည်ငြိမ်တဲ့၊ စိန်ခေါ်မှုတွေကို ကြံ့ကြံ့ ခံနိုင်တဲ့ အာဆီယံအသိုက်အဝန်းကြီး ကတစ်ဆင့် ဒေသဆိုင်ရာ ပေါင်းစည်းမှုရဲ့ ခေတ်သစ်တစ်ရပ်ကို ကျွန်မတို့အားလုံး ဝင်ရောက်နေကြပါပြီ။ အဖွဲ့ဝင် ၁၀ နိုင်ငံရဲ့ စီးပွားရေး အင်အားဟာလည်း ကမ္ဘာမှာ သတ္တမမြောက် အကြီးဆုံးစီးပွားရေး အစုအဖွဲ့ဖြစ်လာပြီး၊ အာရှဒေသမှာ တရုတ်နဲ့ အိန္ဒိယပြီးရင် တတိယအမြန်ဆုံး တိုးတက်နေတဲ့ အဓိကစီးပွားရေး အင်အားစု ဖြစ်လာနေပါပြီ။ အာဆီယံရဲ့ လက်ရှိ ပြည်တွင်းအသားတင်ထုတ်ကုန် စုစုပေါင်းတန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ထရီလီယံ ရှိနေပြီဖြစ်ပါတယ်။

**စီးပွားရေးအဆင့်ကွာဟမှုဖြေလျှော့**

"အာဆီယံစီးပွားရေး အသိုက် အဝန်းရဲ့ ၂၀၂၅ ခုနှစ် အခြေပြုမြေပုံကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင် တဲ့အချိန်မှာ အာဆီယံအနေနဲ့ ၂၀၅၀ ပြည့်နှစ်ကာလမှာ ကမ္ဘာ့စတုတ္ထအကြီးဆုံး စီးပွားရေးအုပ်စုကြီး ဖြစ်လာတော့မှာပါ။ အဲဒီအချိန်မှာဒေသတွင်း အလုံးစုံစီးပွား ရေးမိတ်ဖက်အစီအမံဟာလည်း အပြီး သတ်နေလောက်ပါပြီ။ အဲဒီအစီအမံဟာ ဒေသတွင်း စီးပွားရေးအဆင့်ကွာဟမှုကို ဖြေလျှော့ပေါင်းစပ်ပေးသွားမှာ ဖြစ်ပါ တယ်။ မိတ်ဖက်အစီအမံစတင်နိုင်ပြီ ဆိုရင် ကမ္ဘာ့လူဦးရေရဲ့ထက်ဝက်နဲ့ ကမ္ဘာ့ ဂျီဒီပီရဲ့ ၃၀ ရာခိုင်နှုန်းကို ကိုယ်စားပြု တော့မှာ ဖြစ်ပါတယ်။

**ဖွံ့ဖြိုးမှုအဆင့်ကွာဟမှု လျှော့ချ**

"အာဆီယံအနေနဲ့ လူမှုရေးနဲ့ ယဉ်ကျေးမှုအပိုင်းမှာလည်း အနာဂတ် မျှော်မှန်းချက်လမ်းကြောင်းကို ချမှတ် ထားပြီး ဖြစ်ပါတယ်။ အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း လမ်းပြမြေပုံ ၂၀၂၅ ဟာလူသားများရဲ့ဖွံ့ဖြိုးတိုးတက် မှု၊ လူမှုရေးတရားမျှတမှု၊ အခြေခံအခွင့် အရေး၊ လူမှုဖူလုံရေးနဲ့ အကာအကွယ် ပေးမှု၊ ပတ်ဝန်းကျင် ရေရှည်တည်တံ့မှု၊ အာဆီယံနဲ့ပတ်သက်လို့ ပိုမိုသိရှိနားလည် စေမှုနဲ့ ဖွံ့ဖြိုးမှုအဆင့်ကွာဟမှု လျှော့ချ ရေးတို့ကို အလေးထားဆောင်ရွက်သွား ရမှာပါ။

**ကြိုးပမ်းအားထုတ်မှုရလဒ်**

"အာဆီယံရဲ့ ကြိုးပမ်းအားထုတ်မှု ရလဒ်တစ်ခုအနေနဲ့ ၂၀၁၆ ခုနှစ်မှာ မွေးဖွားလာတဲ့ကလေးတွေအနေနဲ့ ၁၉၆၇ ခုနှစ်က မွေးဖွားခဲ့သူတွေထက် ပျမ်းမျှ ၁၅ နှစ်ခန့် ပိုမိုပြီး အသက်ရှည်လာခဲ့ပါပြီ။ သန့်ရှင်းတဲ့ သောက်သုံးရေရရှိမှုဟာ လည်း ၁၉၉၉ ခုနှစ်က ၆၈ ဒသမ ၁ ရာခိုင်နှုန်း ရှိခဲ့ရာကနေ ဒီကနေ့ ၉၀ ရာခိုင် နှုန်းအထိ တိုးတက်လာခဲ့ပါတယ်။ ၂၀၁၆ ခုနှစ်မှာ အသက်ကြီးသူတွေရဲ့ ၉၄ ဒသမ ၉ ရာခိုင်နှုန်းဟာ စာရေး၊ စာဖတ်နိုင်သူ၊ စာတတ်မြောက်သူတွေ ဖြစ်လာခဲ့ပါတယ်။

**ဝေမျှထမ်းဆောင်သွား**

"အာဆီယံမိသားစုဝင် မြန်မာနိုင်ငံ အနေနဲ့ အာဆီယံအသိုက်အဝန်း တည်ဆောက်မှု အောင်မြင်ရေးအတွက် ကျေပွန်ရမယ့် တာဝန်နဲ့ ဝတ္တရားတွေ ရှိပါ တယ်။ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သာယာဝပြောရေးနဲ့ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံချင်း သာယာဝပြောရေး အတွက် အဖွဲ့ဝင်အားလုံးက ကြိုးပမ်း ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအနေနဲ့ ဝေမျှထမ်းဆောင်သွားရမှာ ဖြစ်ပါတယ်။

**စည်းလုံးညီညွတ်မှုထိန်းသိမ်း**

"အာဆီယံအဖွဲ့ဝင် နိုင်ငံတွေဟာ အတွေ့အကြုံတွေ မျှဝေလို့၊ မိသားစုတစ်စု တည်း စိတ်ဓာတ်နဲ့ အချင်းချင်း ရိုင်းပင် ကူညီလို့ ခရီးရှည်ကြီးကို အတူတစ်ကွ လျှောက်လှမ်းခဲ့ကြပြီးတော့ တစ်ခါတလေ မှာ လမ်းကြမ်းကြမ်းကို ကျော်ဖြတ် လာခဲ့ကြတာပါ။ အကျပ်အတည်းတွေနဲ့ တွေ့ကြုံရင်ဆိုင်ရရင်လည်း အာဆီယံ အဖွဲ့ကြီးရဲ့ စည်းလုံးညီညွတ်မှုကို မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်ခဲ့ ကြပါတယ်။

**အောင်မြင်စွာကျော်လွှား**

"ကမ္ဘာကြီးမှာ မတူကွဲပြားတဲ့ ယဉ်ကျေးမှုနဲ့ နိုင်ငံရေးစနစ်တွေ တည်ရှိ နေတဲ့ ဒေသတစ်ခုဖြစ်ပေမယ့်လည်း အာဆီယံဟာ အချိန်ကာလရဲ့စမ်းသပ်မှု ကို အောင်အောင်မြင်မြင် ကျော်လွှား နိုင်ခဲ့ပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့ပါ တယ်။ အနာဂတ်ကာလ နိုင်ငံရေးမတည် ငြိမ်မှုတွေ၊ မသေချာမရေရာမှုတွေကို လည်း အာဆီယံအနေနဲ့ အာဆီယံရဲ့ အချက်အချာကျမှု၊ စုစည်းညီညွတ်စွာ ရပ်တည်မှုနဲ့ အပြုသဘောဆောင်မှုတို့ကို အခြေခံပြီး အောင်မြင်စွာ ကျော်လွှားသွား နိုင်မယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။

**စိန်ခေါ်မှုတွေကို ရင်ဆိုင်**

"ဒီကနေ့မှာတော့ အာဆီယံအဖွဲ့ ကြီးဟာ ဒေသတွင်းပေါင်းစည်းမှု ခေတ်သစ်တစ်ရပ်ကို ချင်းနင်းဝင်ရောက် လာနေပြီး၊ ရေရှည်တည်တံ့မှုနဲ့ ပတ်သက် တဲ့ စိန်ခေါ်မှုတွေဖြစ်တဲ့ အဖွဲ့ဝင်နိုင်ငံများ အတွင်း ဆင်းရဲနွမ်းပါးမှု၊ မညီမျှမှုအပြင် ဘာသာရေးကိုအခြေခံတဲ့ အကြမ်းဖက်မှု နဲ့ သဘာဝသယံဇာတပျက်သုဉ်းမှုတွေကို ရင်ဆိုင်လာနေရပါပြီ။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ခိုင်ခိုင်မာမာရပ်တည် နိုင်ဖို့ ကျွန်မတို့ရဲ့စွမ်းရည်တွေကို ထပ်မံ မြှင့်တင်ပြီး ဒီစိန်ခေါ်မှုတွေကို ရင်ဆိုင် ဖြေရှင်းရမှာပါ။

**တစ်ခဲနက်ပါဝင်ကြ**

"ပြီးခဲ့တဲ့ နှစ် ၅၀ အတွင်း ရရှိခဲ့တဲ့ အောင်မြင်မှုတွေကို အခြေခံပြီး၊ အာဆီယံ အနေနဲ့ လက်ရှိအနေအထားမှာတင် ကျေနပ်ရောင့်ရဲနေလို့ မရပါဘူး။ အာဆီယံ ပြည်သူတွေအနေနဲ့ လက်ရှိရရှိထားတဲ့ အရှိန်အဟုန်ကို တစ်ဆင့်မြှင့်ပြီး၊ အာဆီယံ ပြည်သူအားလုံးရဲ့ သာယာဝပြောမှုကို ဖော်ဆောင်ပေးမယ့် အများပါဝင်နိုင်တဲ့၊ လူမှုရေးအရ တာဝန်ခံတဲ့ အသိုက်အဝန်း ကြီး ဖော်ဆောင်ရာမှာ တစ်ခဲနက်ပါဝင် ကြဖို့ လိုအပ်ပါတယ်။

"မိမိတို့အနေနဲ့ အာဆီယံအသိုက် အဝန်း ဖော်ဆောင်နေတဲ့နေရာမှာ အရှိန် အဟုန်နှစ်ဆ မြှင့်တင်ကြဖို့နဲ့၊ ပြည်သူ လူထုတစ်ရပ်လုံးအနေနဲ့ ထဲထဲဝင်ဝင်

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ နှစ်(၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

## သံအမတ်ကြီး ဦးဝင်းမြင့် ပါကစ္စတန်နိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းမြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် အစ္စလာမာဘတ်မြို့၌ ပါကစ္စတန်အစ္စလာမ္မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ မမ်နွန် ဟူစိန် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**



## တရားမအထူးအယူခံမှု (၅)မှု စီရင်ချက်ချမှတ်

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု(၅)မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၅)မှုကို ကြားနာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း နီပေါသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Bhim K. Udas အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်များဖွဲ့စည်းမှု၊ မြန်မာနိုင်ငံ၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မြန်မာ-နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလာရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ် (သတင်းစဉ်)

## ပြည်တွင်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်မှုနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် UNESCO ၏ နိုင်ငံတကာဥပဒေရေးရာ အကြံပေး Mr. Etienne Clement နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ တရားမဝင် ကုန်ကူးခြင်းကို တားမြစ်ကာကွယ်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းကို မြန်မာနိုင်ငံက ၂၀၁၃ ခုနှစ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီးနောက် ကွန်ဗင်းရှင်းနှင့်အညီ ပြည်တွင်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းဆောင်ရွက်မှုအခြေအနေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့် ပြစ်မှုဆိုင်ရာဥပဒေတို့အရ အရေးယူဆောင်ရွက်နေသည့် အခြေအနေများနှင့် ကြုံတွေ့ရသည့်အခက်အခဲများ၊ ဥပဒေအရာရှိများအတွက် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသည့် သင်တန်းများပို့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စနှင့် အများပြည်သူသို့ အသိပညာဖြန့်ဖြူးမည့်အစီအစဉ်များ စသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၃ မှ*

ပါဝင်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ပြည်သူလူထုတွေမပါဝင်ဘဲနဲ့ အာဆီယံအသိုက်အဝန်းဆိုတာ ဖြစ်ပေါ်လာမှာမဟုတ်ပါဘူး။

"အာဆီယံအဖွဲ့ကြီးဟာ ငြိမ်းချမ်းတဲ့ နယ်နိမိတ်တွေ၊ ကျယ်ပြန့်တဲ့ သဟဇာတဖြစ်ရာ ဒေသတစ်ခုအဖြစ် စံပြုအတုယူစရာ စံနမူနာတစ်ရပ်ကို ပြသ ဖော်ညွှန်းပေးနေပါတယ်။ အာဆီယံအောင်မြင်မှုရဲ့ သော့ချက်ကတော့ အားလုံး သဘောတူညီမှုရရှိလာအောင်၊ ပူးပေါင်းဆောင်ရွက်မှုတွေ ဖြစ်ပေါ်လာအောင် အထပ်ထပ်အခါခါ တိုင်ပင်ဆွေးနွေးညှိနှိုင်းခြင်းပဲ ဖြစ်ပါတယ်။

"အာဆီယံရဲ့ အောင်မြင်မှုဟာ မိမိတို့ရဲ့ အောင်မြင်မှုလည်း ဖြစ်ပါတယ်။ အာဆီယံအဖွဲ့အောင်မြင်မှုရဲ့အခြေခံဟာလည်း ဆွေးနွေးမှု၊ အပြန်အလှန်ညှိနှိုင်းမှုများကတစ်ဆင့် တူညီဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်းငါးဆယ်အတွင်း အချိန်နဲ့အမျှ ပြောင်းလဲနေတဲ့ ကမ္ဘာ့ရေစီးကြောင်းမှာ အာဆီယံအဖွဲ့ကြီး မယိမ်းမယိုင်နဲ့ ရှေ့ကိုခရီးဆက်နိုင်အောင် အာဆီယံလမ်းစဉ်က ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ ကျွန်မတို့အနေနဲ့ အနာဂတ်မှာ တွေ့ကြုံလာရမယ့် စိန်ခေါ်မှုတွေကို ရင်ဆိုင်ရာမှာလည်း ဒီလမ်းစဉ်ကို ဆက်လက် ထိန်းသိမ်းကျင့်သုံးသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အာဆီယံရဲ့တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော သွင်ပြင်လက္ခဏာမှသည် တစ်ခုတည်းသော အသိုက်အဝန်းကြီးဆီသို့ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်အောင် ကြိုးပမ်းကြရမှာဖြစ်ပါတယ်။

"နိုဂုံးချုပ်အနေနဲ့ ကျွန်မအနေနဲ့ အာဆီယံရဲ့နှစ် ၅၀ အထိမ်းအမှတ်အခမ်းအနားကို ပျော်ရွှင်စွာဆင်နွှဲနေတဲ့ အချိန်အခါသမယမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူလူထုအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးကျော်ဝင်း၊ သူရဦးအောင်ကိုနှင့် ဒုတိယဝန်ကြီး ဦးကျော်တင်တို့က အာဆီယံ နှစ်(၅၀) ပြည့်အထိမ်းအမှတ်တက္ကသိုလ်အဆင့် မြန်မာစာနှင့် အင်္ဂလိပ်စာ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ နည်းပညာ အသက်မွေးအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများ၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အာဆီယံရိုးရာ အကပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အာဆီယံနှစ် (၅၀)ပြည့် အထိမ်းအမှတ် အကပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အာဆီယံတည်ထောင်ခြင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုသည်။

**(သတင်းစဉ်)**



## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Tateshi Higuchi **(ဝဲပုံ)** အား ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr.Vikram Misri အား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း လွှတ်တော်ရေးရာ ဆောင်အမှတ် (I -1 နှင့် 11) တို့၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ဂျပန်သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ ရေဆင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲတက်ရောက်

**နေပြည်တော် ဩဂုတ် ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Jukar Boon - Long အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း-အစ္စရေး ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၊ မြန်မာ-ထိုင်း-နော်ဝေပင်လယ်ရေကြောင်းဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များတွင် မြန်မာ့တပ်မတော်မှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးနှင့် ထိုင်းဘုရင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးမွေးမြူရေးစီမံကိန်းများသို့ လေ့လာသူများ၊ သင်တန်းသားများ စေလွှတ်မှုကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများသည် ရေဆင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်ပေးသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ငါးမြစ်ချင်းမျိုး ငါးကောင်ရေ ၆၂၀၀၀ ကို စိုက်ထည့်ပေးကြသည်။

ရေဆင်းဆည်တွင် ငါးမျိုးစိုက်ထည့်ခြင်းအား နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ်မှစ၍ ယနေ့အထိ ထိုင်းငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် မြက်စားငါးကြင်း အပါအဝင် ငါးမျိုးစုံကောင်ရေ ၄၆၅၀၀၀ အား စိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ရေဆင်းဆည်အတွင်း ငါးမျိုးများ စိုက်ထည့်ပေးစဉ်**

# ဆိုလာစနစ်ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော အသေးစားလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဖွင့်



**နေပြည်တော် ဩဂုတ် ၁၄**

အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး အစီအစဉ်အရ ကမ္ဘာ့ဘဏ် (World Bank)၊ ဂျာမနီ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ)တို့၏ နည်းပညာပံ့ပိုးမှုဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် ကုမ္ပဏီတို့ပူးပေါင်းဆောင်ရွက်သော ရေစကြိုမြို့နယ် ထန်းပင်ချောင်၊ ရွာသာအေး၊ သရက်ပင်ကန်ကျေးရွာတို့တွင် ဆိုလာအသေးစား လျှပ်စစ်ဓာတ်အားလိုင်း မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို တို့က အဖွင့်အမှာစကား ပြောကြားကာ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်လိုက်သည့် အသေးစား လျှပ်စစ်ဓာတ်အားလိုင်းတွင် ထန်းပင်ချောင် ကျေးရွာနှင့် ရွာသာအေးကျေးရွာတို့၌ အသေးစားဓာတ်အားစနစ်မှာ ဆိုလာ ၂၅ ကီလိုဝပ်နှင့် ဒီဇယ်အင်ဂျင် ၁၀ ကီလိုဝပ် နှစ်မျိုးစပ်အသေးစားဓာတ်အားစနစ် လုပ်ငန်းအမျိုးအစားဖြစ်ပြီး သရက်ပင်ကန်ကျေးရွာတွင် ဆိုလာ ၁၆ ကီလိုဝပ်နှင့် ဒီဇယ်အင်ဂျင် ၁၀ ကီလိုဝပ်တို့ဖြစ်သည်။

အဆိုပါစီမံကိန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ထည့်ဝင်ငွေကျပ် ၆၀ ရာခိုင်နှုန်း၊ ရင်းနှီးမြှုပ်နှံသူမှ ၂၀ ရာခိုင်နှုန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၀ ရာခိုင်နှုန်းတို့ ပေါင်းစပ်၍ စုစုပေါင်းကုန်ကျငွေ သန်း ၂၅၀ ကျော်ဖြင့် Pro Energineer-ing ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကာ ကျေးရွာသုံးရွာရှိ အိမ်ထောင်စု ၃၀၀ ခန့် လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်ပြီး လမ်းမီးတိုင် ၂၁၆ တိုင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးပေးခန်းများအတွက်ပါ ဓာတ်အားချိတ်ဆက် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယခုကဲ့သို့ အသေးစားဓာတ်အားစနစ်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ကျေးရွာနေပြည်သူများအနေဖြင့် နေ့ ည လျှပ်စစ်မီး အသုံးပြုနိုင်ကြမည်ဖြစ်၍ ဖုန်းအားသွင်းခြင်း၊ တီဗွီ၊ အသံချဲ့စက်၊ ပန်ကာ၊ ရေခဲသေတ္တာ စသည့် အိမ်သုံးလျှပ်စစ်ပစ္စည်းများအပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လိုပါကလည်း ၁ ကီလိုဝပ်အထိ အသုံးပြုနိုင်ပြီး သီးနှံကြိတ်စက်၊ ပဲလှော့စက်၊ နွားစာစဉ်းစက်နှင့် ရေတင်ခြင်းလုပ်ငန်းများပါ အသုံးပြုနိုင်တော့မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

အခုဆိုရင် ရွှေခါးပတ် စတင်ချီးမြှင့်ပေးမယ့် WLC -3 ပြိုင်ပွဲက မကြာမီ ဒီနှစ်ကုန်ပိုင်းမှာ စတင်ကျင်းပဖို့ စီစဉ်နေပါတယ်။ အဲဒီပြိုင်ပွဲက စတင်ပြီးတော့ ကျွန်တော်တို့ မြန်မာလက်ခမောင်းကုမ္ပဏီကလုပ်တဲ့ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေအားလုံးကို Fight Network ကနေတိုက်ရိုက်ထုတ်လွှင့်ပြသပေးနိုင်တော့မှာပါ။ ဒါဟာ ကျွန်တော်တို့ ရိုးရာလက်ဝှေ့အတွက် ဘယ်တုန်းကမှ မလုပ်နိုင်သေးတဲ့ အောင်မြင်မှုတစ်ခုလို့ပြောလို့ရပါတယ်”ဟု မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ဦးဆောင်စီစဉ် ကျင်းပပေးနေသော မြန်မာလက်ခမောင်းကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံ ကိုအောင်သူက ပြောသည်။

ရိုးရာလက်ဝှေ့ ပြိုင်ပွဲများကို ဦးဆောင် စီစဉ်ကျင်းပလျက်ရှိသော မြန်မာလက်ခမောင်းသည် ကမ္ဘာ့နာမည်ကြီးတိုက်ခိုက်ရေးပြိုင်ပွဲများကို တိုက်ရိုက်ထုတ်လွှင့်ပြသပေးနေသော Fight Network ရုပ်သံနှင့် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်သို့ တိုက်ရိုက်ထုတ်လွှင့်နိုင်ရေး နှစ်ဖက်သဘောတူစာချုပ်ကို ပြီးခဲ့သော ရက်ပိုင်းအတွင်းက တစ်နှစ်တာချုပ်ဆိုခဲ့ပြီးဖြစ်သည်။ ယင်း Fight Network ရုပ်သံလိုင်းသည် K 0ne, UFC, One Championship, Glory, Super Kombat, WWE နှင့် အမေရိကန်နိုင်ငံအပါအဝင် အင်အားကြီးနိုင်ငံအချို့တွင် ကျော်ကြားနေသော Ninja Warrior ပြိုင်ပွဲတို့ကို တိုက်ရိုက်ထုတ်လွှင့်ပြသပေးလျက်ရှိသည်။ ယင်းရုပ်သံလိုင်းမှာ ကနေဒါနိုင်ငံ တိုရွန်တိုမြို့ အခြေစိုက်ရုပ်သံကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်ကို တိုက်ရိုက်ထုတ်လွှင့်ပြသပေးလျက်ရှိကြောင်း သိရသည်။

“တကယ်တော့ ရိုးရာအားကစားတစ်ခု ကမ္ဘာ့တစ်ဝန်းပျံ့နှံ့သိရှိဖို့ဆိုရင် ခုနောက်ပိုင်းရုပ်သံလိုင်းတွေမှတစ်ဆင့် ပိုပြီးအဆင်ပြေပါမယ်။ တခြားနည်းလမ်းတွေရှိပေမယ့် တကယ်တော့ ဒီရုပ်သံလိုင်းမှတစ်ဆင့် ပြည်သူတွေကို စိတ်ခံစားမှုအပြည့်ပေးနိုင်တာပါ။ အခုဆိုရင် မြန်မာ့ရိုးရာလက်ဝှေ့ဟာ ပြည်တွင်းမှာလည်း ပြည်သူစိတ်ဝင်စားမှုက ဘောလုံးပြီး ဒုတိယနေရာမှ ရပ်တည်လာသလို ကမ္ဘာ့နိုင်ငံအတော်များများကလည်း ကာလတိုအတွင်း စိတ်ဝင်စားလာတာတွေ့ရပါတယ်။ အခုလို ရုပ်သံလိုင်းကတစ်ဆင့် ကမ္ဘာ့နိုင်ငံတွေကို ထုတ်လွှင့်ခွင့်ရရင် ပိုပြီးတော့ အလားအလာရှိပါတယ်။ ဒါပေမယ့် ပြည်တွင်းအခမဲ့ ရုပ်သံလိုင်းတွေဖြစ်တဲ့ မြန်မာ့အသံတို့၊ မြဝတီတို့ကနေတစ်ဆင့် လွှင့်ပေးနိုင်ရင်လည်း ရိုးရာလက်ဝှေ့က ပြည်တွင်းမှာပဲ ပထမနေရာကို ရောက်သွားနိုင်ပါတယ်”ဟု ရိုးရာလက်ဝှေ့ဝါသနာရှင်တစ်ဦးဖြစ်သည့် ကိုမြတ်ကိုက သုံးသပ်ပြောသည်။

Fight Network ရုပ်သံလိုင်းသည် ကနေဒါ၊ အမေရိကန်၊ ပေါ်တူဂီ၊ တူရကီ၊ ဘယ်လ်ဂျီယံ၊ မွန်တီနီဂရိုး၊ အန်ဂိုလာ၊ ဆားဘီးယား၊ ဘော့စနီးယား၊ မြောက်အာဖရိကနိုင်ငံများနှင့် အရှေ့အလယ်ပိုင်းအာရပ်နိုင်ငံတို့တွင် ကိုယ်ခံပညာပေါင်းစုံ တိုက်ခိုက်ရေးပြိုင်ပွဲများကို တိုက်ရိုက်ထုတ်လွှင့် ပြသပေးလျက်ရှိသော်လည်း အိမ်နီးချင်းထိုင်းနိုင်ငံမှ ထိုင်းဖိုက်အပါအဝင် မွေထိုင်းပြိုင်ပွဲများကို ထုတ်လွှင့်ပေးခြင်းမရှိကြောင်းနှင့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကိုလည်း ယခုအခါ ပထမဆုံး တိုက်ရိုက်ထုတ်လွှင့်ပေးခြင်းဖြစ်၍ ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်မှ မြန်မာ့ရိုးရာလက်ဝှေ့ကို မကြာမီတွင် စတင်ကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

# မလှိုင်မြို့နေပြည်သူများ ရေဖူလုံစွာသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မလှိုင် ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ရေရရှိမှုမညီမျှခြင်း၊ ရေလုံလောက်စွာ မရရှိခြင်းများဖြစ်ပေါ်နေကြောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထိုအခက်အခဲများ ဖြေရှင်းနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းတွေကို ကြိုးကြပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိမ်သွယ် ရေသုံးစွဲမှု တိုးတက်များပြားလာပါတယ်။ ပြီးတော့ ရေပေးရေးလုပ်ငန်းအတွက် ပစ္စည်းတွေကလည်း ကာလကြာလာတာနဲ့အမျှ ယိုယွင်းလာပါတယ်။ ရေရရှိမှုမညီမျှမှုတွေ ရေလုံလောက်စွာမရရှိမှုတွေ ဖြစ်နေပါတယ်။ အခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တင်ဒါခေါ်ယူနိုင်ခဲ့ပါပြီ။ တင်ဒါတင်ထားတာ ကုမ္ပဏီသုံးခုပါ။ တိုင်းက စိစစ်နေပါတယ်။ အဖြေထွက်တော့မှာပါ။ ပြုပြင်တဲ့အပိုင်းမှာ ရေဖြန့်ဝေတဲ့ ပိုက်လိုင်းဟောင်းတွေ တူးဖော်ပြုပြင်လဲလှယ်ခြင်း၊ မြို့ရေပေးရေး၊ လျှပ်စစ်မီးလိုင်း၊ မိန်းခုံများ ပြုပြင်လဲလှယ်ခြင်း၊ ရေဖြန့်ဝေမိန်းဘားတွေ၊ ဂိတ်ဘားတွေ ပြုပြင်လဲလှယ်ခြင်းစတဲ့ ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းတွေကို တင်ဒါခေါ်ယူခြင်း၊ တင်ဒါအောင်မြင်တဲ့ ကုမ္ပဏီနဲ့စည်ပင်သာယာရေးအဖွဲ့က ကြိုးကြပ်ဆောင်ရွက်သွားမှာဖြစ်လို့ မြို့ပေါ်ရပ်ကွက်တွေကို သောက်သုံးရေလုံလောက်စွာဖြန့်ဝေနိုင်တော့မှာပါ။

အသစ်တည်ဆောက်မှုအပိုင်းမှာလည်း ၈ လက်မ ဒိုင်ယာမီတာ စက်ရေတွင်း နှစ်တွင်းတူးဖော်ခြင်း၊ ရေစုကန်ကို ရေပိုက်ဆက်သွယ်ခြင်း၊ ဂါလန် ၈၀၀၀၀ ဆံ့ အမြင့်တင်ရေပို့ကန်ကို တင်ပို့မယ့် အမြင့်တင် ရေတင်ပန့်နဲ့ ရေတင်ပိုက်လိုင်း ဆက်သွယ်ခြင်း၊ ဂါလန် ၈၀၀၀၀ ဆံ့ ရေစုကန်မှ ၈ လက်မဒိုင်ယာမီတာနဲ့ ရေဖြန့်ဝေပိုက်လိုင်းဆက်သွယ် ဆောင်ရွက်တာတွေပါဝင်တဲ့ တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်မှာမို့ သောက်သုံးရေလုံလောက်စွာဖြန့်ဝေနိုင်တော့မှာ ပါ” ဟု မြို့ပြအင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက ဆိုသည်။

မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးဝေရေးလုပ်ငန်းအား ကြီးကြပ်လုပ်ဆောင်မည်ဖြစ်သဖြင့် ရေရရှိမှု ညီမျှမည့်အပြင် သောက်သုံးရေလုံလောက်စွာ ရရှိမည့်အပေါ် ပြည်သူများ ပျော်ရွှင်ဝမ်းမြောက်နေကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

*ကျောဖုံးမှ*

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ လေးပေခွဲခန့်နှင့် ဟုမ္မလင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ခန္တီးမြို့၌ တစ်ပေခန့်နှင့် နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၌ တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲ ဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပဒေသာကပွဲဖြစ်မြောက်ရေးအတွက် ကော်မတီဖွဲ့စည်းပြီးဖြစ်ကြောင်း၊ အဖွဲ့အစည်းအလိုက်၊ ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ညှိနှိုင်းပေါင်းစပ်နိုင်ရန် ယခုအစည်းအဝေးကို ခေါ်ယူရခြင်းဖြစ်ကြောင်း၊ ပဒေသာကပွဲ ဖြစ်မြောက်ရေးအတွက် အဖွဲ့အစည်းအသီးသီးက တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်မှုကို ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ရခြင်းဖြစ်၍ အားလုံး ဆက်လက်ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒါရိုက်တာ မောင်သီက ဖြည့်စွက်ဆွေးနွေးပြီး လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် မြန်မာနိုင်ငံဂီတအစည်းအရုံး၊ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ဖြည့်စွက်ဆွေးနွေးသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲကို စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး**

# မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲဟာ ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာက အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်

ရန်ကုန် ဩဂုတ် ၁၄

**မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲကို လာမည့်စက်တင်ဘာ ၁၅ ရက်နှင့် ၁၆ ရက် ည ၇ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်သည်။**



ဒါရိုက်တာ
မောင်သီ



ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ
ဦးအောင်ခိုင်



ဇာတ်မင်းသား
ဖိုးချစ်

ပဒေသာကပွဲတွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက "ဘုမသိဘမသိ" ပြဇာတ်ကို ထည့်သွင်းတင်ဆက်သွားမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ သဘင်အစည်းအရုံးကလည်း ဒီမိုကရေစီအစ ဘုရားရှင်လက်ထက်တော် ဝေသာလီက အော်ပရာကို ထည့်သွင်းတင်ဆက်နိုင်ရန် စီစဉ်လျက်ရှိသည်။

ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည့် မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပဒေသာကပွဲကျင်းပရေးအတွက် အနုပညာအလွှာအသီးသီးက ပါဝင်ဆွေးနွေးခဲ့ကြသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်၊ ပဒေသာကပွဲအစီအစဉ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဒါရိုက်တာမောင်သီ**
**ပဒေသာကပွဲဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ**

မြန်မာ့ဒီမိုကရေစီပွဲတော်ရဲ့လက်ရှိအခြေအနေက အားရစရာကောင်းပါတယ်။ ဒါက ကော်မတီရဲ့ပထမဆုံးအစည်းအဝေးဖြစ်ပါတယ်။ အားလုံး တက်တက်ကြွကြွပါဝင်ကြတယ်။ သူ့အဖွဲ့နဲ့သူ ဆက်လုပ်နေတဲ့ လုပ်ငန်းစဉ်လေးတွေ ချပြကြတယ်။ ဒီနေ့အစည်းအဝေးမှာ အဓိကက ဘယ်သူတွေကမယ်။ ဘယ်သူတွေပါမယ်။ အစမ်းလေ့ကျင့်မှု ဘယ်နေ့တွေဘယ်လိုလုပ်မလဲ၊ နောက်ဘာတွေ ပံ့ပိုးပေးရမလဲဆိုတာတွေ တိုင်ပင်ကြတာပေါ့။ အသေးစိတ်တွေ ထွက်လာပါတယ်။ ပဒေသာကပွဲက ဩဂုတ် ၁၅ ရက်နဲ့ ၁၆ ရက် အမျိုးသားဇာတ်ရုံမှာ ည ၇ နာရီ ပဒေသာကပွဲ စပါမယ်။ စချင်း ဂီတဘက်က မြန်မာ့အသံထွက်ပါမယ်။ ပြီးရင် သဘင်က အော်ပရာကပါမယ်။ အော်ပရာက ဒီမိုကရေစီဆိုတာ ကမ္ဘာမှာ ဂရိက စတယ်လို့ ပြောပါတယ်။ တကယ်တော့ ဘုရားရှင်လက်ထက် ဝေသာလီက စခဲ့တာပါ။ အထောက်အထားတွေ ရှိပါတယ်။ အဲဒါကို တင်ပြမှာပေါ့။ ဒါတွေကို သဘင်ကလည်း သေချာပြင်ဆင်နေပါတယ်။ အဲဒါပြီးရင် နိုင်ငံကျော် စတီရီယိုတေးသံရှင်တွေဆိုပါမယ်။ အဲဒါပြီးရင် ဒီမိုကရေစီနဲ့ပတ်သက်တာ ရုပ်ရှင်က ပြဇာတ်ကမယ်။ နောက်ဆုံး သဘင်ရဲ့နှစ်ပါးသွားနဲ့ သိမ်းပါမယ်။ တစ်ရက်နဲ့တစ်ရက် လူလည်းမတူအောင် ပရိသတ်က နှစ်ရက်လုံးလာကြည့်လို့ရတယ်။ TV ကြည့်ပရိသတ်လည်း ဒီအတိုင်းပဲ။ မတူအောင် စီစဉ်ထားပါတယ်။

ဝင်ကြေးကို အားလုံးကြည့်လို့ရအောင် ငွေကျပ် ၃၀၀၀၊ ငွေကျပ် ၅၀၀၀ သတ်မှတ်ထားတယ်။ မြန်မာ့ဒီမိုကရေစီပွဲတော်ကို စက်တင်ဘာ ၁၅ ရက်ကနေ ၂၁ ရက်အထိ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီအချိန် ရုပ်ရှင်ရုံတွေမှာလည်း ဒီမိုကရေစီနဲ့ ပတ်သက်တဲ့ ရုပ်ရှင်ကားတွေ မြန်မာတစ်နိုင်ငံလုံးမှာ ပြပါမယ်။ ညဘက်တွေမှာ အမျိုးသားဇာတ်ရုံမှာ ရုပ်ရှင်ဂီတသဘင် ဖျော်ဖြေရေးတွေလုပ်မယ်။ ၂၀ ရက်နဲ့ ၂၁ ရက် မှာ အငြိမ့်ပြိုင်ပွဲတွေ လုပ်မယ်။ လာတဲ့သူတွေကိုလည်း စာစောင်တွေဝေမယ်။ ရုပ်ရှင်ရုံမှာလည်း ပဒေသာကပွဲ လက်မှတ်တွေရောင်းမယ်။ သဘင်၊ ရုပ်ရှင်၊ ဂီတပြပွဲတွေ ညမှာရှိတယ်ဆိုတဲ့အကြောင်းကို ရုပ်ရှင်လာကြည့်တဲ့သူတွေကို ပြန်ညွှန်းမယ်။ မြန်မာပြည်သူ ပြည်သားတွေအတွက် ပွဲတော်ကြီးကို တစ်ပတ်လုံး ကျင်းပတယ်ဆိုတာ ရှားပါလိမ့်မယ်။ အားလုံး ပျော်ပျော်ပါးပါးကြီးပေါ့။

**ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးအောင်ခိုင် (မြန်မာ့ဒီမိုကရေစီပွဲတော် ပဒေသာကပွဲဖြစ်မြောက်ရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်)**

မြန်မာ့ဒီမိုကရေစီပွဲတော် ကပွဲမှာ ရုပ်ရှင်အစည်းအရုံးကနေ ပြဇာတ်တစ်ပုဒ် တင်ဆက်ပါမယ်။ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)က စီစဉ်ထားတာပါ။ ပြဇာတ်နာမည်က "ဘုမသိဘမသိ" အမည်ပေးထားပါတယ်။ ဟာသလေးလည်းပါမယ်။ သရုပ်ဆောင်အနေနဲ့က ဦးလူမင်းနဲ့ မင်းသား မင်းသမီးငါးယောက် ပါဝင်သရုပ်ဆောင်မှာပါ။ မိဘနဲ့သားသမီးတွေ ဒီမိုကရေစီဆိုတာကို ဘုမသိဘမသိနဲ့ ပြောနေတဲ့ကလေးတွေအတွက် ပညာပေးလေးတွေနဲ့ တင်ဆက်မှာဖြစ်ပါတယ်။ ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဒီမိုကရေစီပွဲတော်မှာ တစ်တပ်တစ်အားအနေနဲ့ ပါဝင်ကူညီခြင်း ဖြစ်ပါတယ်။ ဒီမိုကရေစီပွဲတော်ကို ပါဝင်ကူညီတဲ့ထဲမှာလည်း အဓိကသရုပ်ဆောင်တွေရော၊ တာဝန်ရှိတဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တာဝန်ရှိတဲ့ သရုပ်ဆောင်တွေရော အဓိကသရုပ်ဆောင်တွေ၊ ဇာတ်ပို့ဇာတ်ရံတွေအကုန်လုံး အားဖြည့်ပြီး ကူညီကြတာပါ။ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ပါဝင်ကူညီရတဲ့အတွက် တကယ်လည်း ဂုဏ်ယူမိပါတယ်။

ဒီမိုကရေစီဆိုတဲ့ စကားလုံးငါးလုံးရဲ့နောက်မှာ ကျယ်ပြန့်မှုတွေ အများကြီးရှိတယ်ဆိုတာ တချို့ကလေးတွေ နားမလည်ကြသေးဘူး။ နောက်ပြီး ဒီမိုကရေစီဆိုတာ တစ်ဦးချင်း တစ်ယောက်ချင်း စည်းကမ်းရှိမှုအပေါ်မှာ အများစုနဲ့ပတ်သက်လာတဲ့ စကားလုံးလေးဖြစ်တယ်ဆိုတာ နားလည်စေချင်တဲ့အတွက် ဒီပြဇာတ်ကို တင်ဆက်ကပြတဲ့နေရာမှာ တစ်နေရာကနေ ဝန်းရံတဲ့အနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ ဒီပွဲက ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့ နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာက အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဇာတ်မင်းသား ဖိုးချစ်**
**မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ**

သဘင်ပညာရှင်များအစည်းအရုံးအနေနဲ့လည်း ကိုယ့်အတွက်ပေးထားတဲ့ အချိန်ပေါ်မူတည်ပြီးတော့ သဘင်ဖျော်ဖြေမှုပုံစံလေးဖြစ်အောင် ပြင်ဆင်ထားပါတယ်။ တေးဂီတအော်ပရာကို ဒီမိုကရေစီနဲ့ပတ်သက်တဲ့ Message ပေးနိုင်ဖို့ပြင်ထားပါတယ်။ နှစ်ပါးကတဲ့နေရာမှာလည်း သီချင်းတွေက ဂုဏ်ပြုတာရယ်၊ ဖျော်ဖြေရုံသက်သက်မဟုတ်ဘဲ ဖျော်ဖြေမှုထဲမှာ တွေးစရာတွေကို ပြည်သူလူထုအတွက် ချပြပါမယ်။ ဒါတွေပါအောင် ကြိုးစားထားပါတယ်။

**တွေ့ဆုံမေးမြန်း-ဥမ္မာသန့်၊ ဓာတ်ပုံ-လှမိုး**




မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ-စင်ကာပူအမျိုးသားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမှုကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ မြို့တော်ခန်းမရှေ့တွင် ပြသခဲ့ရာ ဘောလုံးဝါသနာရှင်များ၊ ပြည်သူများ လာရောက်ကြည့်ရှုအားပေးစဉ်

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# မြစိမ်းရောင်ကျေးရွာ ကော်မတီများဖွဲ့စည်း

**ကျိုက်ထို ဩဂုတ် ၁၄**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရန် သုံးအိမ်စုကျေးရွာ၊ မဲရုံးလေးကျေးရွာ၊ ကွင်းကလေးကျေးရွာနှင့် စွပ်ပွန်းကျေးရွာ စုစုပေါင်းလေးရွာရှိပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲအပ်နိုင်ရေးအတွက် ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီများ ဖွဲ့စည်းပေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းရှင်ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ကျိုက်ထိုမြို့နယ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ထိ မြစိမ်းရောင်ကျေးရွာပေါင်း ၁၄ ရွာရှိပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း ၄၂၀၀ ရှိပြီး ဖြစ်သည်။ ယင်းရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဗထူး**

# တက္ကသိုလ်ဝင်တန်းသင်ရိုးညွှန်းတမ်းအပေါ်မူတည်ပြီး လက်ရှိဘာသာတွဲစနစ်ကို လိုအပ်သလိုပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည်

**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ ကျင်းပစဉ်

### ပြန်လည်စစ်ဆေးရန်

အစည်းအဝေးတွင် မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၏ **(၄)တန်းနှင့်(၈)တန်းများကို သက်ဆိုင်ရာကျောင်းများတွင်သာ အတန်းတင်စာမေးပွဲစစ်ရန်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းများကို အခြေခံပညာတွင် တာဝန်ထမ်းဆောင်နေကြသော ဆရာကြီး၊ ဆရာမကြီးများကို တာဝန်ပေးရန်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲမေးခွန်း ဘာသာတွဲ(၈)တွဲမှ မလိုအပ်သော ဘာသာတွဲများကို ဖြုတ်သိမ်းရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက Grade -5 နှင့် Grade-9 စာမေးပွဲများကို သက်ဆိုင်ရာကျောင်းများတွင် စစ်ဆေးသည့် ကျောင်းစစ်အတန်းတင်စာမေးပွဲများအဖြစ် ပြန်လည်စစ်ဆေးရန် လက်ရှိအခြေအနေတွင် အစီအစဉ်မရှိပါကြောင်း။

တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် နိုင်ငံတော်အဆင့် စာမေးပွဲဖြစ်ပြီး တက္ကသိုလ်မှ သင်ရိုးညွှန်းတမ်းဆိုင်ရာ ဘာသာရပ်ဥက္ကဋ္ဌ၊ ဘာသာရပ်စာစစ်မှူးချုပ်များက မေးခွန်းများကိုပြုစုပြီး စစ်ဆေးဆောင်ရွက်နေသည့် စာမေးပွဲဖြစ်ပါကြောင်း၊ အခြေခံကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် အထက်တန်းအဆင့် သင် ဆရာ၊ ဆရာမများသည် ဘာသာရပ်အလိုက် အဖြေလွှာစစ်ဆေးသည့် တာဝန်ကိုသာယူကြရပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်အဆင့် တက္ကသိုလ်ဝင်ခွင့်ကို ရည်ရွယ်ပြီးစစ်ဆေးသည့် စာမေးပွဲဖြစ်သည့်အတွက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းများကို အခြေခံပညာအဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမကြီးများကို တာဝန်ပေးရန် အစီအစဉ်မရှိပါကြောင်း။

ဘာသာတွဲ(၈)ခုနှင့် စပ်လျဉ်းပြီး အခြေခံပညာဖွဲ့စည်းပုံသစ် KG+ 12 (KG + 5 + 4 + 3)စနစ်သစ်အရ အခြေခံပညာအထက်တန်းအဆင့်တွင် အတန်းအဆင့်(၃)တန်းဖြစ်လာမည် ဖြစ်သည့်အတွက် သင်ရိုးညွှန်းတမ်း၊ အညွှန်းဘောင်သစ်နှင့်အညီ မသင်မနေရ ဘာသာရပ်များနှင့် ရွေးချယ်သင်ယူရမည့် ဘာသာရပ်များရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းအပေါ်မူတည်ပြီး လက်ရှိဘာသာတွဲ စနစ်ကို လိုအပ်သလို ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### သီးသန့်ခန့်ထားပေးရန်

ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ၏ **အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် စာကြည့်တိုက်တာဝန်ခံ သို့မဟုတ် ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမများ ခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် လိုအပ်သည့် သင်ကြားရေး ဆရာ၊ ဆရာမများကို ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဦးစားပေးခန့်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်၍ အခြေခံပညာအလယ်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင်ရှိသည့် ကျောင်းစာကြည့်တိုက်များအတွက် စာကြည့်တိုက် တာဝန်ခံ သို့မဟုတ် ကျောင်းစာကြည့်တိုက် ဆရာ၊ ဆရာမများ သီးသန့်ခန့်ထားပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း၏ **မတူပီမြို့နယ် အ.ထ.က(ခွဲ)ဖနိုင် ကျောင်းဆောင် အမှတ်(၁) အန္တရာယ်ဆောင်အား ဖြိုဖျက်ခွင့်ပြုရန်နှင့် တိုးချဲ့ဆောင်သစ် လေးခန်းတွဲ နှစ်ထပ်စာသင်ဆောင် (သံကူကွန်ကရစ်)အား ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာဦးစီးဌာနအနေဖြင့် အန္တရာယ်ဆောင်ဖြစ်နေသည့် ကျောင်းဆောင်အမှတ်(၁)ကို ဖျက်သိမ်းပြီး ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် လိုအပ်သည့်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်နှင့် ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်းတို့၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းများကိုလည်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

### ဆွေးနွေး

ထို့နောက် တနိုင်းမဲဆန္ဒနယ် ဦးလင်းလင်းဦး တင်သွင်းထားသည့် **"ကချင်ပြည်နယ် တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် တရားမဝင်ရွှေမှော်နှင့် ပယင်းမှော်များ တူးဖော်ဆောင်ရွက်နေမှုများကို ယခုလို နောင်အခါမဖြစ်ရအောင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရတို့က ထိထိရောက်ရောက်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ မိုးကောင်းမဲဆန္ဒနယ်မှ ဦးဝင်းနိုင်၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒုတိယ ဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးရဲထွန်း၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်နှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆွေတို့က ဆွေးနွေးကြသည်။

### ဖြေရှင်းရန်လိုအပ်

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်က "နိုင်ငံတော်သည် နိုင်ငံတော်တွင်းရှိ သယံဇာတပစ္စည်းများအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုအစိုးရက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်ကဲ့သို့ မငြိမ်းချမ်းသေးသည့်ဒေသတွင် ပြည်ထောင်စုအစိုးရအနေဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ရန် ခက်ခဲလိမ့်မည်ဖြစ်ပါကြောင်း၊ သယံဇာတထွက်ရှိသည့်အတွက် နေရာအနှံ့မှ တိုင်းရင်းသားပြည်သူ လူမျိုးပေါင်းစုံ ရောက်ရှိနေထိုင်ကြပါကြောင်း၊ လုယက်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ အခွန်ကောက်ခံမှု၊ လူ့အခွင့်အရေးချိုးဖောက်မှု၊ တရားမဝင်မှော်လုပ်ကိုင်နေမှု စသည့်ပြဿနာပေါင်းစုံ ဖြစ်နေသည့် နေရာဒေသဖြစ်သည့်အတွက် ပြဿနာပြေလည်ရေးကို ရှေးရှုသည့် နည်းလမ်းကိုအသုံးပြု၍ ပြည်ထောင်စုအစိုးရ(သို့မဟုတ်)ပြည်နယ်အစိုးရက သွားရောက်ကြပ်မတ်ဖြေရှင်းရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းများ၊ ပယင်းတူးဖော်ခွင့်၊ ရွှေသတ္တုအသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခွင့်များကို ကချင်ပြည်နယ်အစိုးရက တရားဝင် လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် တရားမဝင်ရွှေနှင့် ပယင်းတူးဖော်မှုများ နောင်တွင် ဖြစ်ပွားခြင်းမရှိစေရန် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အစိုးရအဖွဲ့နှင့် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော "ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကပေးပို့သော "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ"နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အဆိုပြုပြင်ဆင်ချက်အပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြ ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။ **ကျော်သူထက်(သတင်းစဉ်)**

# နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့များ၊ တပ်မတော်နှင့်ပူးပေါင်း၍ မေယုတောင်ကြော၌ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၄

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

### သွားရောက်စုံစမ်း

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၃) မှ ဦးခင်မောင်လတ်၏ **ပျောက်ဆုံးနေသော ရသေ့တောင်မြို့နယ် ကျောက်စာတိုင်ရွာသားနှစ်ဦးနှင့် ပတ်သက်၍ တောနင်းရှာဖွေခြင်း၊ အရေးယူစုံစမ်းစစ်ဆေးခြင်းတို့ကို မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်းနှင့် အခင်းဖြစ်ပွားခဲ့သော ရသေ့တောင်မြို့နယ် အနောက်မြောက်ပိုင်းနှင့် မောင်တောမြို့နယ်တောင်ပိုင်း မေယုတောင်ကြောနယ်မြေကို ရှင်းလင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရသေ့တောင်မြို့နယ် ကျောက်စာတိုင်ကျေးရွာနေ ဦးအောင်မြတ်ကျော် ၅၅ နှစ် (ဘ) ဦးကုလားချေနှင့် တစ်အိမ်တည်းအတူနေ ဦးမောင်အေးသာ ၆၀ နှစ် (ဘ) ဦးသာကျော်အောင်တို့နှစ်ဦးသည် မိသားစုစားဝတ်နေရေးအတွက် ခရုရှာရန် ထွက်ခွာသွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိသဖြင့် ကျောက်စာတိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ စေတီပြင်နယ်မြေရဲစခန်းသို့ လာရောက်တိုင်ကြားခဲ့ပါကြောင်း၊ တိုင်ကြားချက်အရ စေတီပြင်နယ်မြေ ရဲစခန်းမှူးနှင့် အဖွဲ့သည် ပျောက်ဆုံးသူ နှစ်ဦးအားရှာဖွေရန် အနီးပတ်ဝန်းကျင် ကျေးရွာများဖြစ်သော သစ်ကတိုး၊ ဇောခိကုန်းနှင့် မီးချောင်းရေသောက်ကျေးရွာများသို့ သွားရောက်စုံစမ်းခဲ့ပါကြောင်း၊ ထို့ပြင် အနီးပတ်ဝန်းကျင် ရဲစခန်းများဖြစ်သော ရသေ့တောင်မြို့မရဲစခန်း၊ မောင်တောမြို့မရဲစခန်း၊ အင်ဒင်နယ်မြေရဲစခန်း၊ ကိုးတန်ကောက်ရဲစခန်းနှင့် အလယ်သံကျော်ရဲကင်းစခန်းများသို့ လူပျောက်ကြော်ငြာများပေးပို့ခြင်း၊ စေတီပြင်နယ်မြေရဲစခန်း လက်အောက်ရှိ ရဲကင်းစခန်းများသို့ အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

### နယ်မြေရှင်းလင်း

ထို့ပြင် စေတီပြင်နယ်မြေရဲစခန်းမှူးနှင့် အဖွဲ့သည် ပျောက်ဆုံးသူနှစ်ဦးနှင့် စပ်လျဉ်း၍ ၎င်းတို့၏ မိသားစုဝင်များ၊ နောက်ဆုံးတွေ့မြင်ခဲ့သူများအား စုံစမ်းစစ်ဆေးချက်အရ ၂၀၁၇ ခုနှစ် ဧပြီ ၂၂ ရက် ညနေ ၃ နာရီတွင် သစ်ကတိုး တောင်လမ်းအဆင်းတွင် တွေ့မြင်ခဲ့ပြီး ပျောက်ဆုံးသူနှစ်ဦးမှ တောင်ကျော်လမ်းမှတစ်ဆင့် ဆားငံချောင်းမြောင်းဘက်သို့ ထွက်ခွာသွားသည်ကို တွေ့မြင်ခဲ့သည်ဟု စုံစမ်းသိရှိရပါကြောင်း၊ စုံစမ်းစစ်ဆေးချက်အရ အခင်းဖြစ်ပွားခဲ့သော နယ်မြေဒေသများဖြစ်သည့် မောင်တောခရိုင် တောင်ပိုင်းနှင့် ရသေ့တောင်မြို့နယ်အတွင်းရှိ မေယုတောင်ကြောဒေသတစ်ဝိုက်အား နယ်မြေခံတပ်ရင်းမှ လှုပ်ရှားအဖွဲ့ဝင်များဖြင့် နယ်မြေရှင်းလင်းခြင်းနှင့် လုံခြုံရေးကင်းလှည့်ခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများ ဝင်/ထွက် သွားလာမှုနှင့် ပတ်သက်၍ သတင်းရရှိမှုအပေါ်မူတည်ကာ တပ်မတော်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ နယ်မြေရဲများနှင့်ပူးပေါင်း၍ နေ့စဉ်နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ၂၀၁၇ ခုနှစ် ဩဂုတ် ၃ ရက်တွင် ကိုင်းကြီး(မြို)ကျေးရွာ၌ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ယာယီရဲကင်းစခန်း တစ်ခု ထပ်မံဖွင့်လှစ်ပြီး အခင်းဖြစ်ရွာပတ်ဝန်းကျင်ရှိ တိုင်းရင်းသားကျေးရွာများ အနီးတစ်ဝိုက်တွင် အမှတ် ၂၅ လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူးဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် တပ်မတော်နှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရသေ့တောင်၊ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည့် မေယုတောင်ကြောတစ်လျှောက် လူသူအရောက်အပေါက်နည်းသော တောင်များ၊ လျှိုများ၊ ချိုင့်ဝှမ်းများတွင် လုံခြုံ ရေးတပ်ဖွဲ့ဝင်များက စဉ်ဆက်မပြတ် ရှင်းလင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လူပျောက်မှုနှင့်ပတ်သက်၍ သတင်းရရှိရေးအတွက် ဆက်စပ်နယ်မြေရဲစခန်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပေါင်းစပ်၍ ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့များသည် တပ်မတော်နှင့်ပူးပေါင်း၍ မေယုတောင်ကြော၌ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ ကျင်းပစဉ်

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၏ **ပဲခူးမြို့နယ် ပဲခူး - တာဝ ဆည်မြောင်းတာလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပဲခူးမြစ်အရှေ့ဘက်ကမ်းတွင် တည်ဆောက်ထားသော ပဲခူး - တာဝ ရေဘေးကာကွယ်ရေးတာသည် ပဲခူးမြို့ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရန်အတွက် ၁၈၈၃ ခုနှစ်က တည်ဆောက်ခဲ့ပါကြောင်း၊

*စာမျက်နှာ ၈ သို့*

# ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့ မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ ပြည်သူများအားတွေ့ဆုံ ငွေကျပ် သိန်း ၄၀၀၀ ကျော်တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်း၊ လယ်ယာသုံးပစ္စည်းများပေးအပ်

**မောင်တော ဩဂုတ် ၁၄**

ရခိုင်ပြည်နယ်၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ် အစိုးရဖွဲ့မှ တာဝန်ရှိသူများသည် ယနေ့နံနက် ၇ နာရီခွဲတွင် စစ်တွေမြို့ မဏိရတနာကျောင်းတိုက်သို့ သွားရောက်ကာ နိုင်ငံတော် ဩဝါဒစရိယ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး ရခိုင်ပြည်နယ်တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားကြသည်။

တင်ပြလျှောက်ထားချက်များနှင့် ပတ်သက်ပြီး ဆရာတော်၊ သံဃာတော်များက ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်ရေး၊ လုံခြုံရေးကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ရေရှည်အကျိုးကိုကြည့်ပြီး ဖော်ဆောင်သွားကြရန် မိန့်ကြားကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ကိုင်းကြီးကျေးရွာသို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများကို နှစ်သိမ့်အားပေးကာ နှစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ စားနပ်ရိက္ခာများနှင့် အက်ဖ်အမ်ရေဒီယိုများ ထောက်ပံ့ပေးအပ်ပြီး ဇူလိုင် ၃ ရက်က အကြမ်းဖက်သတ်ဖြတ်ခံရသည့် မြို့တိုင်းရင်းသားရှစ်ဦး၏ ကျန်ရစ်သူမိသားစုရှစ်စုအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက မိသားစုတစ်စုလျှင် ငွေကျပ်သုံးသိန်းစီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ပေးအပ်ပြီး ကိုင်းကြီး (မြို့) ရွာလမ်းသစ်ဖောက်လုပ်ရန်၊ စာသင်ကျောင်းဆောက်လုပ်ပေးရန်နှင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်ပေးရန်အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရွှေဇဟိုလ် (နတလ) ကျေးရွာတည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောမြို့နယ် သီရိမင်္ဂလာခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။ တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးများက ပြည်ထောင်စုအစိုးရသည် ရခိုင်ပြည်နယ်နှင့် ဘူးသီးတောင်၊ မောင်တောဒေသကို အထူးဒေသအဖြစ် သတ်မှတ်ကာ ခွင့်ပြုရန်ပုံငွေများတိုးမြှင့်ချထားပေးပြီး တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများ၏ နယ်မြေဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ပေးရန် တင်ပြမှုများအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မောင်တောခရိုင်အတွင်းရှိ ကျေးရွာများအတွက် အက်ဖ်အမ်ရေဒီယို အလုံး ၁၀၀၀ ပေးအပ်ရာ လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာက လက်ခံရယူသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မောင်တောခရိုင်အတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာကော်မတီမှ ထောက်ပံ့သော စုစုပေါင်းတန်ဖိုးငွေကျပ် ၃၄၄၈ ဒသမ ၂ သိန်း တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ကုန်ပစ္စည်း နှစ်လစာ ထောက်ပံ့ပေးအပ်ရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လက်ခံရယူသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွက် ထောက်ပံ့သည့် လက်တွန်းစပါးရိတ်စက်တစ်စီးလျှင် ငွေကျပ်၂၅ သိန်းနှုန်းဖြင့် ၁၁ စီးအတွက် ငွေကျပ်၂၇၅ သိန်း၊ စပါးခြွေလှေ့စက်တစ်စီးလျှင် ငွေကျပ် သိန်း ၄၀ နှုန်းဖြင့် သုံးစီးအတွက် ငွေကျပ် သိန်း ၁၂၀၊ 3KVA မီးစက်တစ်လုံးလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့် မီးစက်အလုံး ၂၀ အတွက် ငွေကျပ်သိန်း ၆၀ စုစုပေါင်း ငွေကျပ် ၄၅၅ သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ပေးအပ်ရာ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က လက်ခံရယူသည်။ ယနေ့တွေ့ဆုံပွဲတွင် ပြည်ထောင်စုအစိုးရက ထောက်ပံ့သည့်ပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၃၀၃ ဒသမ ၂ သိန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညှိနှိုင်းခန်းမ၌ မောင်တောမြို့ပေါ်ရှိ အစ္စလာမ်ဘာသာဝင် ရပ်မိရပ်ဖများ၊ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများတွင် လိုအပ်ချက်များ ဆောင် ရွက်ပေးရန်အတွက် ပထမအရစ် ငွေ ကျပ် ၂၉၈ ဒသမ ၆၄၅ သန်းကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ထောက်ပံ့ပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ညနေ ၄ နာရီခွဲတွင် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဘူးသီးတောင်မြို့နယ်မှ ဒေသခံပြည်သူများက နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ပေးရန် တင်ပြမှုများအပေါ် ပြန်လည်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ-အေဝမ်းစိုး၊ မျိုးသူဟိန်း**

## ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာနှင့် ချွတ်ပြင်ကျေးရွာတို့မှ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှု ကုသဆောင်ရွက်ပေး




**အမ်း ဩဂုတ် ၁၄**

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးတပ်ရင်းမှ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဆေးကုသမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လတ်တလော အကြမ်းဖက်မှုများကြောင့် နီးစပ်ရာကျေးရွာများတွင် ပြောင်းရွှေ့နေထိုင်ရာမှ နေရပ်ပြန်လည်ရောက်ရှိလာသော ဒေသခံတိုင်းရင်းသားပြည်သူများအား ဩဂုတ် ၁၂ ရက်တွင် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာ၌ လည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် ချွတ်ပြင်ကျေးရွာ၌လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သွားရောဂါ ၂၁ ဦး၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ခြောက်ဦး၊ အထွေထွေအားနည်းရောဂါ ၁၂၂ ဦး၊ နှလုံးအားနည်းရောဂါ ငါးဦး၊ ဗိုက်အောင့်၊ ဗိုက်နာရောဂါ ၉၆ ဦး၊ သွေးတိုးရောဂါ ၆၁ ဦး၊ ဆီးချိုရောဂါ ခုနစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

အဆိုပါတာတမံမှာ အလျား ၈ မိုင် ၄ ဖာလုံခန့် ရှည်လျားပြီး ပဲခူးမြစ်ကူးတံတားမှ မုန်တိုင်းကျေးရွာအထိ အလျား တစ်မိုင်ခန့်အား ကွန်ကရစ်လမ်းခင်း၍ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ထိန်းသိမ်းလျက်ရှိပါကြောင်း၊ ကျန်ရှိသည့် ၇ မိုင် ၄ ဖာလုံခန့်အား ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းလျက်ရှိပါကြောင်း။

**ပူးပေါင်းကူညီဆောင်ရွက်**

ပဲခူး - တာဝ ဆည်မြောင်းတာလမ်းအား ကွန်ကရစ်လမ်းခင်းရန်မှာ ဌာန၏လုပ်ငန်းသဘာဝအရ တာတမံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ရာတွင် လမ်းမျက်နှာပြင်အား ထိခိုက်ပျက်စီးနိုင်ပြီး မြေသားဖြင့် ပြန်လည်ပြုပြင်ဆောင်ရွက်၍ မရသည့်အတွက် ပြုပြင်ထိန်းသိမ်းစရိတ် ပိုမိုများပြားမည် ဖြစ်သည့်အတွက် ကွန်ကရစ်လမ်းခင်းရန် မသင့်လျော်ပါကြောင်း၊ အဆိုပါတာပေါင်ကို ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်ရန်အတွက် ကျောက်ရေမြေစာ(ရိစာ)ကိုသာ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်သွားသင့်ပါကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှလည်း လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**လျာထားထည့်သွင်း**

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **ကျောက်တော်မြို့နယ် ပီချောင်းနယ်မြေ ကျောက်တော် - စပါးဆိပ်(ပီ) င/တရံလမ်းပေါ် တောင်မူဇီကျေးရွာရှိ ပေ ၈၀ အကျယ် တံတားနှင့် ဝပြန်ကျေးရွာရှိ ပေ ၁၃၀ အကျယ် တံတားနှစ်စင်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သံကူကွန်ကရစ်တံတားဆောက်လုပ်ပေးရန် အစီ အစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၃၂၁ ဒသမ ၉၀ သန်းဖြင့် ကွန်ကရစ်လမ်း ၆ မိုင်၊ ကတ္တရာလမ်း ၁ မိုင် ၃ ဖာလုံ၊ ကျောက်ချောလမ်း ၃ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်တံတား သုံးစင်းနှင့် ရေပြွန်သုံးစင်းတို့အား ဆောင်ရွက်ရန်လျာထားပါကြောင်း။

မေးခွန်းပါ ကျောက်တော်မြို့နယ်အတွင်းရှိ ကွန်ကရစ်တံတားနှစ်စင်းတည်ဆောက်ခြင်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိခဲ့၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားထည့်သွင်း တင်ပြထားပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) မှ ဦးမာန်လောမောင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်သိန်း၏ **ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော် စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ်လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game) ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြရသဖြင့် ယင်းသို့ အကြွေစေ့သုံး လောင်းကစား ဆိုင်များကို စိစစ်ဖော်ထုတ်ပိတ်သိမ်း အရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့က အကြံပြုဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်က** ကမ္ဘာ့နိုင်ငံကြီးများတွင် ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် ကာစီနိုလောင်းကစားရုံကြီးများသည် တိုင်းပြည်အတွက် အခွန်ငွေများစွာ ရှာဖွေထောက်ပံ့နိုင်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများစွာကိုလည်း ပေးနိုင်ပါကြောင်း၊ ထို့ပြင် ချမ်းသာသည့် အာရှနိုင်ငံများဖြစ်သည့် ကိုရီးယား၊ ဂျပန်၊ စင်ကာပူနှင့် ဖိလစ်ပိုင်နိုင်ငံများအထိ ကာစီနိုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြပါကြောင်း၊ မိမိတို့အနေဖြင့် ကောင်းမွန်သော စည်းကမ်း၊ ဥပဒေ၊ ထိန်းချုပ်မှုစနစ်များရှိပါက ကာစီနိုလုပ်ငန်းသည် ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်ပြီး နိုင်ငံ၏ အဓိကဝင်ငွေတစ်ခု ဖြစ်လာနိုင်သည်ကိုလည်း သတိထားကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် ကောင်းကျိုးများပြီး ဆိုးကျိုးနည်းစေနိုင်သည့် နည်းလမ်းကောင်းများကို ရှာဖွေပြုပြင်ဖော်ထုတ်၍ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ဆောင်ရွက် လုပ်ကိုင်သင့်ပါကြောင်း စသည်ဖြင့် အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးအောင်သိန်း၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ဩဂုတ် ၁၆ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်(သတင်းစဉ်)**

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဩဂုတ် ၁၄**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဟိုတယ် နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးအုန်းမောင် တက်ရောက်အမှာ စကားပြောကြားသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီးက မြန်မာနိုင်ငံ ခရီးသွားကဏ္ဍ တွင် ပြည်ပဧည့်သည်ဝင်ရောက်မှုမှာ ၂၀၁၆ ခုနှစ်က ၁ ဒသမ ၉ သန်းသာ ရောက်ရှိခဲ့ပြီး ASEAN နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အဆင့်(၉)တွင်သာ ရပ် တည်လျက်ရှိသဖြင့် လာရောက်သည့် ခရီး သွားဧည့်သည် နည်းပါးနေပါကြောင်း၊ နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းမှ ဆင့်ပွားအကျိုးခံစား ခွင့်ရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်း များရရှိရေး၊ လူနေမှု အဆင့်အတန်းမြင့် မားရေး၊ ခရီးသွားဈေးကွက်ရရှိနိုင်ရန် ဦးဆောင်ဝန်ကြီးဌာနအနေဖြင့် အိမ်နီး ချင်းနိုင်ငံများတွင် ကျင့်သုံးနေသည့် ခရီးသွားလုပ်ငန်း နည်းလမ်းများကို ကျင့်သုံး ဆောင်ရွက်သင့်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ဦးဆောင်အကောင် အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီး ဌာနတစ်ခုအနေဖြင့် ယခုကဲ့သို့ စီးပွား ရေးကို Take Off လုပ်နေသောကာလ တွင် အခြားကမ္ဘာ့နိုင်ငံကြီးများကဲ့သို့ လုပ်ကိုင်နိုင်ခြင်း မရှိသေးသည့်တိုင် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများမှ ကျင့်သုံးနေသော ခရီးသည်လာရောက် ရေး အခြေခံနည်းလမ်းများကို မိမိနိုင်ငံ နှင့် ကိုက်ညီအောင် တီထွင်ဖန်တီး ဆောင်ရွက်သွားလိုပါကြောင်း၊ ခရီးသွား လုပ်ငန်းမြှင့်တင်ရေးအတွက် နိုင်ငံ တကာခရီးသွားပြပွဲများတွင် နိုင်ငံကိုယ် စားပြုခရီးသွား ပြခန်းများ ပါဝင်ပြသ ခြင်း၊ ခရီးသွားဧည့်သည်များအတွက် ပြည်ဝင်ဗီဇာ အလွယ်တကူရရှိစေရေး ဆောင်ရွက်ခြင်း၊ လေကြောင်းလိုင်း ပျံသန်းမှုများ လွယ်ကူချောမွေ့စေခြင်း တို့ဖြင့် ခရီးသွားဧည့်သည် တိုးမြှင့် ရောက်ရှိရေးကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လ အထိ ခရီးသွားဧည့်သည်ရောက်ရှိမှုမှာ ၂၀၁၉၇၄၉ ဦး ဖြစ်ပြီး ယခင်နှစ်ကထက် ၂၂ ရာခိုင်နှုန်း တိုးတက်ရောက်ရှိနေပါ ကြောင်း၊ ယနေ့အစည်းအဝေးသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနမှ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး တက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးနှင့် ပုဂ္ဂလိကကဏ္ဍ မှ ကိုယ်စားလှယ်များအနေဖြင့် အကြံ ဉာဏ်များ၊ အခက်အခဲများကို ပွင့်ပွင့် လင်းလင်း ဆွေးနွေးတင်ပြပေးစေလိုပါ ကြောင်းနှင့် ဆွေးနွေးချက်များသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုး တက်ရေးအတွက် အထောက်အကူပြု ရလဒ်ကောင်းများဖြစ်မည်ဟုယုံကြည်ပါ ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရန်ဝင်း၊ မြန်မာ နိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်မေမြတ်မွန်ဝင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသက်လွင်တိုး၊ မြန်မာနိုင်ငံ ဟိုတယ် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင် မျိုးမင်းဒင်၊ မြန်မာနိုင်ငံ စားသောက် ဆိုင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်တင် မာမြင့်နှင့် မြန်မာနိုင်ငံ အမှတ်တရ ပစ္စည်းထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ပုဂ္ဂလိကဟိုတယ်နှင့် ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များမှ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက် နိုင်ငံတကာသို့ ထိုးဖောက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ် များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများ က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ် များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖိုးကေ(မန္တလေး)နှင့် ရွှေရာမာန်(၁၈၈၆-ကလပ်)အပါအဝင် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအတွက် စာနယ်ဇင်းရှင်းလင်း

**မန္တလေး ဩဂုတ် ၁၄**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ မန္တလေးအောင်သမာဓိစိန်ရွှေရတနာ ဆိုင်နှင့် Ginsomin အဆင့်မြင့်ဂျင်ဆင်းအားဆေးတို့၏ အဓိကကူညီပံ့ပိုးမှုဖြင့် ဆရာဒေသ စီစဉ်သည့် မန္တလာသီရိအားကစားကွင်း၌ ဩဂုတ် ၁၈ ရက်တွင် ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ် ၁၃ ရက်က မန္တလေးမြို့ ၃၅ လမ်း× ၇၆ လမ်းထောင့်ရှိ ကီးမားတင်ဝင်းမင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပွဲစီစဉ်သူ ဆရာဒေသက ပွဲဖြစ်မြောက်ရေးကြိုးပမ်းမှု၊ မြန်မာ့ ရိုးရာလက်ဝှေ့ကြိုးဝိုင်းဒိုင်(အဖွဲ့ချုပ်ဒိုင်) ဆရာဦးမြင့်လွင် (ပန်းတစ်ခိုင်)က လက်ဝှေ့ စည်းမျဉ်း စည်းကမ်းများ၊ အထက်မြန်မာပြည်ရိုးရာလက်ဝှေ့ချန်ပီယံဟောင်း မြွေပွေး သိန်းဇော်က မြန်မာ့ရိုးရာလက်ဝှေ့နှင့် ပတ်သက်၍ မိမိဘဝတစ်လျှောက် တွေ့ကြုံရမှု များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော မီဒီယာများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

ယခုပွဲကို ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီတွင် မန္တလာသီရိအဆင့်မြင့်အားကစားကွင်း မြန်မာ့ရိုးရာလက်ဝှေ့ရုံသစ်ကြီး၌ ဖိုးကေ(မန္တလေး)နှင့် ရွှေရာမာန် (၁၈၈၆-ကလပ်) တွဲဆိုင်း အပါအဝင် တွဲဆိုင်း ၂၀ ထိုးသတ်မည်ဖြစ်ပြီး ငါးချီပွဲ၊ လေးချီပွဲနှင့် သုံးချီပွဲ များပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**




# တောင်ကြီးမြို့ရှိ တက္ကသိုလ်ကျောင်းများမှ ကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ သည် ဩဂုတ် ၁၁ ရက်က တောင်ကြီး ပညာရေးကောလိပ်တွင် ပညာသင်ကြား နေသည့် ကျောင်းသူတစ်ဦးနှင့် ဆေး တက္ကသိုလ်ကျောင်းသူနှစ်ဦးအတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပညာ သင်ကြားရေးစရိတ်အား သက်ဆိုင်ရာ ကျောင်းများမှ ပါမောက္ခချုပ်၊ ကျောင်း အုပ်များထံသို့ ပညာသင်စရိတ်ပေးအပ် ခဲ့သည်။



ဆက်လက်၍ မြန်မာနိုင်ငံအမျိုး သမီးရေးရာအဖွဲ့ချုပ်က ဆောင်ရွက်သည့် ကျေးလက်အမျိုးသမီးဖွံ့ဖြိုးတိုးတက် ရေးစီမံချက်ဝင် ကျေးရွာများဖြစ်သည့် တောင်ကြီးမြို့နယ်နှင့် ပင်းတယမြို့နယ် အတွင်းရှိ ကျေးရွာများသို့သွားရောက် ကာ အမျိုးသမီးစေတနာ့ဝန်ထမ်းများ၊ ဒေသခံ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အာဟာရ နှင့်ပတ်သက်သည့်အကြောင်းအရာများ၊ ပညာရေး၊ ကျန်းမာရေး၊ သက်ကြီးရွယ် အိုစောင့်ရှောက်ရေးစသည့် အကောင် အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းကဏ္ဍများအလိုက် လိုအပ် ချက်များကို ရှင်းလင်းပြောကြားကာ အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေး ကြည့်ရှုပြီး ဒေသခံများ၏ တစ်ပိုင် တစ်နိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်း များဖြစ်သည့် လက်ဖက်လုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ပန်းစိုက်ပျိုးရေး လုပ်ငန်းအစရှိသည့် လုပ်ငန်းများကို လေ့လာကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ဘာစီလိုနာအသင်းသည် တော့တင်ဟမ်ကွင်းလယ်ကစားသမားဟောင်း ပေါ် လင်ဟိုကို တရုတ်ကလပ် ကွမ်ကျို့အဲဗားဂရင်ဒီအသင်းမှ ပေါင် ၃၆ ဒသမ ၄ သန်း (ယူရို သန်း ၄၀) ဖြင့် ခေါ်ယူရန် သဘောတူညီမှုအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။
- ၂၀၁၃ ခုနှစ်တွင် အင်တာမီလန်အသင်းမှ ပေါင် ၈ ဒသမ ၅ သန်းဖြင့် လီဗာပူး အသင်းသို့ ရောက်ရှိလာသော ကော်တင်ဟိုသည် အင်္ဂါနေ့တွင် ဟော်ဖန်ဟိမ်း နှင့်ကစားမည့် ချန်ပီယံလိဂ်ရှုံး/ထွက် ပထမအကျော့ပွဲစဉ်တွင် လီဗာပူးအသင်း၏ ကစားသမားစာရင်းတွင် ပါဝင်ခြင်းမရှိကြောင်း ဘီဘီစီကဖော်ပြသည့် သတင်းအရ သိရသည်။
- မန်ယူအသင်းသည် တနင်္ဂနွေနေ့ ညက ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ် အဖွင့်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းနှင့်ပွဲစဉ်တွင် တိုက်စစ်စွမ်းဆောင်ရည် ပြသ ခဲ့ပြီး ဂိုးမိုးရွာခဲ့ကာ အနိုင်သုံးမှတ်ရယူနိုင်ခဲ့သည်။ အဖွင့်ပွဲစဉ်တွင် နှစ်ဂိုး သွင်းယူနိုင်ခဲ့သော လူကာကူသည် မန်ယူတီဗွီနှင့် အမေးအဖြေတစ်ခုတွင် ဟက်ထရစ်သွင်းယူရန်ဆန္ဒရှိခဲ့ကြောင်း အရွှန်းဖောက်ပြောဆိုခဲ့သည်။ လူကာကူ သည် မတူညီသော ပရီမီယာလိဂ်ကလပ် သုံးသင်းဖြစ်သော ဝက်စ်ဘရွန်း၊ အဲဗာ တန်နှင့် မန်ယူအသင်းတို့၌ ပွဲဦးထွက် ဂိုးသွင်းယူနိုင်သော ကစားသမား ဖြစ်လာခဲ့သည်။

**ဇော်ဇော်**

# မြောင်းမြမြို့တွင် ဖြစ်ပွားခဲ့သည့် လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိ

**မြောင်းမြ ဩဂုတ် ၁၄**

မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် မြဂုဏ်ရည်လမ်းရှိ နေအိမ်တစ်ခုတွင် ဩဂုတ် ၄ ရက် နံနက် ၁၁နာရီ မိနစ် ၂၀ ခန့်က အမျိုးသမီးငယ်တစ်ဦးတည်း နေအိမ်၌ရှိနေစဉ်




လူနှစ်ဦးက နေအိမ်တွင်းသို့ဝင်ရောက်၍ ဓားဖြင့်ထောက်ကာ လုယက်မှု ဖြစ်ပွားခဲ့ပြီး ဖြစ်စဉ်တွင် ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို ဩဂုတ်၁၄ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၄ ရက်က မနှင်းဝင့်အောင်(၂၀ နှစ်)မှာ မိဘများအလုပ်သွား သဖြင့် နေအိမ်တံခါးပိတ်ကာ နေအိမ်အနောက်ဘက်တွင် စာကြည့်နေစဉ် နှာခေါင်း စည်း အနက်များတပ်ဆင်ထားသည့် အမျိုးသားနှစ်ဦး ဝင်ရောက်လာပြီး ငွေကျပ် ၇၅ သိန်းနှင့် ဖုန်းနှစ်လုံးကိုယူဆောင်ကာ မနှင်းဝင့်အောင်အား အော်ရင်သတ်ပစ်မည် ဟု ခြိမ်းခြောက်ကာ အဆိုပါအမျိုးသားနှစ်ဦးအား အမျိုးသမီးတစ်ဦးက ဆိုင်ကယ်ဖြင့် ခေါ်ဆောင်သွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ၁၀ ရက်အကြာ ဩဂုတ် ၁၄ ရက်တွင် မြောင်းမြမြို့နယ်ရဲတပ်ဖွဲ့က ပြစ်မှုကျူးလွန်ခဲ့ကြသည့် ဟာစင်း၊ ဇင်ကြီးနှင့် ကြံရာပါ နှင်းရည်လွင်တို့ကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ ခဲ့ကြောင်း သိရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မြောင်းမြမြို့မရဲစခန်းမှ ဟာစင်း(ခ) မောင်မင်းထက် (၁၈ နှစ်) အမှတ်(၁၀)ရပ်ကွက်နှင့် ဇနီးဖြစ်သူ နှင်းရည်လွင်(၁၈ နှစ်)နှင့် ဇင်ကြီး(ခ) ဘာဘူလေး(ခ) ဇင်သူ (၁၈ နှစ်)မရမ်းကုန်းရပ်ကွက်နေသူတို့အား အမှုဖွင့်ထား ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# တောင်တွင်းကြီး၌ တစ်ကိုယ်တော်လမ်းလျှောက် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

**တောင်တွင်းကြီး ဩဂုတ် ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး



မြို့နယ် ချောင်းနက်(အရှေ့စု)ကျေးရွာနေ ဦးစံသိန်း(၉၀ နှစ်)သည် ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီ ၅ မိနစ်ခန့်က သက်ဆိုင်ရာခွင့်ပြုချက်ဖြင့် 'သီးစား သမားကို မြေပိုင်ရှင်သဘောထားပြီး ပိုင်ဆိုင်ခွင့်ပေးခြင်းသည် မဖြစ်နိုင် ကြောင်း'တစ်ကိုယ်တော် ဆန္ဒဖော်ထုတ် ခဲ့သည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် တောင်တွင်း-အောင်လံ ကားလမ်း အတိုင်း၊ မြို့လယ်လမ်းဆုံမှ ပုဏ္ဏာဝတီ လမ်းအတိုင်း မြို့နယ်တရားရုံးရှေ့ လမ်းပေါ်အထိ လမ်းလျှောက်ကာ နံနက် ၁၀ နာရီ မိနစ် ၂၀ အထိ ဆန္ဒဖော်ထုတ်ခဲ့ ကြောင်း သိရသည်။ **(ဝ၈၅)**

# တရားဥပဒေစိုးမိုးရေးအတွက် လူထုအခြေပြုအဖွဲ့များနှင့် ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအတွင်း မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ပြည်သူလူထုကိုအခြေခံသည့် ရပ်ကွက်အခြေပြုလုံခြုံရေးအဖွဲ့များနှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်းကာ ရပ်ကွက်လုံခြုံရေးကို စီမံချက်အသွင်ဖြင့် ဩဂုတ် ၁ ရက်မှစ၍ ပြန်လည်ဆောင်ရွက်ခဲ့ရာ ပြည်သူနှင့်ရဲတပ်ဖွဲ့ ဟန်ချက်ညီစွာဆောင်ရွက်နိုင်မှု၏ အကျိုးရလဒ်အဖြစ် ယခုလပိုင်းတွင် မြို့နယ်များအတွင်း၌ မှုခင်းဖြစ်ပွားမှု သိသာစွာကျဆင်းခဲ့ကြောင်း သိရသည်။

ဤကဲ့သို့ ခရိုင်လေးခုအတွင်း တရားဥပဒေစိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က "ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ် ဇွန် ၁၄ ရက်က စတင်ဆောင်ရွက်ခဲ့တဲ့ ရပ်ရွာအခြေပြုအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နဲ့ တိုင်းဒေသကြီးရဲတပ်ဖွဲ့တို့ ပူးပေါင်းပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ မှုခင်းကျဆင်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတာပါ။ ယနေ့ သဃ်န်းကျွန်းမြို့နယ်မှာရှိတဲ့ ရပ်ကွက်အုပ်ချုပ်ရေး၊ မြို့မိမြို့ဖတွေနဲ့ တက်ကြွစွာပါဝင်ဆောင်ရွက်တဲ့ လူငယ်တွေ၊ လှည့်ကင်းစိုးမိုးနေတဲ့ ရဲတပ်ဖွဲ့ဝင်တွေရဲ့ မြို့နယ်အတွင်း ပူးပေါင်းဆောင်ရွက် လုပ်ဆောင်တာကို လိုက်လံကြည့်ရှုအားပေးတာပါ။ ပြီးခဲ့တဲ့ ရက်(၁၀၀)စီမံချက်မှာလည်း ဒီလိုဆောင်ရွက်လိုက်တဲ့အတွက် အမှုတစ်ခုဖြစ်ရင်ချက်ချင်းသိလို့ ချက်ချင်းပဲ ထိန်းသိမ်းဆောင်ရွက်ခဲ့နိုင်တယ်။ မှုခင်းဖြစ်ပေါ်ရင်လည်း သတင်းရရှိတာနဲ့အမျှ အချိန်နဲ့တစ်ပြေးညီ ဖော်ထုတ်ဖမ်းဆီးနိုင်တာဟာ ပြည်သူရဲ့ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုအားကြောင့်ဆိုတာ ရက်(၁၀၀)အတွင်းမှာ တွေ့မှာပါ။ ပြည်သူအားလုံးဟာ ပြည်တွင်းလုံခြုံရေးပါပဲ။ ပြည်သူနဲ့ ရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုကို ထဲထဲဝင်ဝင် အသိအမှတ်ပြု ဆောင်ရွက်လာတဲ့အတွက်လည်း ကျွန်တော်တို့ အခုလိုအောင်မြင်ခဲ့တဲ့အပေါ်မှာ ရပ်ကွက်အုပ်ချုပ်ရေးနဲ့ ပြည်သူများကို အထူးပဲ အလေးထားကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားသည်။

သဃ်န်းကျွန်းမြို့နယ်ရှိ ရပ်ကွက်အခြေပြုအဖွဲ့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးက ဩဂုတ် ၁ ရက်တွင် ပြန်လည်အကောင်အထည်ဖော်သော ရှေ့ပြေးစီမံချက်စသည့်နေ့မှစ၍ ည ၁၂ နာရီမှ ၁ နာရီကြားအထိ ရပ်ကွက်လုံခြုံရေးကို ဆောင်ရွက်ပြီး ရပ်ကွက်အတွင်း ညပိုင်းဖြစ်ပွားသော ကိစ္စရပ်များကို ရဲတပ်ဖွဲ့ဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ကွက်၏အချို့နေရာတို့တွင် CCTV ကင်မရာများကို ထောက်ပံ့ငွေဖြင့် တပ်ဆင်ထားကြောင်းနှင့် ရပ်ကွက်နေပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်သည် မှုခင်းကျဆင်းရေးအတွက် အဓိကအခန်းကဏ္ဍတွင်ရှိနေကြောင်း ပြောကြားသည်။



တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးသည် လှည့်ကင်းအဖွဲ့များနှင့်အတူ ခရိုင်လေးခရိုင်အတွင်း ရှိ ရပ်ကွက်အခြေပြုအဖွဲ့များကို လှည့်လည်ကြည့်ရှုကာ အဖွဲ့ဝင်များနှင့် ရင်းနှီးစွာတွေ့ဆုံ၍ လိုအပ်ချက်များမေးမြန်းခြင်းနှင့် လှည့်လည်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက် ညပိုင်းက အရှေ့ပိုင်းခရိုင်အတွင်းမှ မြို့နယ်သုံးမြို့နယ်သို့ သွားရောက်ခဲ့သည်။

သာကေတမြို့နယ်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးတစ်ဦးကလည်း ယခုလို တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက လှည့်လည်အားပေးမှုအပေါ် ဝမ်းသာပီတိဖြစ်ရကြောင်း၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရာတွင် နိုင်ငံသားတစ်ဦးအနေဖြင့် ပါဝင်ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် ဖြစ်ပေါ်နေသော အခြေအနေအရ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ အစဉ်လက်တွဲပူးပေါင်းဆောင်ရွက်မည်ဆိုပါက မှုခင်းများ အမှန်တကယ် လျော့ကျသွားစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးလွင်က ၄င်းတာဝန်ယူဆောင်ရွက်နေသော ခရိုင်အတွင်း တရားဥပဒေစိုးမိုးရေး လှုပ်ရှားဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ယခုလို ပြောကြားသည်။

"အရှေ့ပိုင်းခရိုင်မှာ မြို့နယ် ၁၄ မြို့နယ်ထဲက ကိုးမြို့နယ်ကို ရပ်ရွာအခြေပြုအဖွဲ့တွေနဲ့ လုံခြုံရေး ၊တရားဥပဒေစိုးမိုးရေးကို ၂၀၁၆ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့တာပါ။ ယခုနှစ်မှ ဩဂုတ် ၁ ရက်ကစပြီး လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို အရှိန်အဟုန်နဲ့ အုပ်ချုပ်ရေးအဖွဲ့၊ ရပ်မိရပ်ဖတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေအနေနဲ့လည်း ရဲတပ်ဖွဲ့လုပ်ငန်းများနဲ့ ရပ်ရွာအခြေပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာမှာ အစစအရာရာ အားစိုက်ပြီးဆောင်ရွက်ဖို့ အသိပေးညွှန်ကြားထားပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မှုခင်းဖြစ်ပွားမှု ဒုတိယအများဆုံးဖြစ်သော တောင်ဒဂုံမြို့နယ်မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေးကလည်း "တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရဲ့ လမ်းညွှန်မှုနဲ့ ဒဂုံတောင်မြို့နယ်အတွင်း မှုခင်းကျဆင်းရေးကို ဆောင်ရွက်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၄၅ မြို့နယ်မှာ ဒဂုံတောင်မြို့နယ်ဟာ လူဦးရေ ဒုတိယအထူထပ်ဆုံးနဲ့ မှုခင်းဒုတိယအများဆုံးဖြစ်ပွားရာမြို့နယ်လည်း ဖြစ်တယ်။ ၂၀၁၅-၂၀၁၆ မှာဆိုရင် လူသတ်မှု ၁၀ မှုအထက်မှာပဲ ရှိခဲ့တယ်။ ယခုနှစ်မှာလည်း တကယ်မဖြစ်သင့်ဘဲ ဖြစ်ပွားရတဲ့ လူသတ်မှုတွေဖြစ်ပွားတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့နှစ်က ရှေ့ပြေးစီမံချက် လေးမြို့နယ် စတင်ရာမှာ ဒီမြို့နယ်လည်း ပါဝင်ခဲ့ပါတယ်။ စီမံချက်စတင်စဉ်ပဲ လူနေထူထပ်တဲ့ရပ်ကွက်တွေမှာ လူသတ်မှုတွေ ဖြစ်ပွားခဲ့တယ်။ ရဲတပ်ဖွဲ့နဲ့ ရပ်မိရပ်ဖတွေ၊ ရပ်ကွက်အခြေပြုအဖွဲ့တွေနဲ့ အရှိန်မြှင့်ပြီး တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ခဲ့တဲ့အတွက် လူသတ်မှုကျဆင်းပြီး ဒီနှစ်မှာ ယခုလအထိ ငါးမှုပဲဖြစ်ပွားတာကို တွေ့ရမှာပါ။ (၃၂)ရပ်ကွက်မှာ အဓိကကျတဲ့ မိန်းလမ်းမကြီးတွေပေါ်မှာ ရပ်ရွာအခြေပြုအဖွဲ့တွေနဲ့ ညပိုင်းလုံခြုံရေးကို ဆောင်ရွက်နေပါတယ်။ CCTV ကိုးလုံးကိုလည်း အဓိကနေရာတွေမှာ တပ်ဆင်ထားပြီးတော့ တစ်မြို့နယ်လုံး လွှမ်းခြုံနိုင်ဖို့လည်း ညှိနှိုင်းဆောင်ရွက်နေပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးလှုဝေကလည်း တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ပြည်သူတို့ လိုလားတောင့်တနေသော တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူများလည်း ပူးပေါင်းပါဝင်မှသာ အောင်မြင်မည်ကို သုံးသပ်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြခဲ့ပြီး ရပ်ရွာအခြေပြုလုံခြုံရေး ရှေ့ပြေးစီမံချက်အဖြစ် လေးမြို့နယ်တွင် ၂၀၁၆ ခုနှစ် ဇွန်လက စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိတွင် ၂၅ မြို့နယ်၌ ရှေ့ပြေးစီမံချက်ကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း အသိအမှတ်ပြုသည့်အနေဖြင့် တစ်မြို့နယ်လျှင် ကျပ်သိန်း ၁၀၀ စီ ထောက်ပံ့ပေးခဲ့၍ နောက်ပိုင်းတွင် သိန်း ၅၀ စီကိုလည်း ထပ်မံထောက်ပံ့ပေးခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေများကို လုံခြုံရေးဆောင်ရွက်ရန် အမိုးအကာနှင့် လိုအပ်သော ပစ္စည်းများ၊ မြို့နယ်အတွင်း CCTV တပ်ဆင်ခြင်းတို့အတွက် အသုံးပြုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က လူသတ်မှု ၁၁၂ မှုဖြစ်ပွားခဲ့ပြီး ယခုနှစ်တွင် ဩဂုတ် ၁၂ ရက်အထိ လူသတ်မှု ၉၂ မှုသာ ဖြစ်ပွား၍ ရပ်ရွာအခြေပြုအဖွဲ့များနှင့် ရဲတပ်ဖွဲ့တို့၏ မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်မှု အကျိုးရလဒ်ပင်ဖြစ်ကြောင်း၊ လုယက်မှု၊ ဖောက်ထွင်းမှုနှင့် ခိုးပြုမှုများလည်း သိသာစွာကျဆင်းသွားပြီး ထပ်မံကျဆင်းရန်အတွက် ပြည်သူတို့အနေဖြင့် ရဲတပ်ဖွဲ့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ရန် အကူအညီတောင်းခံပါကြောင်းလည်း ရဲမှူးလှုဝေက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ရပ်ကွက်အခြေပြုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်မှသာ ဒုစရိုက်မှုများကျဆင်းမည်ကို သုံးသပ်၍ အကောင်အထည်ဖော်ခဲ့သော တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က "တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေနဲ့က ရဲတပ်ဖွဲ့ဝင်အင်အား ၆၀၀၀ နီးပါးပဲရှိတယ်။ စာရေးဝန်ထမ်းကအစ အားလုံးကို ဆိုလိုတာပါ။ ၂၀၁၄ သန်းခေါင်စာရင်းအရ တိုင်းတစ်တိုင်းလုံး လူဦးရေ ၇ ဒသမ ၃၆ သန်းကျော်ရှိပါတယ်။ ဒါဟာ နီးကပ်နေတဲ့ တိုင်းဒေသကြီးတွေက ရွှေ့ပြောင်းလာရောက်နေထိုင်တဲ့သူတွေ၊ ဧည့်သည်တွေမပါသေးဘူး။ ဒါကြောင့် ရဲနဲ့ပြည်သူအချိုးဟာ ကွာခြားတဲ့အတွက် တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်ဖို့ အခက်အခဲရှိတယ်။ ပြည်သူပါမှသာ ရမှာဖြစ်တဲ့အပြင် ရပ်ကွက်၊ ကျေးရွာအတွင်းကို လူစိမ်းဝင်လာရင် သူတို့သာ အနီးကပ်သိနိုင်တာကြောင့် လှည့်ကင်းဆောင်ရွက်နေတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပြည်သူတွေလိုလားတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး၊ မှုခင်းကျဆင်းရေးတွေဟာ ထိထိမိမိ အောင်မြင်လာရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှေ့ပြေးစီမံချက်ကို ဆောင်ရွက်ခဲ့တာပါ။ အောင်မြင်မှုရဲ့ရလဒ်ကို ရန်ကုန်မြို့နေပြည်သူတွေ သိရှိကြသလို လိုအပ်ချက်တွေရှိနေတဲ့အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ပေးဖို့လည်း တိုက်တွန်းလိုပါတယ်"ဟု တိုင်းဒေသကြီးအတွင်း မှုခင်းကျဆင်းရေးကို အလေးထားဆောင်ရွက်နေမှုအခြေအနေများကို ပြောကြားသည်။

ရပ်ကွက်အခြေပြုအဖွဲ့များနှင့် ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းမှု၏ အသီးအပွင့်ကို ရန်ကုန်မြို့နေပြည်သူတို့ ရရှိခံစားနေကြပြီဖြစ်ပြီး အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်မှသာ ရန်ကုန်မြို့၏ မှုခင်းဖြစ်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပေသည်။

ရပ်ကွက်အသီးသီးမှ ရပ်ရွာအခြေပြုအဖွဲ့များ၏ မိမိရပ်ကွက်လုံခြုံရေးအတွက် လူမှုစိတ်ဓာတ်အပြည့်အဝဖြင့် ဆောင်ရွက်နေမှုအား ဂုဏ်ပြုသည့်အနေဖြင့် ရဲတပ်ဖွဲ့၏ နေ့ထူးနေ့မြတ်များတွင် ထိုက်တန်သောဆုများဖြင့် မြို့နယ်အလိုက် ဂုဏ်ပြုဆုများ ချီးမြှင့်၍ ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**

**"ရဲနဲ့ပြည်သူ အချိုးဟာ ကွာခြားတဲ့အတွက် တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်ဖို့ အခက်အခဲရှိတယ်။ ပြည်သူပါမှသာ ရမှာဖြစ်တဲ့အပြင် ရပ်ကွက်၊ကျေးရွာအတွင်းကို လူစိမ်းဝင်လာရင် သူတို့သာ အနီးကပ်သိနိုင်တာကြောင့် လှည့်ကင်းဆောင်ရွက်နေတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်မယ်ဆိုရင် ပြည်သူတွေလိုလားတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ တည်ငြိမ်အေးချမ်းရေး၊ မှုခင်းကျဆင်းရေးတွေဟာ ထိထိမိမိ အောင်မြင်လာရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရှေ့ပြေးစီမံချက်ကို ဆောင်ရွက်ခဲ့တာပါ။"**

# ရောဝတီမြစ်ရေတက်လာ၍ ကသာမြို့၌ ကယ်ဆယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထား



**ကသာ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်အတွင်း ရောဝတီမြစ်ရေ တိုးလာခြင်းကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကြိုတင်ပြင်ဆင်လျက်ရှိကာ ဒေသခံပြည်သူများအား မြစ်ရေအခြေအနေ သတိပေးကြေညာခြင်းများလည်း ဩဂုတ် ၁၃ ရက်မှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

ရောဝတီမြစ်ရေသည် ကသာမြို့တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ ကသာမြို့နယ်ရဲတပ်မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စည်ပင်သာယာဝန်ထမ်းများ၊ ပို့ဆက်ဝန်ထမ်းများနှင့် ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့သည် ရုပ်ပြေးရေယာဉ်ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းအပြင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းတွင်နေထိုင်ကြသော ဒေသခံပြည်သူများအား အထူးသတိပြု နေထိုင်ကြရန်နှင့် ကျွဲ နွားတိရစ္ဆာန်များကို ရေလွတ်ရာသို့ ပြောင်းရွှေ့ထားရန် အသံချဲ့စက်များဖြင့် နှိုးဆော်ခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများလည်း ပြုလုပ်နေကြောင်း သိရသည်။

အဆိုပါ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ကသာမြို့၏တစ်ဖက်ကမ်းရှိ ဒုံးအော့ကျေးရွာမှ ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာဝေငှခြင်းနှင့် ရေဘေးကယ်ဆယ်ရေးဆောင်ရွက်ရန် ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းများလည်း ပြုလုပ်နေပြီး ဒေသခံပြည်သူများအနေဖြင့် အရေးပေါ်အခြေအနေ ဖြစ်လာပါက အကူအညီတောင်းခံရန် တယ်လီဖုန်းနံပါတ်များလည်း ကြေညာအသိပေးထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

## ပေါင်မြို့နယ်၌ မှုခင်းအသိပညာပေးယာဉ်ဖြင့် ဟောပြော

**သထုံ ဩဂုတ် ၁၄**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှုဖြင့် ပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးဆွေကြီးကြပ်သော မှုခင်းအသိပညာပေးယာဉ်သည် ဩဂုတ် ၁၂ ရက်က ပေါင်မြို့နယ် ကတွန်ကျေးရွာသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများကို ဇင်းကျိုက်စခန်းမှူး ရဲအုပ်အောင်မင်းထွန်းနှင့် တာဝန်ရှိသူများက အသိပညာပေးဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နန္ဒကျော်စွာ**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် တိုင်းပြည်ဖွံ့ဖြိုး ဝင်ငွေတိုး

# ရာသီတုပ်ကွေးရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာ ၆၂၉ ဦး အနက် H1N1 ပိုးတွေ့လူနာ ၂၃၅ ဦးရှိခဲ့ပြီး ယနေ့အထိ သေဆုံးသူ ၂၃ ဦးရှိ

**နေပြည်တော် ဩဂုတ် ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1)pdm09) စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီမှ ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၁၂ ဦးအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ H1N1 ပိုးတွေ့လူနာ ငါးဦး တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၁ ရက်မှ ယနေ့မွန်းလွဲ ၂ နာရီအထိ လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ စုစုပေါင်း လူနာ ၆၂၉ ဦးအနက် H1N1 ပိုးတွေ့လူနာစုစုပေါင်း ၂၃၅ ဦး ရှိခဲ့ပြီး တစ်နိုင်ငံလုံး၌ ယနေ့အထိ ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြင့် သေဆုံးသူစုစုပေါင်း ၂၃ ဦးရှိကြောင်း ယနေ့ထုတ်ပြန်ချက်အရ သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် H1N1 ပိုးတွေ့ရှိသော်လည်း ရာသီတုပ်ကွေးရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးကြောင့်သေဆုံးခြင်းမဟုတ်ဘဲ အခြားရောဂါ အခံများကြောင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၈ ဦး ရှိကြောင်း။

ယနေ့ မွန်းလွဲ ၂ နာရီ အထိအထူးကုဆေးရုံကြီး (ဝေဘာဂီ)တွင် H1N1 ပိုးတွေ့ အတွင်းလူနာ ငါးဦး၊ အခြားတိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် H1N1 ပိုးတွေ့အတွင်းလူနာ ၆၈ ဦး စုစုပေါင်း ၇၃ ဦး ဆက်လက်ဆေးဝါးကုသမှု ခံယူလျက်ရှိပြီး အများစုမှာ သက်သာလျက်ရှိကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော ပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါဖြင့် ဆေးရုံတက်ရောက်နေသူများတွင် H1N1 ပိုးတွေ့လူနာများသာမက ပိုးမတွေ့လူနာများအား လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းရောဂါ ကုသရေးလမ်းညွှန်များအတိုင်း ထိရောက်သောကုသမှုများရရှိရန် အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**(သတင်းစဉ်)**

# ဓာတ်ခွဲခန်းစစ်ဆေးချက်အရ ပေါင်းတည်မြို့နယ်မှ လူနာတစ်ဦး H1N1 ရောဂါဖြင့် သေဆုံးခဲ့ကြောင်းသိရ

**ပေါင်းတည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ကြို့ပင်သာအုပ်စု ကွဲ့တဲကျေးရွာရှိ အမျိုးသမီးတစ်ဦး ပြည်မြို့ဆေးရုံကြီး၌ သေဆုံးခဲ့ရာ ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်ဓာတ်ခွဲခန်း၏ စစ်ဆေးချက်အဖြေအရ H1N1 ရောဂါဖြင့် သေဆုံးကြောင်း သိရသည်။

အဆိုပါရောဂါဖြင့်သေဆုံးသူသည် အသက် ၄၃ နှစ်အရွယ် အမျိုးသမီး တစ်ဦးဖြစ်သည်။ ဩဂုတ် ၄ ရက် ၉ နာရီက ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှုခံယူရာ သွေးတိုးနေပြီး မောနေသဖြင့် ပြည်ဆေးရုံသို့ ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီတွင် လွှဲပြောင်းပေးခဲ့ကာ ပြည်ဆေးရုံ၌ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် သေဆုံးသွားခြင်းဖြစ်သည်။ ဩဂုတ် ၁၀ ရက်က ပြည်ဆေးရုံကြီးမှ Influenza A ရောဂါပိုး စမ်းသပ်တွေ့ရှိပြီး ၎င်း၏ နှာခေါင်းတို့ဖတ်အား ရန်ကုန်မြို့ဓာတ်ခွဲခန်းသို့ ပို့ဆောင် စစ်ဆေးချက်အဖြေအား ဩဂုတ် ၁၃ ရက် နံနက် ၁၁ နာရီတွင် သိရှိခဲ့ရသည်။ စစ်ဆေးချက်တွင် H1N1 ဖြင့်သေဆုံးသွားခဲ့ကြောင်း အတည်ပြုခဲ့သည်။ ဖြစ်စဉ်ကြောင့် အဆိုပါကျေးရွာရှိ သေဆုံးသူ၏နေအိမ်သို့သွားရောက်၍ ရောဂါရှာဖွေခြင်း၊ ပတ်ဝန်းကျင်ကျန်းမာရေး စောင့်ရှောက်မှုများနှင့် အသိပညာပေးဟောပြောမှုပြုလုပ်ခြင်း၊ နှာခေါင်းစည်းများ ဝေငှခြင်းတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ၎င်းနှင့်အတူနေမိသားစုဝင်လေးဦးနှင့် ပြုစုသူများကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အားလုံးကျန်းမာလျက်ရှိကြောင်း သိရပြီး ကွဲ့တဲကျေးလက်ကျန်းမာရေးဌာနအနေဖြင့် အရှိန်တိုးမြှင့်ကာ နေ့စဉ်စောင့်ကြပ်ကြည့်ရှုမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါကျေးရွာတွင် အိမ်ခြေ ၃၂၇ အိမ်၊ အိမ်ထောင်စု ၃၂၇ စု၊ လူဦးရေ ၁၃၄၂ ဦးရှိကြောင်း သိရသည်။

**တင်ဝင်းဇော် (မင်းသားကြီး)**

# မန္တလေးတိုင်းဒေသကြီး၌ လတ်တလောပြင်းထန်အဆုတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားခြင်းမရှိဟုဆို

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီးတွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီအထိ လတ်တလောပြင်းထန်အဆုတ်ရောင်ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသခံယူသူ ၂၅ ဦးရှိပြီး ၎င်းတို့အနက် ခြောက်ဦးသေဆုံးခဲ့သော်လည်း အဆိုပါရောဂါ ကူးစက်ပြန့်ပွားခြင်းမရှိကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းမြင့်က ပြောသည်။

အဆိုပါ ဖြစ်ပွားသူများအနက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၌ ၁၉ ဦး၊ ခုတင် ၅၅၀ ဆံ့ကလေးဆေးရုံကြီး၌ သုံးဦး၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံ၌ တစ်ဦး၊ ခုတင် ၃၀၀ ကလေးဆေးရုံ၌ တစ်ဦးနှင့် ပြင်ဦးလွင်မြို့ရှိ ဆေးရုံ၌ တစ်ဦးတို့ တက်ရောက်ကုသခဲ့ရာ ၎င်းတို့အနက် ခြောက်ဦး သေဆုံး၍ ကိုးဦးမှာ ဆေးရုံမှ ပြန်လည်ဆင်းခွင့်ရခဲ့ပြီး ၁၀ ဦးမှာ လက်ရှိ ကုသမှုခံယူလျက်ရှိသည်။

လက်ရှိအခြေအနေတွင် ဆေးကုသမှုခံယူနေသူ ၁၀ ဦးအနက် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ သုံးဦး၊ ခုတင် ၃၀၀ ကလေးဆေးရုံမှ တစ်ဦး၊ ခုတင် ၃၀၀ သင်ကြားရေးဆေးရုံမှ တစ်ဦးတို့အား ဓာတုဗေဒစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ကသာ၊ ဆားလင်းကြီး၊ တန့်ဆည်၊ ရွှေကူမြို့တို့မှ လေးဦး တက်ရောက်ကုသမှုခံယူလျက်ရှိသည်။

လက်ရှိအခြေအနေတွင် လူနာမိသားစုနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများအပြင် ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၁၁ ရက်အထိ မူလတန်းကျောင်း ၁၅၂၂ ကျောင်း၊ အလယ်တန်းကျောင်း ၄၃၁ ကျောင်း၊ အထက်တန်းကျောင်း ၂၆၀နှင့် အခြား ပုဂ္ဂလိကနှင့် ဘကကျောင်းအပါအဝင် ကျောင်းပေါင်း ၁၁၅ ကျောင်းတို့အား ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ပိုးသတ်ဆေးပြားအား မှားသောက်မိသဖြင့် အမျိုးသမီးတစ်ဦးသေဆုံး

**ကျွန်းလှ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် တင်းတိန်ရုံကျေးရွာ တောတိုက်တွင် ဩဂုတ် ၁၁ ရက် ညနေ ၆ နာရီခွဲက ဒေါ်မာမာရီသည် ဗိုက်အောင့်သဖြင့် တဲပေါ်ရှိ ခြင်းတောင်းထဲထည့်ထားသော ပိုးသတ်ဆေးပြားအား မှားသောက်မိသဖြင့် ရွှေဘိုဆေးရုံ၌ ဆေးကုသမှုခံယူစဉ် သေဆုံးသွားသည်။ ဒေါ်မာမာရီ (ခ)ခင်မာရီ သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် ကျွန်းလှမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

# ကန့်ဘလူမြို့၌ ကျောင်းသားကျောင်းသူ ၁၇ ဦး အစာအဆိပ်သင့်

**ကန့်ဘလူ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်ရှိ စွယ်တော်ရိပ်ဘော်ဒါဆောင်၌ ဩဂုတ် ၁၃ ရက် ည ၈ နာရီခန့်က ကျောင်းသားကျောင်းသူများ အစာအဆိပ်သင့်မှုဖြစ်ပွားပြီး မူးဝေအော့အန်ခြင်းများဖြစ်ကာ ကန့်ဘလူမြို့ ခုတင် ၁၀၀ ပြည်သူ့ဆေးရုံသို့ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘော်ဒါဆောင်တွင် ညနေပိုင်းက ကျောင်းသားကျောင်းသူများအား ငါးခြောက်ချက်၊ မှျစ်စိမ်းချက်၊ ချဉ်ပေါင်ရွက်ချဉ်ရည်ဟင်းတို့ဖြင့် ကျွေးခဲ့ရာ ည ၈ နာရီခန့်တွင် ယင်းအဆောင်၌ အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၅၈ ဦးရှိသည့်အနက် ကျောင်းသားငါးဦး၊ ကျောင်းသူ ၁၂ ဦးတို့မှာ အစာအဆိပ်သင့်ပြီး မူးဝေအော့အန်ခြင်းများ ဖြစ်ခဲ့သည်။

ဘော်ဒါဆောင်နေ ကျောင်းသား ကျောင်းသူများ အစာအဆိပ်သင့်မှု ဖြစ်ပွားပြီး ဆေးကုသမှုခံယူရာ ခုတင် ၁၀၀ ဆေးရုံသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်ဇော်တို့က ဆေးရုံအုပ် ဒေါက်တာ နေမိုးနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားခဲ့သည်။ ကျောင်းသူသုံးဦးသည် ဆေးကုသမှုခံယူပြီး သက်သာ၍ ဆေးရုံမှဆင်းခဲ့ပြီး ကျောင်းသားငါးဦးနှင့် ကျောင်းသူကိုးဦးမှာ အတွင်းလူနာအဖြစ် ဆေးကုသလျက်ရှိပြီး စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# မောင်တောမြို့နယ်၌ မသင်္ကာသူသုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် မသင်္ကာသူသုံးဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဇင်ပိုင်ညာကျေးရွာနှင့် ဖူကာလီကျေးရွာများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ လှည့်ကင်းဆောင်ရွက်စဉ် ယနေ့ နံနက် ၄ နာရီခန့်က ဖူကာလီကျေးရွာမှ မာမတ်ကာဆဲရ်နှင့် အဒူရာမာန်တို့အား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ အဒူရာမာန်သည် ဖူကာလီကျေးရွာမီးရှို့မှုဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် တရားခံပြေးဖြစ်ကြောင်း သိရသည်။

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန့်နေ ည ၁၁ နာရီခန့်က လိပ်ရအလယ်ရွာမှ အီစွပ်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ အနက်ရောင်မျက်နှာဖုံးစွပ် တစ်ခု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ်ပါ ဖုန်းနှစ်လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရာသီတုပ်ကွေးဆိုင်ရာအသိပညာပေးခြင်းနှင့် ကလေးများအား ဗီတာမင်အေ တိုက်ကျွေး

**ရွာသစ် ဩဂုတ် ၁၄**

ရာသီတုပ်ကွေးရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ကယားပြည်နယ် ဘော်လခဲခရိုင် ရွာသစ်မြို့ စတုမာလာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် ကျေးလက်ကျန်းမာရေးဌာန ဆရာမ ဒေါ်နန်းစိန်ညွန့်က ရာသီတုပ်ကွေးရောဂါ အမျိုးအစားများ၊ ရောဂါကူးစက်မှုအကြောင်း၊ ရောဂါလက္ခဏာများနှင့် H1N1 ရောဂါ ကာကွယ်ရန်နည်းလမ်းများ၊ မိမိကိုယ်ကိုစ၍ ကာကွယ်ရန် လက်ဆေးခြင်းနှင့် နှာခေါင်းစည်းများ စနစ်တကျအသုံးပြုရန် နည်းလမ်းများကို ပြောကြားခဲ့သည်။

ယင်းနောက် ကလေးများအား ဗီတာမင်အေတိုက်ကျွေးရခြင်း၏ အကျိုးကျေးဇူးများကို အသေးစိတ်ဟောပြောကာ ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှု စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် ဗီတာမင်အေဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

# ဆင်သတ်ဖြတ်သူတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

သာပေါင်းမြို့နယ် အိမ်စိုးချောင်းလက်တက်၌ တောဆင်ရိုင်းတစ်ကောင်အား သတ်ဖြတ်သူတစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ယမန်နေ့က ဖမ်းဆီးရမိကြောင်း သိရသည်။

သာပေါင်းမြို့နယ် သစ်တောဦးစီးဌာန၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့နှင့် ကျေးရွာပြည်သူ့စစ်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က သာပေါင်းမြို့နယ် အိမ်စိုးချောင်းလက်တက်တွင် ဆင်သားရေနှင့် အမြီးကိုလှီးဖြတ်၍ ဆင်စွယ်ကို ထွင်းယူထားပြီး သေဆုံးနေသော ဆင်တစ်ကောင်ကို တွေ့ရှိခဲ့သဖြင့် ဆင်သတ်တရားခံများအား ဖမ်းဆီးနိုင်ရေး ဆက်လက်ဖော်ထုတ်ရာ ညနေ ၅ နာရီခန့်က ဆင်အရေခွံများအား ကျပ်တိုက်နေသောအဖွဲ့နှင့် တွေ့ရှိပြီး ဖမ်းဆီးရန်ဆောင်ရွက်စဉ် အဆိုပါအဖွဲ့မှ တူမီးဖြင့် ပြန်လည်ပစ်ခတ်သဖြင့် သစ်တောလုံခြုံရေးတပ်ဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးရာ ဆင်သတ်ဖြတ်သူ ချိုတင်၏ယာပေါင်အား ထိမှန်၍ ဖမ်းဆီးရမိခဲ့ပြီး ကျန်နှစ်ဦးမှာ တောထဲသို့ ထွက်ပြေးသွားကြောင်း သိရသည်။

ဆင်သတ်သူနှင့်အတူ ဆင်စွယ်လေးချောင်း၊ ဆင်သားရေခုနစ်ခု၊ ကျပ်တင်ထားသည့် ဆင်အသားမြှောင်း ငါးခု၊ ဆင်အမြီးတစ်ချောင်း၊ တူမီးသေနတ် နှစ်လက်အပါအဝင် သက်သေခံပစ္စည်း ၁၇ မျိုး ဖမ်းဆီးရမိခဲ့ပြီး ဆင်သတ်ဖြတ်သူများအား ဆက်လက်ရှာဖွေဖော်ထုတ် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အမြန်လမ်းတွင်ဖြစ်ပွားခဲ့သော လုယက်မှုမှ ပြစ်မှုကျူးလွန်သူ နှစ်ဦးကိုဖမ်းဆီးရမိ

**ရေတာရှည် ဩဂုတ် ၁၄**
နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင် (၁၇၆/၄ နှင့် ၅) အကြား ဇူလိုင် ၁၃ ရက် နံနက် ၅ နာရီခွဲက ယာဉ်တစ်စီး စက်ချွတ်ယွင်း၍ ရပ်တန့်ထားစဉ် ခရီးသည်များကိုင်ဆောင်ထားသူ သုံးဦးက ရွှေ၊ ဖုန်း၊ ငွေကျပ် သိန်း ၅၀ တို့ကို ခြိမ်းခြောက်လုယက်မှုမှ ပြစ်မှုကျူးလွန်သူများအနက် နှစ်ဦးကို ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီခန့်က လယ်ဝေးမြို့နယ် ကုလားကျေးရွာမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်အမြန်လမ်း ရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး ထွန်းထွန်းဦး၊ သာဂရအမြန်လမ်း ရဲစခန်း၊ ဆွာနယ်မြေရဲစခန်း၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့ မှုခင်းအကူဌာနစိတ်တို့ ပါဝင်သော အမှုစစ်အဖွဲ့က ဇင်လေး(ခ) ဇင်လင်းအောင်(၂၅နှစ်)၊ မိုးကြီး(ခ) မိုးမင်းအောင်(၂၂နှစ်)ကုလားကျေးရွာ လယ်ဝေးမြို့နယ် နေသူတို့ကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ လုယက်မှု ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ပြီး ၎င်းတို့နှင့်အတူ ဖိုးစိုး ဇမ္ဗူသီရိဆေးရုံ ဝန်ထမ်းလိုင်းနေသူနှင့် အေးမင်း (ခ)မျိုးချစ် ပတ္တာ ကျေးရွာ လယ်ဝေးမြို့နယ်နေသူတို့ နှစ်ဦးပါ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ထွက်ဆိုခဲ့ကာ နှစ်ဦးစလုံး ထွက်ပြေးတိမ်းရှောင်နေခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပဲခူးမြို့ရှိ ကာရာအိုကေဆိုင်တွင် ခိုက်ရန်ဖြစ်၍ နှစ်ဦးသေဆုံး

**ပဲခူး ဩဂုတ် ၁၄**
ပဲခူးမြို့ အမှတ်(၃) နယ်မြေရဲစခန်းအပိုင် ဉသာမြို့သစ် (၇)ရပ်ကွက်ရှိ ဆည်းဆာ KTV ဆိုင်တွင် ဩဂုတ် ၁၄ ရက် နံနက် ၃ နာရီခန့်က ခိုက်ရန်ဖြစ်ပွားရာမှ လူသတ်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကိုမြတ်သူ(၂၃နှစ်) ခေါင်းဆေးကျွန်းပိုင်း ကျွန်းသာယာရပ်ကွက် ပဲခူးမြို့ ကာစင်(ခ)သန့်ဇင်ဦး (၂၇နှစ်)နှင့် သိန်းမင်းထိုက်(၁၉နှစ်) တစ်ရပ်ကွက်တည်း နေသူတို့သည် ဆည်းဆာ KTV ဆိုင်သို့ သီချင်းဆိုရန် သွားရောက်ခဲ့ရာ အခန်းမအား၍ ဆိုင်ရှေ့တွင်စောင့်နေစဉ် ဆိုင်အတွင်းမှ အမျိုးသားလေးဦး ထွက်လာပြီး မြတ်သူနှင့်အချင်းများရာက အသက်(၂၀)ခန့် လူငယ်တစ်ဦးက အသင့်ပါလာသော စကေဘာဖြင့် မြတ်သူနှင့် ကာစင်(ခ)သန့်ဇင်ဦးတို့အား ထိုးပြီး ကျန်သုံးဦးမှာ ဝိုင်းဝန်း ထိုးကြိတ်၍ သိန်းမင်းထိုက်မှာ ဆိုင်အတွင်းသို့ ထွက်ပြေးသွားခဲ့သည်။ မြတ်သူနှင့် ကာစင်(ခ) သန့်ဇင်ဦးတို့တွင် ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးခဲ့ကာ သိန်းမင်းထိုက်မှာ ဒဏ်ရာများရရှိသဖြင့် ပဲခူးပြည်သူ့ဆေးရုံကြီးတွင် ပြင်ပလူနာ (မစိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူလျက်ရှိပြီး ပဲခူးမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည့်စုံဝင်း (၁၉နှစ်) ကလျာဏီရပ်ကွက် ပဲခူးမြို့၊ မင်းသူအောင် (၃၂နှစ်) ဉသာမြို့သစ် (၆)ရပ်ကွက် ပဲခူးမြို့၊ ဖြိုးဦး (ခ) ပူတူး (၂၂နှစ်) မဇင်းရပ်ကွက် ပဲခူးမြို့နှင့် ကျော်ကြီး(ခ)ကျော်ထက်လင်း(၁၉နှစ်) ဉသာမြို့သစ်(၁)ရပ်ကွက် ပဲခူးမြို့နေသူတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်ထားကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ ချေးငွေပြန်မဆပ်နိုင်သည့် တောင်သူများအား အမှုဖွင့်**

**ရေတာရှည် ဩဂုတ် ၁၄**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မှ ၂၀၁၃ ခုနှစ် မိုး၊ ဆောင်း၊ ၂၀၁၄ ခုနှစ် မိုး၊ ဆောင်း၊ ကြံ၊ ၂၀၁၅ ခုနှစ် ကြံ မိုးကြိုစိုက်ပျိုးရာသီများတွင် ထုတ်ချေးထားခဲ့သော ဦးသန်းလှိုင်စိုး ညောင်ပင်သာကျေးရွာ ရေတာရှည်မြို့နေသူက ငွေကျပ် ၁၀၉ သိန်း၊ ဦးမြင့်ဦး ဒေါင်းနန်းကျကျေးရွာအုပ်စု၊ ရေနီစက္ကူစက်ဝန်ထမ်းလိုင်းနေသူက ငွေကျပ် ၁၉၆ သိန်း၊ ဦးမြဟန် ငွေတောင်ကျေးရွာ မြို့လှမြို့နေသူက ငွေကျပ် ၈၁ သိန်း၊ ယင်းကျေးရွာနေ ဦးတင်လှက ငွေကျပ် ၅၃ သိန်း ထုတ်ယူသုံးစွဲခဲ့ပြီး ယနေ့တိုင် ပြန်လည်ပေးဆပ်ခြင်းမရှိသဖြင့် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်(ခွဲ)မန်နေဂျာ ဦးဝေလင်းက ရေတာရှည်မြို့မရဲစခန်းတွင် ဩဂုတ် ၁၁ ရက်က တရားလိုပြုလုပ် အမှုဖွင့်တိုင်တန်းခဲ့ရာ ရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

(ဝ၅၉)

# ဘားအံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၄**
ဩဂုတ် ၁၃ ရက် နံနက် ၇ နာရီခွဲက မူးယစ် တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ညောင်ဖြူစခန်း ရပ်ကွက်နေ စိုင်းကျော်နေလင်း၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၂၀ ဂရမ် ကိုလည်းကောင်း၊ တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်နေ မျိုးအောင်ထံမှ ဝယ်ယူသုံးစွဲကြောင်း ကွင်းဆက်ဖော်ထုတ်ချက်အရ မျိုးအောင်၏နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၇၀၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၀၀ တို့ကို လည်းကောင်း၊ အလားတူ ဩဂုတ် ၁၃ ရက် ည ၁၁ နာရီက တောင်ကြီးမြို့ အဝင် လေးမိုင်ပူးပေါင်းစစ်ဆေးရေး စခန်း၌ ခွန်အောင်နိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၂ ရက် ညနေ ၆ နာရီက လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ လုံးကြီး၏နေအိမ်ကိုရှာဖွေရာ လုံးကြီးနှင့်အတူ ဇနီးမနန်းညွှန့်တို့အား တွေ့ရှိပြီး မနန်းညွှန့်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ နှင့် ဘိန်းဖြူ ၁ ဒသမ ၂ ဂရမ်၊ အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ၊ ဘိန်းဖြူ ၁၀ ဂရမ်နှင့် ငွေကျပ် ၃၁၀၅၀၀ တို့ကိုလည်းကောင်း၊ ဘားအံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ည ၇ နာရီက ဘားအံမြို့နယ် လှာကဒေါင် ကျေးရွာအုပ်စု မွေးမြူရေးဇုန်နေ စောကျော်ခေါင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မူးယစ်ဆေးဝါးများ ရောင်းချ၊ သုံးစွဲသူ ၁၃ ဦး ဖမ်းမိ

**မြိတ် ဩဂုတ် ၁၄**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တောရကျောင်းရပ်ကွက် အဝေးပြေးကားဝင်းဟောင်း ပထမလမ်းရှိ ကေသီရီ(၁)အမည်ရှိ ကာရာအိုကေဆိုင်အကြောင်းပြ၍ မူးယစ်ဆေးဝါးများ ရောင်းချသုံးစွဲလျက်ရှိကြောင်း သတင်းအရ ဩဂုတ် ၁၃ ရက် နံနက် ၁ နာရီ မိနစ် ၅၀ ခန့်က သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါးများနှင့်အတူ ဆိုင်ပိုင်ရှင်အပါအဝင် ၁၃ ဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ထွန်းထွန်းနိုင် ဦးစီးအဖွဲ့သည် မြိတ်မြို့ တောရကျောင်းရပ် အဝေးပြေးကားဝင်းဟောင်းအတွင်းရှိ ပထမလမ်း ကေသီရီ(၁)အမည်ရှိ ကာရာအိုကေဆိုင်အား ဝင်ရောက်ဖမ်းဆီးရာ ဆိုင်ရှင်ဖြစ်သူ ဦးစိုးမြင့်အပါအဝင် ၁၃ ဦးကို ဖမ်းဆီးရမိခဲ့ပြီး ဆိုင်အတွင်း ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ နှင့် မူးယစ်ဆေးဝါးအသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သတ်၍ ဦးစိုးမြင့်ပါ ၁၃ ဦးအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ကားရေဆေးဆီထိုးဆိုင်တစ်ဆိုင်ကို ယနေ့ညနေ ၄ နာရီက ဝင်ရောက်ရှာဖွေရာ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ လိုင်စင်မဲ့မော်တော်ယာဉ်များ လက်ဝယ်ထားရှိပြီး ပြန်လည်ရောင်းချနေကြောင်း သတင်းအရ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားချက်ဖြင့် အမှတ်(၁) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်ကြီး ဦးစီးအဖွဲ့သည် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးဦးစီးဌာနမှ ဒုရဲမှူး ဦးစီးအဖွဲ့များ၊ အောင်သာယာရပ်ကွက်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ ပုဗ္ဗသီရိမြို့နယ် အောင်စည်သာ ရပ်ကွက် (၂၁)လမ်း အားသစ်မာန် ကားရေဆေးဆီထိုးဆိုင်အား ဝင်ရောက်ရှာဖွေရာ လိုင်စင်မဲ့ယာဉ် အမျိုးအစားစုံ ကိုးစီးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ပုဗ္ဗသီရိ မြို့နယ်ရဲစခန်း စခန်းမှူးဝင်းချွန်က တရားလိုပြုလုပ်ကာ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်မျိုးနိုင်**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်လုံးနှင့် ဓားရှေတုံးများဖမ်းမိ



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်လုံး၊ ပိတောက်ဓားရှေနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်အား တွေ့ရစဉ်

**နေပြည်တော် ဩဂုတ် ၁၄**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၃ ရက်၌ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၃ စီး၊ သွင်းကုန် ၅၂၆ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅ ဒသမ ၈၈၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၆၆ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉ ဒသမ ၅၅၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၃ ရက်တွင် မန္တလေးမှ မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၁) မိုင် ၇ ဖာလုံ ပန်ဖက်ရွာအနီး၌ ၂၂ ဘီးတွဲယာဉ် တစ်စီး မသင်္ကာဖွယ် ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စပါးခွံအိတ်များဖြင့် ဖုံးအုပ်ထားသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်သစ်လုံး ၂၀ (၂ ဒသမ ၄၀၇၂)တန်၊ ပိတောက်ဓားရှေ ၇၁ တုံး (၇ ဒသမ ၃၀၃၀)တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၉၂၇ သန်းခန့် အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**သထုံတွင် ရဲတပ်သားတစ်ဦးအား ဓားဖြင့်ထိုးခဲ့သူများအား ဖမ်းမိ**

**သထုံ ဩဂုတ် ၁၄**
မွန်ပြည်နယ် သထုံမြို့မရဲစခန်းမှ ရဲတပ်သားတစ်ဦးအား သေဆုံးအောင် ဓားဖြင့်ထိုးခဲ့ရာတွင်ပါဝင်သည့် လူငယ်သုံးဦးအား ဩဂုတ် ၁၄ ရက် နံနက် ၁ နာရီက ဖမ်းဆီးရမိခဲ့ကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။ သထုံမြို့မရဲစခန်းမှ ရဲတပ်သား ချစ်မိုးဦး (၁၉နှစ်) အောက်ကျင်းရပ်ကွက် သထုံမြို့နေသူသည် ဩဂုတ် ၃ ရက်ညက ညီအစ်ကိုဝမ်းကွဲနှစ်ဦးနှင့်အတူ မော်လမြိုင်-ရန်ကုန် ကားလမ်းအတိုင်း ဆိုင်ကယ် မောင်းနှင်လာစဉ် နန်းခဲရပ်ကွက် ပီတိစတိုးဆိုင်ရှေ့အရောက်တွင် လူငယ်သုံးဦးလိုက်ပါလာသည့် ဆိုင်ကယ်က အရှေ့မှပိတ်ရပ်ကာ လူငယ်တစ်ဦးက ဓားဖြင့်ထိုးသဖြင့် ရဲတပ်သား ချစ်မိုးဦးတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိပြီး သထုံခရိုင်ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ကျူးလွန်သူများအား မှုခင်းနှိမ်နင်းရေးအကူဌာနမှ ရဲအုပ်အောင်သူနှင့် တပ်ဖွဲ့ဝင်များ၊ သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များတို့က လိုက်လံ စုံစမ်းဖော်ထုတ်ခဲ့ရာ အခင်းဖြစ်ပြီး ၁၁ ရက်အကြာတွင် သထုံမြို့ နန်းခဲရပ်ကွက်၌ နေသူများဖြစ်သည့် အောင်သက်ဖြိုး (ခ) ဗိုက်ပူ (၁၇ နှစ်)၊ အောင်မင်းထွန်း (ခ) အရှည်ကြီး (၁၈ နှစ်)နှင့် ငွေနိုင်သိန်း (ခ)ဗိုလ်ကျံ (၁၈နှစ်)တို့ကို သထုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာခြင်းလုံးအားကစားအဖွဲ့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၁၄**

မလေးရှားနိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပနေသည့် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်သူအဖြစ် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် (ဒိုင်/နည်းပြ) ဦးတင်ဝင်းနိုင် ဦးဆောင်ကာ နည်းပြနှစ်ဦး၊ ဒိုင်လူကြီး နှစ်ဦးနှင့် အားကစားသမားကိုးဦးတို့သည် ယနေ့ နံနက် ၁၁ နာရီက MH(741)ဖြင့် မလေးရှားနိုင်ငံသို့ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးအေးချိုတူးနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်တို့က ပို့ဆောင်နှုတ်ဆက်ကြသည်။

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ခြင်းလုံးအားကစားပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစား လေးမျိုးကျင်းပရာ အိမ်ရှင်နိုင်ငံမှအပ ကျန်ပြိုင်ပွဲဝင် အသင်းများကြိုက်နှစ်သက်ရာနှစ်မျိုးသာယှဉ်ပြိုင်ခွင့်ရှိပြီး မြန်မာခြင်းလုံးအသင်းအနေဖြင့် Event(2) မျိုးတူအခြေခံအဆင့်ပြိုင်ပွဲ နှင့် Event(4) ဖြစ်သည့် မျိုးကွဲ ဒုတိယအဆင့်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲများကို ဩဂုတ် ၁၆ ရက်တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲတွင်မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ဘရူနိုင်းအသင်းတို့ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



---

❍ ***ကျောဖုံးမှ***

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ သိပ်မလုပ်ဘဲ စည်သူအောင်၊ အောင်သူ၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်၊ လှိုင်းဘိုဘို၊ ဟိန်းသီဟဇော်၊ သီဟထက်အောင်၊ ထိုက်ထိုက်အောင်၊ နန်းဝေမင်း၊ ဆန်းဆက်နိုင် (ဂိုး)တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစကတည်းက ဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်တွင်အချိတ်အဆက် လွဲချော်နေ၍ ထင်တိုင်းမပေါက်ခဲ့ပေ။ စင်ကာပူအသင်းသည် ပထမပိုင်းတွင် ရံဖန်ရံခါသာ ထိုးဖောက်နိုင်ခဲ့ပြီး မြန်မာအသင်းကသာ ပွဲကို စိုးမိုးနိုင်ခဲ့သည်။ ရှစ်မိနစ်တွင် မောင်မောင်လွင်၏ ကန်သွင်းမှု၊ ၂၅ မိနစ်တွင် အောင်ကောင်းမာန်၏ ခေါင်းတိုက်သွင်းမှုများကို စင်ကာပူဂိုးသမားကာကွယ်နိုင်ခဲ့သည်။ မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ ဂိုးရရန် ကြိုးပမ်းလာခဲ့ပြီး ပထမပိုင်းပြီးခါနီးတွင် အောင်သူက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးမှာ ယခုဆီးဂိမ်းပြိုင်ပွဲ၏ အဖွင့်ဂိုးလည်း ဖြစ်ခဲ့သည်။ ဒုတိယပိုင်းအစတွင် စင်ကာပူအသင်းက နည်းဗျူဟာအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ဂိုးပေါက်ခြိမ်းခြောက်မှုအချို့ပြုလုပ်နိုင်ခဲ့သည်။ ၆၃ မိနစ်တွင် မြန်မာအသင်း ဒုတိယဂိုးရခဲ့ပြီး မောင်မောင်လွင် ဖန်တီးပေးသော ဘောလုံးကို အောင်သူကပင် ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့သည်။

ယခုပွဲကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ရန်ကုန် ယူနိုက်တက်အသင်းပိုင်ရှင် ဦးတေဇနှင့် ကလပ်အသင်းပိုင်ရှင်များတက်ရောက် ကြည့်ရှုအားပေးခဲ့ပြီး နာယက ဦးအောင်ကိုဝင်းက အနိုင်ရသွားသည့် မြန်မာအသင်းအား ဆုကြေး ဒေါ်လာသုံးသောင်း၊ ရန်ကုန်ယူနိုက်တက်အသင်းပိုင်ရှင် ဦးတေဇက ဒေါ်လာတစ်သောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဒေါ်လာတစ်သောင်း စုစုပေါင်း ဒေါ်လာငါးသောင်းပေးအပ်ချီးမြှင့်သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၁၆ ရက်တွင် လာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




**မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း မြန်မာအသင်းအား ဆုငွေ ချီးမြှင့်စဉ်**

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး မြန်မာအားကစားသမားများအား သွားရောက်အားပေး

**ရန်ကုန် ဩဂုတ် ၁၄**

(၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများကျင်းပရာ မလေးရှားနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင်အားကစားသမားများ တည်းခိုရာ ဟိုတယ်များသို့ ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူသွားရောက်ကာ မြန်မာ့လက်ရွေးစင် အမျိုးသား/အမျိုးသမီးဘောလုံးအသင်းများ၏ တည်းခို၊ နေထိုင်၊ စားသောက်မှုအဆင်ပြေချောမွေ့စေရေးအတွက် သွားရောက်ကြည့်ရှုပြီး အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီအထွေထွေအတွင်းရေးမှူးသည် မြန်မာ့လက်ရွေးစင်မြားပစ်အသင်း လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။

**အေကေလင်း**

## မိုးပိုလာနိုင်

**နေပြည်တော် ဩဂုတ် ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

---


### အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
### တင်ဒါခေါ်ယူရေးကော်မတီ
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ မြို့နယ်ရုံး(၆)ရုံး ဆောက်လုပ်ရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | အရေအတွက် |
|---|---|---|
| (က) | (ပေ၄၀×ပေ၃၀×၂၂ပေ)RC (၂)ထပ်အဆောက်အအုံ(ရေ၊ မီး၊ မိလ္လာ၊ ခြံစည်းရိုးလုပ်ငန်းများအပါအဝင်) | ၆လုံး |

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးအမှတ်(၅၁)၊ နေပြည်တော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်-

၃။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၆-၈-၂၀၁၇ ရက်မှ ၂၅-၈-၂၀၁၇ရက်အထိ

၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၁၅-၉-၂၀၁၇ရက်(သောကြာနေ့) (၁၆း၃၀နာရီထိ)

၅။ တင်ဒါဖွင့်မည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၄၆၁၊ ၀၆၇-၄၃၀၁၄၆၊ ၀၆၇-၄၃၀၂၈၆တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါခေါ်ယူရေးကော်မတီ**



### အနူးအညွတ်တောင်းပန်အပ်ပါသည်

ရန်ကုန်တက္ကသိုလ်၊ သိပ္ပံခန်းမတွင် ၁၆-၈-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၅နာရီအထိ ကျင်းပပြုလုပ်မည့် ဟောပြောပွဲကို ဟောပြောမည့် ပုဂ္ဂိုလ်၏ ကျန်းမာရေး အခြေအနေအရ ရွှေ့ဆိုင်းလိုက်ရကြောင်း အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)**



**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင် မြို့နယ်၊ အထက(၁)၊တက္ကသိုလ်ဝင်တန်း(E)မှ နော်ဦးဖော၏ ဖခင်အမည်မှန်မှာ စောတိုးတိုး ဖြစ်ပါကြောင်း။
**စောတိုးတိုး ၇/ရကန(နိုင်)၀၂၄၅၈၄**



**ဖခင်အမည်မှန်**
အထက(၂)ဟုမ္မလင်း တက္ကသိုလ်ဝင်တန်းမှ မောင်ရှိုင်းလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်ဝင်း ၅/ဟမလ(နိုင်)၀၀၄၉၂၅ ဖြစ်ပါကြောင်း။ **ဦးတင်အောင်ဝင်း**



**ဖခင်အမည်မှန်**
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမမြို့ (အထက)တက္ကသိုလ်ဝင်တန်း(C)မှ မဖြူနှင်းဝေ၏ ဖခင်အမည်မှန်မှာ ဦးသိန်းမြင့် ၁၀/ပမန(နိုင်)၀၇၁၈၀၈ ဖြစ်ပါသည်။ **ဦးသိန်းမြင့်**



**အမည်ပြောင်း**
ဦးကြည်မိုးအောင် ၁၂/မဂတ(နိုင်)၀၄၆၆၈၁၏သား အထက(၅) မရမ်းကုန်း နဝမတန်း(B)မှ မောင်ကောင်းခန့်အား မောင်ကောင်းခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းခန့်ပိုင်**



**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဟုမ္မလင်းမြို့နယ်၊ မိုင်းကိုင်းကျေးရွာအုပ်စု၊ နမ့်တောစံပြကျေးရွာနေ မနန်းဇင်ဇင်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်နန်းခမ်းအောင်(ခ)ဒေါ်ခင်စန်းဝေ ၅/ဟမလ(နိုင်)၀၆၈၉၄၅မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။
**ဒေါ်နန်းခမ်းအောင်(ခ)ဒေါ်ခင်စန်းဝေ**



**အမည်မှန်**
ဦးအောင်စီ၏သမီး မြိုင်မြို့နယ်၊ ပေါင်းတည်ကျေးရွာနေ မတိုက်ကြည် ၈/မမန(နိုင်)၁၆၃၇၈၆၏ အမည်မှန်မှာ မသိုက်ကြည် ဖြစ်ပါကြောင်း။
**မသိုက်ကြည်**



**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဦးကြည်မိုးအောင် ၁၂/မဂတ(နိုင်)၀၄၆၆၈၁ ၏သား မောင်ရဲထက် ၁၂/ဒဂမ(နိုင်)၀၃၀၄၂၃ နှင့် မောင်ဆန်းသစ်နိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်ရဲထက်(ခ)မောင်ဆန်းသစ်နိုင်**



**ဖခင်အမည်မှန်**
မြင်းခြံမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း သတ္တမတန်းမှ မောင်လှဖုန်းနိုင်၏ ဖခင်အမည်အမှန်မှာ ဦးမောင်နိုင် ၉/မခန(နိုင်)၁၃၄၈၆၉ ဖြစ်ပါကြောင်း။ **ဦးမောင်နိုင် ၉/မခန(နိုင်)၁၃၄၈၆၉**



**အမည်ပြောင်း**
ဒီမောဆိုမြို့နယ်၊ ငွေတောင်ကျေးရွာနေ ဦးသန့်ဇော်၏သမီး ငွေတောင် အထက(ခွဲ) ပဥ္စမတန်းမှ မမေသူထက်အား မအိသန့်ဖြူခင်ဟု ပြောင်းလဲခေါ်ပါရန်။
**မအိသန့်ဖြူခင်**



**ဖခင်အမည်မှန်**
ဒီမောဆိုမြို့နယ်၊ ငွေတောင်အုပ်စု အောင်ချမ်းသာကျေးရွာနေ ငွေတောင် အထက(၂)၊ သတ္တမတန်း(A)မှ ခွန်းလှထူး၏ ဖခင်အမည်မှန်မှာ ဦးစောဘာရှားလို ဖြစ်ပါကြောင်း။
**ဦးစောဘာရှားလို**



**မိဘအမည်မှန်**
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မောင်ရန်အောင်စိုး၏ ဖခင်အမည်မှန်မှာ ဦးလှထွေး ၁၄/မအန(နိုင်)၁၅၇၇၇၂၄ နှင့် မိခင်အမည်မှန်မှာ ဒေါ်ဝင်းဝင်းမြင့် ၁၄/ဇလန(နိုင်)၀၀၂၄၁၄ ဖြစ်ပါကြောင်း။



**ပြင်ဆင်ဖတ်ရှုပါရန်**
၃၀-၆-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာ-၂၂)တွင်ပါရှိသော အကြောင်းကြားစာ ကြော်ငြာတွင် ဒေါ်မေသီမာဦးအစား ဒေါ်မေသီဟာဦးဟု ပြင်ဆင်ဖတ်ရှုပါရန်။



**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့ (အထက) တက္ကသိုလ်ဝင်တန်း(A)မှ မောင်နန္ဒာစိုးကျော်နှင့် ဒေါင့်ဘိုး အဌမတန်းမှ မရွှေရည်ဖူးပြည့်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုးဝင်းသောင်း ၉/ကပတ(နိုင်)၀၁၈၆၇၃ ဖြစ်ပါသည်။ **ဦးစိုးဝင်းသောင်း**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 7E/2933 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄၅ယ/၇၂၇၉၃၊ Apache, 180 (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၁၄/ပသန(နိုင်)၀၀၄၁၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းရုံး(ပုသိမ်မြို့)**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် 7C/4865, Toyota Hassies mcu . 10, S/W(4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၁၂/လမန(နိုင်)၀၃၆၂၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**



**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ စလင်းမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(K)မှ မောင်မင်းလွင်ဦး ၈/စလန(နိုင်)၂၂၈၆၉၁၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဝင်း ၈/စလန(နိုင်)၁၀၇၄၇၂ ဖြစ်ပါသည်။
**ဦးအောင်ဇော်ဝင်း**



### CLAIMS DAY NOTICE
### M.V ASIAN LEADER VOY:NO(13)

Consignees of cargo carried by M.V ASIAN LEADER VOY:NO(13) are here by notified that the vessel will arrive on about 16-8-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from(08:00)AM to(11:20) AM and (12:00) NOON to (04:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day. မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
### အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
**တနိုင်းမြို့နယ် တရားမရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂**

ဦးဝင်းထွန်း နှင့် ၁။ ဒေါ်ဂျာမိုင်
၂။ ဦးဟူးခေါင်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

တနိုင်းမြို့နယ်၊ ကောင်ရာကျေးရွာ၊ နယ်မြေ(၃)နေ တရားရှုံး ဒေါ်ဂျာမိုင်(ယခုနေရပ်လိပ်စာမသိ)နှင့် တနိုင်းမြို့နယ်၊ ကောင်းရာကျေးရွာ၊ နယ်မြေ(၃)နေ ဦးဟူးခေါင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးဝင်းထွန်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၉ ရက် (၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၇ ခုနှစ်၊ ဩဂုတ် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှမျိုးဝင်း)
**မြို့နယ်တရားသူကြီး**
**တနိုင်းမြို့နယ်တရားရုံး**



**ကန့်ကွက်နိုင်ပါကြောင်း**
ပုသိမ်မြို့၊ (၅)ရပ်ကွက်၊ မဟာစေတီလမ်း၊ အကွက်အမှတ် ၇၀၊ ပန်းတင်ကုန်းအကွက်၊ ဦးပိုင်အမှတ်(၆၆-မ၊ ၆၆-ဖ၊ ၆၆-ဃ)၊ ဧရိယာ ၀ ဒသမ ၁၄၉ ဧကရှိ ဂရန်မြေကို ဦးသိန်းမြင့်အမည်ဖြင့် ဦးပိုင်ခွဲ၊ သက်တမ်းတိုးမြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာသည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် 7J/5880 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ တိုင်းရုံး(ပဲခူး)**

# လေယာဉ်ပျက်ကျမှုဖြစ်ပွားရာအနီးတွင် အလောင်းနှစ်လောင်းတွေ့ရှိ

**တိုကျို ဩဂုတ် ၁၄**

ဂျပန်နိုင်ငံအနောက်ပိုင်းရှိ တောင်တန်းထူထပ်သော ဧရိယာတစ်ခုဖြစ်သည့် နာရာစီရင်စုတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ပြီးနောက် ပျက်ကျလေယာဉ်၏အပျက်အစီးများအနီးတွင် လူသေအလောင်းနှစ်လောင်းကို တွေ့ရှိရကြောင်း သိရသည်။

တွေ့ရှိရသည့်အလောင်းနှစ်လောင်းမှာပျက်ကျလေယာဉ်ပေါ်တွင်လိုက်ပါလာသည့်အလောင်းများဖြစ်သည်ဟု ယူဆရကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နာရာရဲတပ်ဖွဲ့သည် တောင်ကုန်းဒေသပေါ်ရှိ ရာမာဇိုးရွာအနီးတွင် လေယာဉ်ပျက်ကျကြောင်းသတင်းပေးပို့မှုကို တနင်္လာနေ့ညနေခင်းတွင်ရရှိခဲ့သည်။

မီးလောင်နေသည့်လေယာဉ်ကို တောတွင်းတစ်နေရာတွင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အနီးအနားတွင်လူနှစ်ဦးကိုလဲလျောင်းလျက်အနေအထားဖြင့်တွေ့ရှိရသည်။ ညနေလေးနာရီခန့်တွင် အဆိုပါလူနှစ်ဦးမှာ သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုခဲ့သည်။

အိုဆာကာရှိ ယာအိုလေဆိပ်မှထွက်ခွာလာသည့်လေယာဉ်သည် တနင်္လာနေ့ညနေခင်းအချိန်လောက်တွင် လေဆိပ်အာဏာပိုင်များနှင့်အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ လေယာဉ်သည် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ ဖူကူရှီးမားလေဆိပ်သို့ထွက်ခွာလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လေယာဉ်သည်တောင်တန်းများပေါ်ဖြတ်ကျော်ပျံသန်းနေစဉ် အခက်အခဲတစ်စုံတစ်ရာပေါ်ပေါက်ခဲ့သည်ဟုယူဆရကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနအာဏာပိုင်များက ပြောကြားခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# နီပေါနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ၄၀ ထက်မနည်းသေဆုံး

**ခတ္တမန္ဒူ ဩဂုတ် ၁၄**

နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ယနေ့အချိန်အထိ လူပေါင်း ၄၀ထက်မနည်းသေဆုံးခဲ့ပြီး ၃၆ ဦး ပျောက်ဆုံးလျက်ရှိကာ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့အပြင် မိသားစုထောင်နှင့်ချီကာ အိုးအိမ်များစွန့်ခွာခဲ့ရကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

နီပေါနိုင်ငံတွင် ရေဘေးအဆိုးရွားဆုံးဖြစ်ပွားခဲ့သည့်ဒေသများမှာ မိုရန်နှင့် လောတဟာ စသည့်မြေနိမ့်ဒေသရှစ်ခုတို့ဖြစ်ပြီး မြစ်ချောင်းအများအပြားမှာ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့သဖြင့် အဆိုပါ အနီးဝန်းကျင်ဒေသများတွင် နေထိုင်သူတို့၏ လုံခြုံရေးကို ဆိုးရွားစွာခြိမ်းခြောက်လျက်ရှိကြောင်း သိရသည်။

ရေဘေးသင့်ဒေသများတွင် ကူညီမှုများဆောင်ရွက်နိုင်ရန် ရဲတပ်ဖွဲ့နှင့်တပ်မတော်အင်အားစုများကို အဆိုပါဒေသများသို့ စေလွှတ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒေသအများအပြားရှိ လမ်းများနှင့်တံတားများမှာ ရေကြီးမှုကြောင့် ပျက်စီးခဲ့သဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲနှင့် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နောင်လာမည့် ရက်အနည်းငယ်တွင်လည်း မိုးသည်းထန်စွာဆက်လက်ရွာသွန်းနိုင်ကြောင်း နီပေါမိုးလေဝသနှင့်ဇလဗေဒဌာနက ခန့်မှန်းထားသည်။

**(ဆင်ဟွာ)**



# ကိုရီးယားကျွန်းဆွယ်အရေး ကြီးမားသောဘေးဒုက္ခနှင့်ရင်ဆိုင်ရမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူပြော

**မော်စကို ဩဂုတ် ၁၄**

ကိုရီးယားကျွန်းဆွယ်တွင် စစ်မက်ဖြစ်ပွားရန် အခြေအနေပို၍နီးကပ်လာကြောင်းနှင့် အကယ်၍ ယခုထက်ပိုပြီးဆိုးလာမည်ဆိုပါက “ကြီးမားသောကပ်ဘေးဆိုက်မည်ဖြစ်ကြောင်း” ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် မာရီယာ ဇာကာရိုဗာက မကြာသေးမီကပြောကြားခဲ့သည်။



အမေရိကန်အစိုးရနှင့် အမေရိကန်အမတ်များသည် အမေရိကန်နိုင်ငံတွင် ပြည်သူများ အသက်မသေရန် လုပ်ဆောင်နေသော်လည်း အခြားနိုင်ငံများတွင် ယင်းနှင့် ဆန့်ကျင်ဘက်ပြုလုပ်နေကြောင်း ၎င်းက ပြောခဲ့သည်။

အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့အကြား ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခသည် အမြင့်ဆုံးသို့ရောက်နေကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် အဆိုပါကိစ္စအပေါ် နှစ်ဖက်နိုင်ငံများအနေဖြင့် အမြင်ကျယ်ကျယ်ဖြေရှင်းရန်မျှော်လင့်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့ဗ်က ပြောခဲ့သည်။

မြောက်ကိုရီးယားက အမေရိကန်ပိုင် ဂူအမ်ကျွန်းကို ဩဂုတ်လလယ်ပိုင်းတွင် ဒုံးကျည်ဖြင့်တိုက်ခိုက်မည်ဟု ခြိမ်းခြောက် ပြောကြားခဲ့သလို ဒေါ်နယ်ထရန့်ကလည်း စစ်ရေးနည်းဖြင့်ဖြေရှင်းရန် ယခုအခါ အဆင့်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောခဲ့သည်။ **(ဆင်ဟွာ)**

# အမေရိကန်၏ အရေးယူပိတ်ဆို့မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်ကဒုံးကျည်များ အဆင့်မြှင့်တင်မည်



**တီဟီရန် ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံ၏ အသစ်ထပ်မံထုတ်ပြန်ခဲ့သည့် အရေးယူပိတ်ဆို့မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက ဒုံးကျည်စနစ်သုတေသနစီမံကိန်းနှင့် စစ်ဘက်ဆိုင်ရာပြင်ပလှုပ်ရှားမှုတို့အတွက် ဘတ်ဂျက်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၅၀၀ ကျော် တိုးမြှင့်အသုံးပြုမည့် ဥပဒေမူကြမ်းကို အတည်ပြုခဲ့ကြောင်း အီရန်နိုင်ငံလွှတ်တော်က မကြာသေးမီက အတည်ပြုခဲ့ကြောင်း သိရသည်။

ဒုံးကျည်စနစ်သုတေသနလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၆၀ တိုးမြှင့်သွားမည်ဖြစ်ပြီး အီရတ်နိုင်ငံ၏ ပြည်ပစစ်ဆင်ရေးတပ်ဖွဲ့အတွက် အမေရိကန်ဒေါ်လာ သန်း ၂၆၀ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဥပဒေမူကြမ်းတွင် ဖော်ပြပါရှိသည်။

ထို့အပြင် အဆိုပါ ဥပဒေမူကြမ်းတွင် အမေရိကန်နိုင်ငံ စစ်ဘက်ဆိုင်ရာနှင့် လုံခြုံရေးဌာန၏ တာဝန်ရှိသူများကို အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေးထောက်ပံ့ခြင်း၊ သတင်းအချက်အလက်၊ စစ်ရေး၊ ထောက်ပံ့ရေးနှင့် လေ့ကျင့်ရေးတို့တွင် ကူညီဆောင်ရွက်ပေးခြင်းစသည့် အကြောင်းပြချက်တို့ဖြင့် အမည်ပျက်စာရင်းသို့ ထည့်သွင်းသွားမည်ဖြစ်ကြောင်းသိရပြီး အီရန်နိုင်ငံသို့ ဝင်ရောက်ခြင်းကိုလည်း တားမြစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်ပသို့ ထွက်ခွာသွားခဲ့သည့် အီရန်နိုင်ငံဆန့်ကျင်ရေးအဖွဲ့အစည်းများနှင့် အဆက်အသွယ်ရှိသော အမေရိကန်နိုင်ငံ အစိုးရအရာရှိများကိုလည်း အမည်ပျက်စာရင်းသို့ထည့်သွင်းလိုက်ကြောင်း ဖော်ပြပါရှိသည်။

ဒေါ်နယ်ထရန့်သည် အမေရိကန်နိုင်ငံ၏ သမ္မတရာထူးစတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ အမေရိကန်နိုင်ငံသည် အီရန် နိုင်ငံအပေါ် ဒုံးကျည်စမ်းသပ်မှုကို အကြောင်းပြုကာ ဖိအားပေးမှုများ အဆက်မပြတ်ပြုလုပ်ခဲ့သလို အရေးယူပိတ်ဆို့မှုများနှင့် အမေရိကန် နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းကိုလည်း ကန့်သတ်ခြင်းများပြုလုပ်ခဲ့သည်။

**(ဆင်ဟွာ)**

# အမေရိကန်ကားပြိုင်ပွဲတွင် လူသုံးဦးသေနတ်ပစ်ခံရပြီး သေဆုံး

**ဝါရှင်တန် ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံ ဝစ်ကွန်စင်ပြည်နယ်တွင် ယမန်နေ့က ကျင်းပခဲ့သော Great Lakes Dragway ကားပြိုင်ပွဲတွင် လူသုံးဦးသေနတ်ဖြင့်ပစ်သတ်ခံခဲ့ရပြီး သေဆုံးခဲ့ကြောင်း၊ သို့သော်လည်း သေနတ်ပစ်ခတ်မှုကို မည်သူမည်ဝါက ပြုလုပ်ခဲ့ကြောင်းနှင့် မည်သည့်အတွက်ကြောင့် ပြုလုပ်ခဲ့သည်ကို မသိရသေးကြောင်း ဒေသခံမီဒီယာတွင် ဖော်ပြခဲ့သည်။

ဝစ်ကွန်စင်ပြည်နယ် ယူနီယံ ဂရိုဗ့်ကျေးရွာတွင် Larry's Fun Fest ဟုလူသိများသော Great Lakes Dragway ကားပြိုင်ပွဲကျင်းပနေစဉ် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် အဆိုပါကားပြိုင်ပွဲကိုလာရောက် အားပေးကြည့်ရှုသော ပရိသတ် ၅၀၀၀ကျော်ရှိကြောင်းသိရသည်။

သေဆုံးသွားသည့် အမျိုးသားသုံးဦးကို အခြားသေနတ်ကိုင် အမျိုးသားတစ်ဦးက လမ်းဘေးဈေးဆိုင်တစ်ခုအနီးတွင် အနီးကပ်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ကီနိုရှဒေသရဲအရာရှိ ရှုရစ်ဒေးဗစ်ဘတ်က ယမန်နေ့ညကပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောခဲ့သည်။

သေနတ်ပစ်ခံရပြီး သေဆုံးသွားသူများမှာ အသက် ၂၀ ကျော်သို့မဟုတ် ၃၀ ကျော်လောက်အရွယ်ရှိမည်ဟု ခန့်မှန်းရပြီး အီလီနွိုက်ပြည်နယ်မှ ဖြစ်ကြောင်း သိရသည်။ သေဆုံးသွားသူများအနက် နှစ်ဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး တတိယမြောက်အမျိုးသားတစ်ဦးမှာ ဆေးရုံသို့ ပို့ဆောင်စဉ်သေဆုံးခဲ့ကြောင်း သိရသည်။

လူ့အသိုက်အဝန်းကို အန္တရာယ်ဖြစ်စေနိုင်သည့် မည်သည့်ကိစ္စကိုမဆို သတိမထားလို့မဖြစ်ကြောင်း ကီနိုရှဒေသ ရဲအရာရှိ ရှုရစ်ဒေးဗစ်ဘတ်က ပြောခဲ့သည်။

**(ဆင်ဟွာ)**

# ရေသယံဇာတထိန်းသိမ်းရေးနှင့် သစ်တောများ၏ အခန်းကဏ္ဍ

ဒေါက်တာသောင်းနိုင်ဦး (သစ်တောသုတေသန)၊ ဓာတ်ပုံ-မေမိုးသဲ

**ရေသယံဇာတ**

သဘာဝသယံဇာတအမျိုးမျိုးရှိသည့်အနက် ရေသယံဇာတသည် လူနှင့် သက်ရှိလောကအတွက် မရှိမဖြစ် အလွန်အရေးပါသော သဘာဝသယံဇာတဖြစ်သည်။ ကမ္ဘာပေါ်၌ ရွှေ၊ ငွေ၊ ကြေး၊ စိန်၊ သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည်ဖြင့် သဘာဝသယံဇာတ မြောက်မြားစွာရှိသည်မှာ အားလုံးအသိပင်ဖြစ်သည်။ သို့သော် အဆိုပါသယံဇာတများသည် ရှားပါးမှုအရ ငွေကြေးတန်ဖိုးသတ်မှတ်ထားသဖြင့် အဖိုးတန်သည်ဟု ထင်ရသော်လည်း လူသားများအပါအဝင် သက်ရှိသတ္တဝါများ၏ အသက်ရှင်သန်ရပ်တည်ရေးအတွက်မူ ရေသယံဇာတများကဲ့သို့ မရှိမဖြစ်မဟုတ်ချေ။ ရေ၏တန်ဖိုးမှာ လူ့အသက်ကဲ့သို့ပင် အဖိုးတန်လှသည်။ ရေအသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ သက်ရှိလောက ရေသာပဓာနဟူသော ဆောင်ပုဒ်များမှာ သက်ရှိများ ရှင်သန်ရပ်တည်ရေးတွင် ရေ၏အရေးပါမှုကို မီးမောင်းထိုးပြနေသည်။ ရေရှိမှ အပင်ရှိမည်။ အပင်ရှိမှ ရာသီဥတု သဟဇာတမျှတမည်။ ရာသီဥတုသဟဇာတမျှတပါမှ လူသားများနှင့် သက်ရှိသတ္တဝါများ ကောင်းမွန်စွာ ရှင်သန်နိုင်မည်ဖြစ်သည်။ ရေ၊ မြေ၊ သစ်တောသယံဇာတများနှင့် သက်ရှိသတ္တဝါများ၏ ရှင်သန်ရပ်တည်နိုင်မှုမှာ ဆက်စပ်နေသည်။ ဤဆက်စပ်မှုဂေဟစနစ်ကို တည်ငြိမ်နေစေဖို့ စဉ်ဆက်မပြတ်ထိန်းသိမ်းရန် လိုအပ်သည်။

၂၀၀၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာပေါ်၌ စုစုပေါင်း ရေချိုရရှိနိုင်မှုပမာဏမှာ ကုဗမီတာ (၄၃,၅၀၇) ဘီလီယံခန့်ရှိသည်ဟု ပညာရှင်များ တွက်ချက်ခန့်မှန်းထားသည်။ ကမ္ဘာ့လူဦးရေ တိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်းတို့ကြောင့် ရေသုံးစွဲမှုပမာဏသည် နှစ်စဉ်တိုးတက်မြင့်မားလာသည့်အပြင် သစ်တောများပြုန်းတီးမှုနှင့် ကမ္ဘာကြီးပူနွေးလာမှုများကြောင့် ရေကောင်းရေသန့်ရရှိနိုင်မှု အခြေအနေမှာလည်း တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်။

ထို့အပြင် ရွှေနှင့်သတ္တုအမျိုးမျိုးတူးဖော်ခြင်းနှင့် စက္ကူစက်ရုံများအပါအဝင် စက်မှုလုပ်ငန်းများတွင် အသုံးပြုသော ဓာတုပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများသည် မြစ်၊ ချောင်းများအတွင်းရောက်ရှိပြီး ရေထုကို ညစ်ညမ်းစေသည်။ ရေထုညစ်ညမ်းမှုကြောင့် ရေကောင်း ရေသန့်များ ရှားပါးလာသည်။ မြစ်၊ ချောင်းများကို အမှီပြုနေထိုင်သော လူနှင့် ရေနေသတ္တဝါများအား အဆိပ်သင့်စေကာ အသက်ပင် ဆုံးရှုံးကြရသည်။ မြစ်များ၊ ချောင်းများတွင် ရေနေသတ္တဝါများ လျော့နည်းလာခြင်း၊ ရေထုညစ်ညမ်းပြီး သန့်ရှင်းသောသောက်သုံးရေ ရှားပါးလာခြင်း၊ ရေနှင့်ဆက်စပ်သော ရောဂါများဖြစ်ပွားခြင်းစသည့် အကျိုးဆက်များကိုပါ ရင်ဆိုင်ကြရသည်။

**လူသားများအတွက် ရေသယံဇာတ**

ရေသယံဇာတသည် လူသားများနှင့် သက်ရှိသတ္တဝါများအတွက် မရှိမဖြစ် အရေးပါလျက်ရှိသော်လည်း ရေရှားပါးမှု၊ ရေကောင်းရေသန့် မလုံလောက်မှုနှင့် လူဦးရေတိုးပွားလာမှုကြောင့် ရေသယံဇာတနှင့် ဆက်စပ်နေသော ပြဿနာများကို ကမ္ဘာနှင့်အဝန်း ရင်ဆိုင်ရလျက်ရှိသည်။ ထင်ရှားသော အချက်အလက်အချို့မှာ -

❖ ကမ္ဘာပေါ်တွင် လူဦးရေ ၂ ဒသမ ၆ ဘီလီယံသည် သန့်ရှင်းသော သောက်ရေအရင်းအမြစ်များကို ရရှိသော်လည်း ၆၆၃ ဘီလီယံသော လူဦးရေကမူ လက်လှမ်းမီမှု မရှိသေးခြင်း၊
❖ ကမ္ဘာနှင့်အဝန်းရှိ လူဦးရေ ၁ ဒသမ ၈ ဘီလီယံသည် သန့်ရှင်းမှုမရှိသော၊ ညစ်ညမ်းနေသော သောက်ရေအရင်းအမြစ်များကိုသာ အသုံးပြုရလျက်ရှိခြင်း၊
❖ ရေရှားပါးမှုအကျိုးဆက်များသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းအပေါ် သက်ရောက်မှုရှိနေခြင်းနှင့် ဆက်လက်တိုးပွားဦးမည်ဟု ခန့်မှန်းထားခြင်း၊
❖ ၂၀၅၀ ပြည့်နှစ်၌ လူလေးဦးတွင် တစ်ဦးမှာ ရေပြတ်လပ်မှု အကျိုးဆက်များကို ခံစားကြရမည်ဟု ခန့်မှန်းထားခြင်း၊
❖ လူများကြောင့် ဖြစ်ပေါ်လာသည့် ရေဆိုး ရေညစ်များ၏ ၈၀ ရာခိုင်နှုန်းသည် ပြန်လည်သန့်စင်မှု မပြုဘဲ မြစ်များ၊ ချောင်းများ၊ ပင်လယ်များသို့ စွန့်ထုတ်ခြင်း၊
❖ ရေနှင့်ပတ်သက်သည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြောင့် နေ့စဉ်ကလေး ၁၀၀၀ ခန့် အသက်ဆုံးရှုံးလျက်ရှိခြင်း၊
❖ သဘာဝဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးရမှုများ၏ ၇၀ ရာခိုင်နှုန်းသည် ရေကြီးရေလျှံခြင်းကြောင့် ဆုံးရှုံးရခြင်း၊



❖ ကမ္ဘာ့လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်သည် ရေရှားပါးမှုပြဿနာများနှင့်ရင်ဆိုင်ရန် အလားအလာများစွာရှိနေပြီး ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ ၂ ဒသမ ၃ ဘီလီယံသည် အလွန်အမင်း ရေနည်းမှု၊ ရေရှားပါးပြတ်လပ်မှုဖြစ်နေသော မြစ်များ၏ ရေဝေရေလဲဒေသတွင်သာ နေထိုင်ရနိုင်ခြင်း စသည့် အခြေအနေများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

**ရေသယံဇာတရှားပါးလာခြင်း၏ အဓိကအကြောင်းအရင်းများ**

မြန်မာနိုင်ငံ၌ ရေသယံဇာတအပါအဝင် သဘာဝသယံဇာတများသည် ပေါများသည်ဟု ဆိုသော်လည်း အကန့်အသတ်ဖြင့်သာရှိသည်။ အထူးသဖြင့် လူနှင့် သက်ရှိတို့အတွက် မရှိမဖြစ် နေ့စဉ်လိုအပ်ချက်ဖြစ်သော ရေချို၊ ရေကောင်းရေသန့်များသည် အကြောင်းအမျိုးမျိုးကြောင့် လျော့ပါးလျက်ရှိသည်။ မြစ်ချောင်းအင်းအိုင်များ ပေါများသော်လည်း မလျော်ကန်သော မြေအသုံးချမှုများ၊ ရေဝေရေလဲဒေသ ရေထိန်းသစ်တောများ ပြုန်းတီးပျက်စီးမှုများကြောင့် မြေဆီလွှာတိုက်စား၍ နုံးအနည်အနှစ်များပို့ချပြီး မြစ်ချောင်းများ တိမ်ကောခြင်း၊ ရေကြီးရေလျှံခြင်းတို့ ဖြစ်ပေါ်ကာ ရေကောင်းရေသန့်ရရှိရန် ခက်ခဲလာသည်။ ရွှေသတ္တုတူးဖော်မှုများ၊ ရေဝေရေလဲဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများ၊ ပေါင်းသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုများ၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများစသည့် အကြောင်းအရင်းများကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိပြီး အချို့နေရာဒေသများ၌ သောက်သုံးရေ ရှားပါးမှုများ၊ ပြတ်လပ်မှုများကို ရင်ဆိုင်ရလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ အပူချိန်မြင့်မားလာမှုကြောင့်လည်းကောင်း ရေတွင်း ရေကန်များ ရေလျော့နည်းခြင်း၊ ခန်းခြောက်ခြင်း၊ ညစ်ညမ်းခြင်းများဖြစ်ပေါ်၍ ရေကောင်း ရေသန့်ရှားပါးမှုပြဿနာများ၊ ရေနှင့် ဆက်စပ်လျက်ရှိသောရောဂါများ ဖြစ်ပေါ်လျက်ရှိသည်။

**သစ်တောများနှင့် ရေသယံဇာတ**

လူနှင့်တိရစ္ဆာန်များ၊ သက်ရှိများအားလုံးအတွက် မရှိမဖြစ်လိုအပ်သည့် ရေသယံဇာတများနှင့် သစ်တောများသည် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် -

❖ သစ်တောများဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိခြင်း၊
❖ ကမ္ဘာ့အကြီးဆုံး မြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၎င်းတို့အတွက် လိုအပ်သည့် သောက်သုံးရေ၏ ရာခိုင်နှုန်းအများစုကို သစ်တောများဖုံးလွှမ်းနေသည့် သဘာဝနယ်မြေများမှ ရရှိခြင်း၊
❖ သစ်တောများသည် သဘာဝရေသန့်စက်ကြီးများသဖွယ်ဖြစ်၍ မြေဆီလွှာတိုက်စားခြင်း၊ ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့် အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်း၊
❖ ရာသီဥတုပြောင်းလဲမှုသည် သစ်တောများအပေါ် သက်ရောက်မှုရှိပြီး ထိုမှတစ်ဆင့် ရေလည်ပတ်မှုစနစ်များ၊ ရေရရှိနိုင်မှု အခြေအနေများအပေါ် လွှမ်းမိုးသက်ရောက်နိုင်ခြင်း၊
❖ စနစ်တကျ ရေသယံဇာတ စီမံခန့်ခွဲအုပ်ချုပ်ခြင်းဖြင့် စီးပွားရေးအကျိုးအမြတ်များစွာ ရရှိနိုင်ခြင်း၊ ရေဝေရေလဲဒေသရှိ သစ်တောများထိန်းသိမ်းရန် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ ရင်းနှီးမြှုပ်နှံတိုင်း ရေသန့်စင်ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျမည့် အမေရိကန် ဒေါ်လာ ၇ ဒသမ ၅ ဒေါ်လာ မှ ဒေါ်လာ ၂၀၀ အထိ သက်သာစေနိုင်ခြင်း၊
❖ သစ်တောများသည် ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြန်လည်ကောင်းမွန်လာစေရေးအတွက် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး သစ်တောများမှ အထောက်အပံ့ပြုသည့် ဂေဟစနစ်ဝန်ဆောင်မှုများ၏ တန်ဖိုးသည် အလွန်များပြားခြင်း စသည်တို့ကြောင့် သစ်တောများကို စိုက်ပျိုးပြုစု ထိန်းသိမ်းနိုင်မှသာလျှင် သဘာဝရေထွက်များ၊ စိမ့်စမ်းရေများ၊ မြေအောက်ရေများ၊ မြစ်ချောင်း အင်းအိုင်များ ထာဝစဉ်တည်တံ့၍ ရေကောင်း ရေသန့် သောက်သုံးရေများ လုံလောက်စွာရရှိနိုင်မည် ဖြစ်သည်။

**မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်များနှင့် ရေဝေရေလဲ ထိန်းသိမ်းရေး သစ်တောကြီးများ**

ရေအရင်းအမြစ်ဆိုသည်မှာ ရေရရှိစေသော ရေထွက်ရှိရာဒေသများဖြစ်သည့် ရေခဲဖုံးလွှမ်းသော တောတောင်၊ သစ်တောများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတိမ်ဒေသ၊ ဆည်မြောင်း၊ ရေကန်စသည်တို့ ဖြစ်သည်။ ရေဝေရေလဲဒေသဆိုသည်မှာ မြစ်၊ ချောင်းများအတွင်းသို့ ရေစီးဆင်းစေသော ကုန်းမြေဧရိယာကို ခေါ်သည်။ ရေသည် သစ်တောများဖုံးလွှမ်းသော တောတောင်ဒေသမှ ပင်လယ်၊ သမုဒ္ဒရာအထိစီးဆင်းသဖြင့် ကမ္ဘာ့ရေဝေရေလဲဒေသများသည် အလွန်ကျယ်ပြန့်သည်။

အလားတူပင် မြန်မာနိုင်ငံ၏ အဓိကရေဝေရေလဲ ဒေသကြီးများဖြစ်သည့် မြောက်ဖျား ခါကာဘိုရာဇီတောင်တန်းမှသည် တောင်ဖျား တနင်္သာရီကမ်းရိုးတန်းဒေသ၊ အရှေ့ဘက်ခြမ်း ရှမ်းတောင်တန်းများမှသည် အနောက်ဘက်ခြမ်း ချင်းတောင်တန်းများနှင့် ရခိုင်ရိုးမ၊ အလယ်ပိုင်း ပဲခူးရိုးမမှသည် အပူပိုင်းဒေသများအထိ သစ်တောများနှင့် ရေဝေရေလဲဒေသများသည် နိုင်ငံ့ဧရိယာ၏ ၈၀ ရာခိုင်နှုန်းခန့် ရှိပါသည်။

အဆိုပါ ကြီးမားကျယ်ပြန့်လှသည့် ရေဝေရေလဲဒေသအတွင်းရှိ ရေ၊ မြေ၊ တောတောင်နှင့် သစ်တောသယံဇာတ တစ်မျိုးမျိုးသည် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူသားများ၏ ပရောဂကြောင့်ဖြစ်စေ ပျက်စီးသောအခါ ရေသယံဇာတများအပေါ်တွင် ဆိုးကျိုးသက်ရောက်မှု ဖြစ်ပေါ်စေပြီး လူသားများအပါအဝင် သက်ရှိသတ္တဝါများနှင့် သဘာဝပတ်ဝန်းကျင်အပေါ်ဆိုးကျိုးများ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ရေချိုများထွက်ရှိရာ ရေအရင်းအမြစ်များနှင့် ရေဝေရေလဲဒေသများ၊ သစ်တောများကို ထိန်းသိမ်း ကာကွယ်ရန် အထူးလိုအပ်ပါသည်။

ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတ အကဲဖြတ်အစီရင်ခံစာ (FRA 2015) အရ မြန်မာနိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၆ ရာခိုင်နှုန်းသည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး သစ်နှင့် သစ်တောထွက်ပစ္စည်းများအပြင် ရေသယံဇာတထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး စသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် မယ်စကြဝဠာအလှမယ်များ စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဩဂုတ် ၁၄**

၂၀၁၇ ခုနှစ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန မယ်စကြဝဠာအဖွဲ့အစည်းနှင့် ချင်းတွင်းမြစ်ကြောင်း စီမံကိန်းတို့၏ စုပေါင်းမိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၁၃ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမ ကြီးဘေး ကျောက်တံခါးမြို့နယ် မိုင်တိုင် ၇၆ အနီး ကျန့်ချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး သိကောင်းစရာများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ကမ္ဘာကြီးပူနွေးရခြင်းအကြောင်းနှင့် စပ်လျဉ်း၍လည်းကောင်း ပြောကြားသည်။

"ကျွန်မတို့ ဒီမယ်စကြဝဠာ မယ်တွေထဲက ၂၀၁၈ ခုနှစ်မှာ ကျင်းပမယ့် မယ်စကြဝဠာပြိုင်ပွဲကြီးအတွက် မြန်မာနိုင်ငံကိုယ်စားပြု ရွေးချယ်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုရွေးချယ်ပေးလိုက်တဲ့ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို သိရှိနိုင်ဖို့အတွက် သစ်ပင်စိုက်ပျိုးပွဲကို ပါဝင်ဆင်နွှဲရတာဖြစ်ပါတယ်"ဟု မယ်စကြဝဠာအဖွဲ့အစည်းမှ နေရှင်နယ်ဒါရိုက်တာ ဒေါ်စိုးယုဝေက ပြောသည်။

ယင်းသစ်ပင်စိုက်ပျိုးပွဲတွင် မယ်စကြဝဠာ ဆန်ခါတင်အလှမယ်များ၊ ကျောင်းသားကျောင်းသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ ကင်းထောက်ကြီးများနှင့် ကင်းထောက်မောင်မယ်များက ကျွန်း၊ မဲဇလီ၊ သပြေ အစရှိသော သစ်ပင်ပျိုးပင်ပေါင်း ၂၀၀ ကျော်ကို စိုက်ပျိုးပေးကြသည်။

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး**



# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်နှင့် အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု**
**တက္ကသိုလ်ဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်**
**ဥပဒေအမှတ်     / ၂၀၁၇)**
**၁၃၇၉ ခုနှစ်၊     လ     ရက်**
**(၂၀၁၇ ခုနှစ်၊     လ     ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **တက္ကသိုလ်** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ဆိုသည်။

(ခ) **ထေရဝါဒ** ဆိုသည်မှာ ပထမသင်္ဂါယနာမှ ဆဋ္ဌသင်္ဂါယနာအထိ သင်္ဂါယနာ ခြောက်တန်တင်ထားသော ပါဠိတော် အဋ္ဌကထာ၊ ဋီကာ အစရှိသည့် ဗုဒ္ဓဟောကြားတော်မူ ခဲ့သည်များကို ပြောင်းလဲမှုမရှိဘဲ သန့်ရှင်းစွာတည်တံ့စေရန် ထိန်းသိမ်းထားသည့် ပိဋကတ်တော်များကို ဆိုသည်။

(ဂ) **ဩဝါဒါစရိယအဖွဲ့** ဆိုသည်မှာ ဤတက္ကသိုလ်၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဩဝါဒချီးမြှင့်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ကို ဆိုသည်။

(ဃ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရ အဖွဲ့ကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(စ) **ကောင်စီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ကောင်စီကို ဆိုသည်။

(ဆ) **ဝန်ထမ်းဖွဲ့စည်းပုံ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝန်ထမ်းဖွဲ့စည်းပုံကို ဆိုသည်။

**အခန်း(၂)**
**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**တည်ထောင်ခြင်း**

၃။ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၀/၉၈) ဖြင့် တည်ထောင်ခဲ့သည့် တက္ကသိုလ်ကို ဤဥပဒေအရ ဆက်လက်တည်ထောင်ထားရှိရမည်။

၄။ တက္ကသိုလ်သည် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ် ပညာဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များ ချီးမြှင့်ခွင့်ရှိသည်။

၅။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၆။ တက္ကသိုလ်သည် ပြည်တွင်းပြည်ပတို့၌ ယင်း၏ကြီးကြပ်မှု အောက်ရှိ ဆက်သွယ်ပေါင်းကူးဆောင်ရွက်နိုင်သော ထေရဝါဒ ဗုဒ္ဓသာသနာပြုကောလိပ်၊ သိပ္ပံ၊ သင်တန်းကျောင်းနှင့် တရားစခန်းများကို လိုအပ်သလို ဖွဲ့စည်းတည်ထောင်နိုင်သည်။

၇။ တက္ကသိုလ်သည် ပြည်တွင်းပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ဘာသာရေး အဖွဲ့အစည်းများကို လိုအပ်ချက်နှင့်အညီ အပြန်အလှန် ပူးပေါင်းဆက်သွယ် ဆောင်ရွက်နိုင်သည်။

**အခန်း(၃)**
**ရည်မှန်းချက်များ**

၈။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊

(ခ) သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊

(ဂ) အကုသိုလ် ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ ကုသိုလ် ဖြစ်စေမည့် သုစရိုက်များကို သိရှိဖြည့်ဆည်း ကျင့်သုံးနိုင်စေရန်၊

(ဃ) ကမ္ဘာတစ်ဝန်းလုံးတွင် ဖြဟ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊

(င) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလ ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန်၊

(စ) ထေရဝါဒ ပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလိုသည့် ပြည်တွင်း ပြည်ပမှ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊

(ဆ) ထေရဝါဒဗုဒ္ဓဘာသာ ပြန့်ပွားရေးအတွက် ပြည်တွင်း ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ တက္ကသိုလ်၏ ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် တက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေရန်။

**အခန်း(၄)**
**ဩဝါဒါစရိယအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၉။ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဩဝါဒါစရိယအဖွဲ့ကို အောက်ပါ ဆရာတော်ကြီးများ ပါဝင်သော အဖွဲ့ဖြင့် ဖွဲ့စည်းသည်-

(က) ဥက္ကဋ္ဌ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ — ဥက္ကဋ္ဌ

(ခ) အကျိုးတော်ဆောင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ — ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဥက္ကဋ္ဌ ခြောက်ပါး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ — အဖွဲ့ဝင်

(ဃ) နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်များအုပ်ချုပ်ရေးဗဟို အဖွဲ့ဝင်ဖြစ်ပြီး နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ဝင်လည်းဖြစ်သော ဆရာတော် သုံးပါး — အဖွဲ့ဝင်

(င) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) — အဖွဲ့ဝင်

(စ) ပါမောက္ခချုပ် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(မန္တလေး) — အဖွဲ့ဝင်

(ဆ) အဓိပတိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်းမြို့) — အဖွဲ့ဝင်

(ဇ) မဟာဌာနမှူးဆရာတော် လေးပါး အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — အဖွဲ့ဝင်

(ဈ) ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — အတွင်းရေးမှူး

(ည) ဒုတိယပါ မောက္ခချုပ် ဆရာတော် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — တွဲဖက်အတွင်း ရေးမှူး

၁၀။ ဩဝါဒါစရိယအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) တက္ကသိုလ်ပညာရေးကို ထေရဝါဒပိဋကတ်တော် နှင့်အညီ ဖြစ်စေရန် ကြပ်မတ်၍ ဩဝါဒချီးမြှင့် ခြင်း၊

(ခ) တက္ကသိုလ်တွင် ပညာသင်ကြားပို့ချသူများ အဆင့် မြင့်မားတိုးတက်လာစေရန် ဩဝါဒချီးမြှင့်ခြင်း၊

(ဂ) ကောင်စီ၏ လိုအပ်ချက်များကို ဩဝါဒချီးမြှင့်ခြင်း၊

(ဃ) တက္ကသိုလ်ကောင်စီ အရေးပေါ်အစည်းအဝေး ခေါ်ယူရန် လိုအပ်ပါက ညွှန်ကြားခြင်း။

၁၁။ ဩဝါဒါစရိယအဖွဲ့၏ဥက္ကဋ္ဌသည် တက္ကသိုလ်၏အဓိပတိ ဖြစ်ပြီး ဒုတိယဥက္ကဋ္ဌသည် တက္ကသိုလ်၏ ဒုတိယအဓိပတိ ဖြစ်သည်။

၁၂။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကို ခြောက်လလျှင် တစ်ကြိမ် ကျင်းပပြုလုပ်ရမည်။

**အခန်း(၅)**
**ကောင်စီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၁၃။ အစိုးရအဖွဲ့သည် တက္ကသိုလ်၏ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) ပါမောက္ခချုပ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — နာယက

(ခ) ဒုတိယပါမောက္ခချုပ် (သင်ကြား)နှင့် မဟာဌာနမှူးများ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — နာယကအဖွဲ့ဝင်

(ဂ) ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ဃ) ဒုတိယဝန်ကြီး သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(င) အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန — အဖွဲ့ဝင်

(စ) သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနက တာဝန်ပေးအပ်သော လူပုဂ္ဂိုလ် ပညာရှင်များ — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူးချုပ် သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန — အဖွဲ့ဝင်

(ဈ) ဒုတိယအမြဲတမ်းအတွင်းဝန် သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန — အဖွဲ့ဝင်

(ည) ဒုတိယပါမောက္ခချုပ်(စီမံ) အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် — အတွင်းရေးမှူး

၁၄။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၅။ ဩဝါဒါစရိယအဖွဲ့ အစည်းအဝေးကျင်းပပြီးသည့်နောက် တွင် ကောင်စီအစည်းအဝေးကို ဆက်လက်ကျင်းပရမည်။ လိုအပ်ပါက လိုအပ်ချက်နှင့်အညီ အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၆။ ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ဩဝါဒါစရိယအဖွဲ့ထံမှ ဩဝါဒခံယူခြင်း၊

(ခ) ဩဝါဒါစရိယအဖွဲ့အစည်းအဝေးများ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(ဂ) တက္ကသိုလ်ပညာရေးဆိုင်ရာမူဝါဒ ချမှတ်ခြင်း၊

(ဃ) တက္ကသိုလ်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊

(င) တက္ကသိုလ်ပညာရေးနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများနှင့် သင်ကြားရေး လုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ပေးခြင်း၊

(စ) တက္ကသိုလ် အုပ်ချုပ်ရေးနှင့်သက်ဆိုင်သည့် စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ပေးခြင်း၊

(ဆ) တက္ကသိုလ်ကအပ်နှင်းမည့် အောင်လက်မှတ်၊ ဒီပလိုမာလက်မှတ်၊ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များ သတ်မှတ်ခြင်း၊ ယင်းတို့အတွက် သင်တန်း အမျိုးအစားနှင့် သင်တန်းကာလများ သတ်မှတ်ခြင်း၊

(ဇ) တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် သင်တန်း သားဦးရေ သတ်မှတ်ခြင်း၊

(ဈ) တက္ကသိုလ်ဝင်ခွင့် အရည်အချင်း သတ်မှတ်ခြင်း၊

(ည) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ အရည်အချင်းသတ်မှတ်ခြင်း၊

(ဋ) တက္ကသိုလ်စာမေးပွဲများနှင့် စပ်လျဉ်း၍ ညွှန်ကြား ခြင်း၊

(ဌ) တက္ကသိုလ်၏ ပညာသင်ဆု၊ ပညာရပ်ဆိုင်ရာ ထူးချွန်ဆုများကို သတ်မှတ်ခြင်း၊

(ဍ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးလုပ်ငန်းကို ကြီးကြပ် ကွပ်ကဲခြင်း၊

(ဎ) တက္ကသိုလ်၏ ကြီးကြပ်မှုအောက်ရှိ ထေရဝါဒဗုဒ္ဓ သာသနာပြုကောလိပ်၊ သိပ္ပံ၊ သင်တန်းကျောင်း နှင့် တရားစခန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဏ) လိုအပ်သော ကျွမ်းကျင်မှုအကူအညီ၊ အခြားအကူ အညီများနှင့် အကြံဉာဏ်များကို အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်း များနှင့် ပုဂ္ဂိုလ်များထံမှ ရယူခြင်း၊

(တ) တက္ကသိုလ်ရှိ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက် များကို စိစစ်သုံးသပ်ခြင်း၊

(ထ) သင်ကြားရေးနှင့် သုတေသနပြုရေး လုပ်ငန်းများ အတွက် လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဒ) တက္ကသိုလ်အတွက် စာကြည့်တိုက်၊ ပြတိုက်များကို တည်ထောင်ခြင်း၊

(ဓ) သတင်းအချက်အလက်များ ဖြန့်ချိခြင်းနှင့် လက်ခံ ထိန်းသိမ်းခြင်းတို့အတွက် လိုအပ်သည့် နည်း ပညာများရရှိစေရန် စီစဉ်ဆောင်ရွက်ခြင်း၊

(န) တက္ကသိုလ်၏ ရည်မှန်းချက်ကို အထောက်အကူပြု စေမည့် အခြားတက္ကသိုလ်များ၊ ပညာရေးအဖွဲ့ အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊

(ပ) တက္ကသိုလ်ပိုင် ရန်ပုံငွေများ၊ အဆောက်အအုံ နှင့် ပစ္စည်းများကို ထိန်းသိမ်းခြင်း၊ သတ်မှတ်ချက် နှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဖ) တက္ကသိုလ်သို့ လှူဒါန်းသော ငွေကြေး၊ ပစ္စည်းနှင့် အခြားအကူအညီများကို လက်ခံခြင်း၊ ထိန်းသိမ်း ခြင်းနှင့် စီမံခန့်ခွဲခြင်း။

**အခန်း(၆)**
**ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်**

၁၇။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား) တို့ကို ခန့်အပ်ရာတွင် ဩဝါဒါစရိယအဖွဲ့၏ အတည်ပြုချက်ရယူ၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ခန့်အပ်ရမည်။

၁၈။ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် (သင်ကြား)တို့၏ ဂုဏ်အင်္ဂါအရည်အချင်း သတ်မှတ်ချက်များ မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်တော် ၅၀ နှစ်၊ သိက္ခာတော် ၃၀ ဝါပြည့်ပြီး ဖြစ်ရမည်။

(ခ) ပါရဂူဘွဲ့ ရရှိပြီးဖြစ်ရမည်။

(ဂ) အင်္ဂလိပ်ဘာသာ ကျွမ်းကျင်ရမည်။

(ဃ) အောက်ဖော်ပြပါ ပရိယတ္တိစာမေးပွဲများအနက် အနည်းဆုံး သုံးခုအောင်မြင်ရမည်-

(၁) သာသနဓဇဓမ္မာစရိယ သို့မဟုတ် သာသန တက္ကသီလ မဟာဓမ္မာစရိယ

(၂) သာသနဓဇသိရီပဝရဓမ္မာစရိယ သို့မဟုတ် ပါဠိပါရဂူ

(၃) ပရိယတ္တိသာသနဟိတဓမ္မာစရိယ၊ သကျသီဟ

(၄) စေတီယင်္ဂဏ ပရိယတ္တိဓမ္မာစရိယဂဏဝါစက

(င) ရဟန်းရှင်လူတို့ လေးစားထိုက်သော ကျမ်းစာအုပ်ကို ရေးသားပြုစုဖူးသူဖြစ်ရမည်။

(စ) အောက်ဖော်ပြပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည်-

*(ဆက်လက်ဖော်ပြပါမည်)*

# ပခန်းကျောင်းတော်ကြီးနှင့် သရက္ခန်ရုပ်ပွားတော်များ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာလူမျိုးအများစုသည် ပခန်းကြီးဟုဆိုလျှင် ပခန်းကိုကြီးကျော်နှင့် သရက္ခန်ရုပ်ပွားတော်များကို အမှတ်ရလေ့ရှိကြသည်။ ပခန်းကြီးသည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ရွာကြီးတစ်ရွာဖြစ်ပြီး မြေပုံအညွှန်းအရ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၃၂ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ်အကြားတွင် တည်ရှိသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၅၀ မြင့်ကာ ရောဝတီနှင့် ချင်းတွင်းမြစ်ဆုံမှ အနောက်ဘက်သို့ သုံးမိုင်၊ ရေစကြိုမြို့မှ ၁၀ မိုင်၊ ပခုက္ကူမြို့မှ ၁၇ မိုင်၊ ရှင်မတောင်မှ ခြောက်မိုင် ကွာဝေးသည့် ပခန်းကြီးသည် ရှေးဟောင်းစေတီပုထိုးများ၊ အဆောက်အအုံများ၊ ဗုဒ္ဓရုပ်ပွားတော်များ၊ မြင့်မားသည့်မြို့ရိုးကြီးများ တည်ရှိနေသည့် ရှေးဟောင်းအမွေအနှစ်ဒေသတစ်ခု ဖြစ်ပေသည်။

**ပခန်းကြီး**

ဇမ္ဗူဒီပဥဆောင်ကျမ်း၌ ပခန်းကြီး၏နယ်နိမိတ်ကို အရှေ့ဘက်တွင် ဧရာဝတီ၊ တောင်ဘက်တွင် ငကျော်မြေနှင့် ကျောခိုင်း၊ အနောက်ဘက်တွင် ဝေဘူလတောင်တန်း၊ မြောက်ဘက်တွင် မယားမုံညင်းရွာဟု ဖော်ပြထားသည်။ ပခန်းကြီးမှ အနောက်ဘက် တစ်မိုင်အကွာတွင် ချင်းတွင်းမြစ်သို့ ရေလမ်းထွက်ပေါက်ဖြစ်သည့် ပခန်းငယ်ဆိပ်ကမ်းရွာရှိပြီး ယင်းပခန်းငယ်ကို စလေအနီးမှ ပခန်းငယ်နှင့် မှားတတ်ကြသည်။

ကျုံးနှင့်မြို့ရိုးများရှိသော ပခန်းကြီးသည် ရှေးမြန်မာဘုရင်များလက်ထက်က ချင်းတွင်းမြစ်အနောက်ဘက်ခြမ်းတွင် အကြီးဆုံးမြို့ဖြစ်ခဲ့ကာ ပုဂံနှင့်ခေတ်ပြိုင်တိုးတက်ထွန်းကားခဲ့ပြီး ကုန်းဘောင်ခေတ်တွင်လည်း ရတနာပုံပြီးလျှင် အဖွံ့ဖြိုးဆုံးဒေသ ဖြစ်ခဲ့သည်။

ပခန်းကို ကုခန်းကြီး၊ ကူးသန်းကြီး၊ ပုခန်းကြီး၊ ပခန်းကြီးဟု ခေါ်ဆိုခဲ့သည်။ နန္ဒင်းကိုင်းမှ ပခန်းကြီးသို့ ချင်းတွင်းမြစ်ရေသွင်းရန်ဖောက်ထားသည့် တူးမြောင်းကို အစွဲပြုလျက် မြောင်းတူးဟုလည်း ခေါ်ခဲ့ကြသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တွင် စစ်သည် ၄၀၀ စုစည်းပေးရသည့် လေးရာပြုမြို့ဖြစ်သောကြောင့် စာဆိုရှင် စိန္တကျော်သူဦးဩကြ ကဝိလက္ခဏာသတ်ပုံကျမ်းတွင် 'လေးရာပြုဆန်း၊ မြို့ကူးခန်း၊ ပခန်းခေါ်တထွေ'ဟု ရေးဖွဲ့ခဲ့သည်။

သီပေါမင်းလက်ထက်တွင် ပခန်းကြီးသည် အရေးပါသော အုပ်ချုပ်ရေးနယ်မြေတစ်ခုအဖြစ် ရပ်တည်ခဲ့သည်။ ခရစ်နှစ် ၁၈၂၉ ခုနှစ်မှ ၁၈၅၅ ခုနှစ်အတွင်း သွေးသောက်စုဖွဲ့စာရင်းအရ နယ်မြေ ၁၆ ခုတွင် ပခန်းကြီးသည် ဒီပဲယင်းပြီးလျှင် ဒုတိယနေရာတွင် ရှိခဲ့သည်။ မြန်မာဘုရင်များလက်ထက်တွင် အမြဲ ဖွဲ့စည်းထူထောင်ထားသည့် လက်နက်ကိုင် တပ်မတော်အဖွဲ့အစည်းမရှိဘဲ စစ်တိုက်ရန် လိုအပ်လာချိန်များတွင် မြို့အရွယ်အစားနှင့်လူဦးရေအပေါ် မူတည်လျက် စစ်သည်အင်အားကို အရေအတွက် ရာဂဏန်းမှ သိန်းဂဏန်းအထိ စုဆောင်းပေးကြရသည်။ စစ်သည်အင်အား စုဆောင်းနိုင်မှုအရ ရှေးခေတ် မြန်မာမြို့များသည် သိန်းပြုမြို့ သောင်းပြုမြို့ ထောင်ပြုမြို့ ရာပြုမြို့များဟု အမည်များ သတ်မှတ်ခဲ့သည်။

သက္ကရာဇ် ၄၃၀ ပြည့်နှစ်တွင် ရေးထိုးခဲ့သည်ဟု ဆိုသည့် ဂဝံကျောင်းကျောက်စာကို ပခန်းနှင့်ပတ်သက်သည့် အစောဆုံးကျောက်စာဖြစ်နိုင်ကြောင်း သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာတိုးလှက ယူဆခဲ့သည်။ ဆရာကြီးက ပုဂံသည် ပျူဂါမမှ ပျူဂံ၊ ပုဂံဖြစ်လာသည်ဆိုလျှင် ပုခန်းသည် ပျူခန်းမှ ဖြစ်လာနိုင်စရာမရှိပြီလောဟု သုံးသပ်ခဲ့သည်။ ပျူလူမျိုးများသည် ပခန်းဒေသတွင် နောက်ဆုံးနေခဲ့ကြပြီး ရှိနှင့်ပြီးသော မြန်မာများနှင့်သွေးနှောကာ ကုန်ခန်းသွားကြောင်း ယူဆနိုင်၍ ပျူခန်းမှ ပုခန်းဖြစ်လာသည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်ကြောင်း ရေးသားခဲ့သည်။

စည်သူမင်းသည် ပခန်းသူကြီးအုပ်ချုပ်ရမည့် ပခန်းကြီးနယ်ကို အရှေ့ဘက်နှင့်တောင်ဘက်တွင် ဧရာဝတီမြစ်၊ အနောက်ဘက်တွင် ရိုးမတောင်ခြေနှင့် မြောက်ဘက်တွင် ယမားချောင်းအထိ ပိုင်နက်သတ်မှတ်ခဲ့ကြောင်း မင်းနေမျိုးရဲထင်နော်ရထာ၏ ပခန်းကြီး စည်သူရှင်ဘုရားသမိုင်း ပေမူတွင် ရေးသားထားကာ ပခန်းနယ်တွင် ရွာကြီးရွာငယ်ပေါင်း ၂၉၉ ရွာရှိခဲ့သည်ဟု ဆိုသည်။

ပခန်းကြီးကို ငါးကြိမ်တည်ခဲ့ရာ ခရစ်တော်မပေါ်မီ ၅၀၈ ခုနှစ်တွင် ဓနုသီဟမင်းက ပထမဆုံး တည်ထောင်ခဲ့သည်။ ဆက်လက်၍ ခရစ်နှစ် ၇၃၈ ခုနှစ်တွင် စည်သူနှင့်ကျော်စွာတို့ကလည်းကောင်း၊ ခရစ်နှစ် ၁၃၀၅ ခုနှစ်တွင် တစ်စီးရှင်သီဟသူကလည်းကောင်း၊ ခရစ်နှစ် ၁၃၈၀ ပြည့်နှစ်တွင် မင်းကြီးစွာစော်ကဲကလည်းကောင်း၊ ၁၇၃၈ ခုနှစ်တွင် မဟာဓမ္မရာဇာဓိပတိကလည်းကောင်း ပခန်းကြီးကိုတည်ခဲ့ကြောင်း ပခန်းကြီးမြို့သမိုင်း အကျဉ်းချုပ်တွင် ရေးသားထားသည်။

ပခန်းကြီးကို ပထမဆုံးတည်ထောင်ခဲ့သူ သိရိကြိဘဝနာနုရုဒ္ဓ မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ဓနုသီဟမင်းသည် ချင်းတွင်းမြစ်၏ အနောက်ဘက်၊ တောင်မကြီးအရှေ့ဘက်တွင် မြို့ရုံ ၅၀ ရှိသော မဟာနာဂရမြို့ကြီးကို သာသနာသက္ကရာဇ် ၃၆ ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်တွင် တည်ခဲ့ပြီး မင်းဆက် ပခန်းမြို့ကို ပုဂံသိန်းခိုမင်းလက်ထက် မြောက်နန်းမိဘုရား၏ သားတော်များဖြစ်သော စည်သူနှင့်ကျော်စွာတို့သည် ပခန်းကြီးမြို့ဟောင်းနေရာတွင် ကူဖြူဘုရား၊ ကူနီဘုရားနှင့် ပခန်းမြို့ဟူသည့် သုံးဌာနကို တစ်ပြိုင်တည်းတည်ခဲ့သည်။

မင်းစည်သူနှင့် မင်းကျော်စွာတို့သည် ပခန်းကြီးကျုံးအတွင်းသို့ ချင်းတွင်းမြစ်ရေကို သွင်းယူရန် နန္ဒင်းကိုင်းမှ တူးမြောင်းတစ်ခု တူးဖော်ခဲ့သည်။ တူးမြောင်းဖောက်လုပ်ရာတွင် ညီဖြစ်သူ မင်းကျော်စွာသည် အရက်သေစာသောက်စား ပျော်ပါးနေကာ တာဝန်မကျေပွန်ခဲ့သဖြင့် နောင်တော်မင်းစည်သူက ညီတော်ကို ကွပ်မျက်ခဲ့ရာ ကျော်စွာသည် ပခန်းကိုကြီးကျော်နတ်အဖြစ် ယနေ့တိုင် ထင်ရှားလျက်ရှိသည်။

ပင်းယ တစ်စီးရှင်သီဟသူသည် ပခန်းကြီးကို မြို့တာဝန်း ၅၀၀ ရှိသော မြို့ကြီးအဖြစ် တတိယအကြိမ် တည်ထောင်စေခဲ့ရာ လက်မည်းအမတ် ဦးဆောင်လျက် မြို့တည်လုပ်ငန်းများကို သက္ကရာဇ် ၆၆၇ ခုနှစ် တပေါင်းလဆန်း ၇ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မြို့တည်သက္ကရာဇ်ကို 'သုသုတန်း၊ ပခန်းတည်'ဟု အမှတ်အသားပြုခဲ့သည်။

စတုတ္ထပခန်းကြီးကို သက္ကရာဇ် ၇၄၂ ခုနှစ်တွင် အင်းဝဘုရင် မင်းကြီးစွာစော်ကဲက ခံတပ်မြို့တစ်မြို့အဖြစ် အမတ် စောမည်ကို တည်ထောင်စေပြီး မြို့စားအရာ ပေးခဲ့သည်။ ညောင်ရမ်းမင်းဆက်၏ နောက်ဆုံးဘုရင် မဟာဓမ္မရာဇာဓိပတိဘွဲ့ခံ ဟံသာဝတီရောက်မင်းတရားသည် ပခန်းကြီးခံတပ်အုတ်ရိုးများကို ပြုပြင်ခဲ့သည်။ ပခန်းမြို့ဟောင်းမြို့ရိုးသည် မြန်မာနိုင်ငံ ရှေးဟောင်းမြို့ရိုးများအနက် အကြီးဆုံးဖြစ်သည်။

ပခန်းကြီးသည် ပုဂံခေတ်မှစ၍ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင်မင်းဆက်များအထိ မြို့စားနယ်စားများ အုပ်ချုပ်ခဲ့ပြီး သုနာပရန္တတိုင်း ခံတပ်မြို့ ၁၆ မြို့တွင် တစ်မြို့အပါအဝင်ဖြစ်ခဲ့သည်။

**ပခန်းကျောင်း နှစ်ကျောင်း**

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကောက်ယူခဲ့သော စာရင်းများအရ ပခန်းကြီးဒေသတွင် ရှေး ဟောင်းအဆောက်အအုံ ၃၂၂ ခု ရှိသည့်အနက် ကျွန်းတိုင်လုံးများစိုက်ထူထားသည့် ပခန်းကျောင်းတော်ကြီးသည် အထင်ရှားဆုံးဖြစ်သည်။

ရတနာပုံခေတ်လက်ရာ ပခန်းကျောင်းတော်ကြီးတွင် ကျွန်းတိုင် ၂၅၄ လုံးရှိပြီး တိုင်အရေအတွက်ကို 'ကြောင်မျက်ရွဲ'ဟု မှတ်သားခဲ့ကြသည်။ ကျွန်းတိုင်များကို အလုံးလိုက် စိုက်ထူထားပြီး တိုင်များ၏လုံးပတ်သည် ၆ ပေ ၄ လက်မ နှင့် ၇ ပေ ၂ လက်မအကြား ရှိသည်။ တိုင်များ၏ ထိပ်ဝအချင်းသည် လက်မ ၃၀ ဖြစ်ပြီး ကျောင်းတော်ကြီးတည်ဆောက်ရာတွင် သုံးစွဲထားသည့် တိုင်များအနက် အမြင့်ဆုံးတိုင်သည် ပေ ၉၀ မြင့်သည်။

ပခန်းကြီးကျောင်းကြီးကို ကျီဝန်ဦးဘိုးတုတ်က မိမိ၏ငယ်ဆရာတော် ဦးဂုဏသီတင်းသုံးရန် မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်(ခရစ်နှစ် ၁၈၆၈ ခုနှစ်)ဝန်းကျင်တွင် ဆောက်လုပ်လှူဒါန်းခဲ့ရာ အချိန် နှစ်နှစ်ကျော်ကြာ တည်ဆောက်ခဲ့ရသည်။ ကျောင်းဆောက်ရန်လိုအပ်သည့် ကျွန်းသစ်များကို မင်းတုန်းမင်းကြီး၏ခွင့်ပြုမိန့်ဖြင့် ဘုရင့်သစ်ကွင်းမှ ခုတ်ယူကာ ချင်းတွင်းမြစ်ကြောင်းမှတစ်ဆင့် ပခန်းကြီးသို့ သယ်ယူခဲ့သည်။ သစ်များသယ်ယူခနှင့် ကျောင်းဆောက်လုပ်သည့် လက်သမားခ ကုန်ကျစရိတ် ၅၄၇၆၂ ကျပ်ကို 'ကွမ်းသီးတစ်လုံးဖိုး'ဟု မှတ်သားခဲ့ကြသည်။ ပါဠိသင်္ချာအရ အက္ခရာများကို နေ့နံကိန်းများအတိုင်း နောက်မှရှေ့သို့ ပြန်လည်ရေတွက်ရသည်ဟု ဆိုသည်။

ငယ်စဉ်က ဦးဂုဏကျောင်းတွင် နေထိုင်ခဲ့သည့် ဦးဘိုးတုတ်သည် အရွယ်ရောက်ချိန်တွင် လေ့သူကြီးဖြစ်လာခဲ့သည်။ ပုဂံမင်းနှင့် မင်းတုန်းမင်းသားတို့ အားပြိုင်ကြချိန်တွင် ဦးဘိုးတုတ်သည် မင်းတုန်းမင်းသားထံ စစ်ရိက္ခာအဖြစ် လှေနှင့်ကုန်များကို ဆက်သခဲ့ရာ မင်းတုန်းမင်း နန်းတက်သောအခါ ဦးဘိုးတုတ်ကို ကျီဝန်ရာထူး ပေးအပ်ခဲ့သည်။

ကျီဝန်ဦးဘိုးတုတ်သည် ပခန်းကြီး အနောက်ကျုံးဟောင်း နဂါးတွင်းရပ်ရှိ ကျောင်းတော်ကြီးကို အလျားဘက်တွင် တိုင် ၂၄ လုံးတန်းနှင့် အနံဘက်တွင် တိုင် ၁၂ လုံးတန်း တည်ဆောက်ခဲ့သည်။ ထို့ကြောင့် အလျားဘက်တွင် ခန်းပွင့် ၂၃ ခန်းရှိ၍ အနံဘက်တွင် ခန်းပွင့် ၁၁ ခန်းရှိသည်။

ကျောင်း၏ခေါင်းရင်းဘက် ဘုရားဆောင်အပေါ်တွင် အထွတ်ခုနစ်ဆင့် တင်ထားသည့် ပြာသာဒ်ရှိ၍ ခြေရင်းဘက် အဆောင်မကြီးသည် သုံးထပ်လည်ပေါ်ဆောင်ဖြစ်သည်။ ဗျက် ၂၄ လက်မနှင့် ထု ၈ လက်မရှိသည့် ထုပ်နှင့် လျှောက် သစ်သားချောင်းကြီးများကို ကျွန်းတိုင်လုံးများတွင် အပေါက်များဖောက်၍ စရွေးစွပ် တပ်ဆင်ထားသည်။ စနုဆောင်အတွင်း မျက်နှာကြက်တွင် ပန်းပွင့်များ၊ ကျောင်းနံရံများတွင် ခြူးပန်းကနုတ်များ၊ မာရဘင်တွင် မှန်ကူကွက်နှင့် ကြာပွင့်များ ပုံဖော်ထားသည်။ (မာရဘင်သည် နန်းဆောင်တွင် ကြမ်းပြင်မှ အမိုးအထိ ပိတ်ထားသော အကာအရံဖြစ်သည်။) ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပခန်းကြီးကျောင်းတော်ကြီးကို ၁၉၉၂ ခုနှစ်တွင် ထိန်းသိမ်းထားခဲ့သည်။

ပခန်းကျောင်းတော်ကြီးကဲ့သို့ပင် ပခန်းငယ်တွင် သစ်သားကျောင်းတော်ကြီးတစ်ဆောင် ရှိခဲ့သည်။ မင်းတုန်းမင်းကြီး လေးစားခဲ့သည့် ပခန်းမင်းကြီး ဦးရန်ဝေးသည် ကုန်းဘောင်ခေတ်ဗိသုကာလက်ရာ ကျောင်းကြီးတစ်ဆောင်ကို ပခန်းငယ်တွင် လူနှစ်ဖက်ခန့်ကြီးမားသော တိုင်လုံးပေါင်း ၃၃၂ လုံးဖြင့် တည်ဆောက်ခဲ့ကာ 'စိန်စီကျောင်း တိုင်လုံးမှတ်'ဟု မှတ်သားခဲ့သည်။

ပခန်းမင်းကြီးဦးရန်ဝေးသည် ပခန်းငယ်ကျောင်းကို မိမိ၏ နန်းဆောင်အဖြစ် ဆောက်လုပ်ခဲ့သော်လည်း မလိုသူများက ဦးရန်ဝေးသည် နန်းပြိုင်ရန် စီစဉ်နေကြောင်း မင်းတုန်းမင်းအား လျှောက်တင်ခဲ့ကြသည်။ ထို့ကြောင့် ပခန်းငယ်ကျောင်းသို့ မင်းတုန်းမင်းကြီး လာရောက်ကြည့်ရှုချိန်တွင် ဦးရန်ဝေးသည် အရှင်မင်းကြီး၏ သံသယများ ပယ်ပျောက်စေရန် ကျောင်းကြီးကို ရေစက်ချလှူဒါန်းခဲ့ကြောင်း အစဉ်အဆက် ပြောဆိုခဲ့ကြသည်။ ယခုအခါတွင် ပခန်းငယ်ကျောင်းသည် ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်၊ လူသားများ၏ဒဏ်များနှင့် ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်းများကြောင့် ပျက်စီးနေပြီဖြစ်သည်။

**သရက္ခန်ရုပ်ပွားတော်များ**

ပုဂံမင်းဆက် အလောင်းစည်သူမင်း(စည်သူ-၁)(ခရစ်နှစ် ၁၁၁၃-၁၁၉၇)သည် ပခန်းတွင် သရက္ခန်သားဖြင့် ပြုလုပ်ထားသော ဆင်းတုတော် ပူဇော်ထားရှိရန် စည်သူရှင်ဘုရားကို တည်ခဲ့သည်။ မင်းနေမျိုးရဲထင်နော်ရထာ ပြုစုသည့် ပခန်းသမိုင်းအရ စည်သူမင်းကြီးသည် သက္ကရာဇ် ၄၈၀ ပြည့်နှစ် ဝါခေါင်လတွင် သရက္ခန်ဆင်းတု သီတင်းသုံးမည့်ဂူတော်ကို တည်ဆောက်ခဲ့ပြီး ၄၈၁ ခုနှစ် ကဆုန်လတွင် သရက္ခန်ဆင်းတုတော်ကို ဂူအတွင်းသို့ ထည့်သွင်းပူဇော်ခဲ့သည်။

စည်သူမင်းကြီးသည် သရက္ခန်ရုပ်ပွားတော် ဂူတော်တည်ထားနိုင်ရေးကို အောင်မြင်စွာဆောင်ရွက်ပေးခဲ့သည့် မဟာဂါမရွာသူကြီးကို ဘုမ္မရာဇာဘွဲ့ချီးမြှင့်၍ ပခန်းကြီးနယ်ကို အုပ်ချုပ်စေခဲ့သည်။

သရက္ခန်ရုပ်ပွားတော်များသည် စုစုပေါင်း ခြောက်ဆူရှိရာ အညာသီဟတောတွင် တစ်ဆူနှင့် ပခန်းကြီးတွင် ငါးဆူရှိသည်။ သရက္ခန်ဆင်းတုများသည် ဆင်ရုပ်ခံဗုဒ္ဓရုပ်ပွားတော်များဖြစ်ကြပြီး ဆင်ရုပ်ခံဘုရားများကို အေဒီ ၁၂ ရာစုအတွင်း ထုလုပ်ခဲ့ဟန်ရှိကြောင်း ယူဆကြသည်။ ပလ္လင်ခြေရင်းတွင် ဆင်ရုပ်ကိုထုလုပ်၍ဖြစ်စေ၊ ဆင်ရုပ်ကို ပလ္လင်အောက်ခံပြု၍ဖြစ်စေ ပြုလုပ်ထားသည့် ဆင်ခံပလ္လင်များတွင် ပူဇော်ထားသဖြင့် ဆင်ရုပ်ခံဘုရားဟု ခေါ်သည်။

ဆင်ခံစီးရေ အရေအတွက်အတိုင်း ဆင်းတုများကို ဝါစဉ်ထားသည့် သရက္ခန်ဘုရားများတွင် ပလ္လင်ခံဆင်စီးရေသည် ပထမဆင်းတု စည်သူရှင် ရုပ်ပွားတော်တွင် ၁၅ စီး၊ ဒုတိယဆင်းတု ရွှေတန့်တစ်ရုပ်ပွားတော်တွင် ၁၄ စီး၊ တတိယဆင်းတု ရှင်မတောင်ရုပ်ပွားတော်တွင် ၁၃ စီး၊ စတုတ္ထဆင်းတု ဆင်ကြို့ရွာရုပ်ပွားတော်တွင် ၁၂ စီး၊ ပဉ္စမဆင်းတု အညာသီဟတောရုပ်ပွားတော်တွင် ၁၁ စီးနှင့် ဆဋ္ဌမဆင်းတု မြတ်ပေါင်းမဠ္ဍုတွင် ၁၀ စီးဖြစ်သည်။ သရက္ခန် ဆင်ခံဘုရားများအပြင် ဆင်လေးစီးခံကျောက်ဆင်းတုတော်တစ်ဆူကို ပခန်းကြီး ရွာသာဘုန်းကြီးကျောင်းတွင် ဖူးမြင်ရကြောင်း ဒေါက်တာတင့်လွင်က ရေးသားခဲ့သည်။

သရက္ခန်ဆင်းတုတော် ခြောက်ဆူအနက် စည်သူရှင်နှင့် မြတ်ပေါင်းမဠ္ဍု ဆင်းတုတော်တို့ကို ပခန်းကြီးအရှေ့ကျုံး ညောင်စင်ရပ်ရှိ စည်သူရှင်ဘုရားတွင် ဖူးတွေ့နိုင်ကြသည်။ ကျန်ဆင်းတုတော်များကို ပခုက္ကူမြို့နယ် ရွှေတန့်တစ်ရွာ၊ ပခန်းကြီး ရှင်မတောင်ပေါ်ကျောင်း၊ ဆင်ကြို့ရွာနှင့် အညာသီဟတောတို့တွင် တစ်ဆူစီ ပူဇော်ထားရှိသည်။ မြန်မာဘုရင်များလက်ထက်က သရက္ခန်ဘုရားများကို နေပြည်တော်သို့ ပင့်ဆောင်ရာတွင် ရွှေတန့်တစ် ဆင် ၁၄ စီးခံဘုရားကို ချန်ခဲ့သည်ဟု ဆိုကြသည်။

ကုန်းဘောင်ခေတ် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည့် ပခန်းကြီးသည် ယဉ်ကျေးမှုအမွေအနှစ်များစွာ ကျန်ရှိနေသည့်ဒေသတစ်ခု ဖြစ်ပေသည်။ ပခန်းကြီးရှိ ရှေးဟောင်းအဆောက်အအုံများ၊ မြို့ရိုးဟောင်း၊ စေတီပုထိုးများ၊ နံရံပန်းချီများ၊ ဗုဒ္ဓဆင်းတုတော်များသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်မှ သမိုင်းအထောက်အထားများဖြစ်ကြပေရာ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းထားနိုင်သည်နှင့်အမျှ သမိုင်းနှင့် ယဉ်ကျေးမှုတန်ဖိုးများ ပိုမိုမြင့်တက်လာမည်ဖြစ်ပေသည်။ ။






**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)
(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၁၀
(၃) ပခန်းမြေမှ ဗိသုကာနှင့် အနုပညာလက်ရာများ(ဒေါက်တာတင့်လွင်)

# ရေဝတီမြစ်ရေ မြင့်တက်လာ၍ ရွှေကူမြို့၌ ကြိုတင်သတိပေး

**ရွှေကူ ဩဂုတ် ၁၄**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ဩဂုတ် ၁၂ ရက်က တိုင်းထွာချက်များအရ ရေဝတီမြစ်ရေသည် ရေအမှတ် ၉၄၃ စင်တီမီတာသို့ ရောက်ရှိနေပြီး မြို့၏စိုးရိမ်ရေမှတ် ၉၃၀ စင်တီမီတာသို့ရောက်ရန် နှစ်ပေကျော်မျှသာ လိုတော့သဖြင့် ပြည်သူများအား တာဝန်ရှိသူများက မြစ်ရေအခြေအနေ ကြိုတင်သတိပေးချက်များ လိုက်လံအသိပေးကြေညာလျက်ရှိကြောင်း သိရသည်။

မြစ်ရေသည် ဆက်လက်မြင့်တက်နိုင်ခြေရှိသဖြင့် မြစ်ရေဝင်ရောက်နိုင်သည့် မြစ်ကမ်းဘေးတစ်လျှောက် ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများအနေဖြင့် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်အောင် ကြိုတင်ပြင်ဆင်ထားရန်၊ ကျွဲ၊ နွား တိရစ္ဆာန်များကို အလွယ်တကူ ရွှေ့ပြောင်းနိုင်အောင် ပြင်ဆင်ထားရန်နှင့် မလိုအပ်ဘဲ ကြိုးချည်ထားခြင်းမလုပ်ရန်၊ မြစ်ရေကြီးချိန်တွင် ရေတိုက်စားမှုနှင့် ကမ်းပါးပြိုမှုများဖြစ်တတ်၍ မြစ်ချောင်းကမ်းပါးများဘေးသို့ မသွားကြရန်နှင့် မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ကြရန် စသည့် အချက်များကို မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ထမ်းများက လိုက်လံအသိပေး ကြေညာနေခြင်းဖြစ်သည်။

ထို့အပြင် ဒေသခံပြည်သူများအနေဖြင့် အရေးပေါ် အကူအညီများ လိုအပ်ပါက ရွှေကူမြို့နယ် မီးသတ်ဦးစီးဌာန ဖုန်း-၀၇၄-၅၂၀၃၁ သို့ အကြောင်းကြားဆက်သွယ်၍လည်း အကူအညီများ တောင်းခံနိုင်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံအသိပေး ကြေညာလျက်ရှိသည်။

**ကျော်သူဆန်း(ပြန်/ဆက်)**





# ကမ်းပါးပြို၍ ရွှေ့ပြောင်းရသည့် အိမ်ထောင်စုများအား စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်း

**ပခုက္ကူ ဩဂုတ် ၁၄**

ရေဝတီမြစ်ရေကြီးပြီး မြစ်ကမ်းပါးပြိုသဖြင့် နေရာသစ်သို့ရွှေ့ပြောင်းရမည့် ပခုက္ကူမြို့နယ် အနောက်သီရိကျေးရွာမှ ပြည်သူများအတွက် စားနပ်ရိက္ခာများကို အလှူရှင်များက ဩဂုတ် ၁၁ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အနောက်သီရိကျေးရွာတွင် ကမ်းပြိုမှုကြောင့် မြေနေရာသစ်သို့ရွှေ့ပြောင်းရမည့် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်ထောင်စု ၂၉၀ ရှိပြီး အဆိုပါအိမ်ထောင်စုများမှ ပြည်သူများအတွက် စားနပ်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများအဖြစ် မေတ္တာရှင်းမြစ်ဖောင်ဒေးရှင်းမှ ဆန် ၇၈ အိတ်၊ အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်းမှ ခေါက်ဆွဲခြောက်ထုပ် ၁၀၀၀ နှင့် ပခုက္ကူမြို့ပေါ် စားသောက်ဆိုင်တစ်ဆိုင်မှ ရေသန့်ဘူး ၄၅၀ တို့ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လှူဒါန်းပွဲတွင် အလှူရှင်များက အနောက်သီရိကျေးရွာ သဘာဝဘေး လျော့ချရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ဩဝါဒါစရိယဆရာတော်နှင့် ကျေးရွာကော်မတီဝင်များထံ လှူဒါန်းကြပြီး ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆွေဇင်ဦး၊ ပခုက္ကူမြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေး၊ မေတ္တာရှင်းမြစ်ဖောင်ဒေးရှင်းမှ အလှူရှင် ဦးအုန်းလှိုင်၊ မကွေးတိုင်းဒေသကြီး လူငယ်ကွန်ရက်အသင်းနာယက ဦးရဲထွဋ်နှင့် အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်းမှ မနန်းဝတ်ရည်တို့က ဌာန၊ အသင်းအလိုက် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပခုက္ကူမြို့နယ် ဌာနဆိုင်ရာများနှင့် အလှူရှင်အဖွဲ့များသည် အနောက်သီရိကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များ ပြောင်းရွှေ့မည့်နေရာတွင် မြေနေရာဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြသည်။

**ဆလိုင်းကိုကီး**

# ယာဉ်အန္တရာယ်ကင်းရေးအတွက် လူစည်ကားရာနေရာများတွင် အချက်ပြမီးများ တပ်ဆင်မည်

**ကျောင်းကုန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့တွင် ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် လူစည်ကားရာနေရာများ၌ ဆိုလာစနစ်သုံး အချက်ပြမီးများ တပ်ဆင်သွားမည်ဖြစ်ကာ ပထမဆုံးမီးကို ဩဂုတ် ၁၂ ရက်က မြို့မအခြေခံပညာမူလတန်းကျောင်းအနီး၌ တပ်ဆင်ခဲ့ကြောင်း သိရသည်။

ကျောင်းကုန်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်ဘဲ ဆိုင်ကယ်မောင်းသူများကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိ၍ ယာဉ်အန္တရာယ် ကင်းရှင်းစေရန်အတွက် လူစည်ကားရာနေရာများ၊ စာသင်ကျောင်းများအနီး၌ အဝါရောင် အချက်ပြမီးများ တပ်ဆင်ခြင်းဖြစ်ကြောင်း၊ မီးများမှာ ဆိုလာစနစ်ဖြင့် မီးလင်း၍ အချက်ပြပေးမည်ဖြစ်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ မီးလုံး ၁၀ လုံး ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ကျောင်းကုန်း မြို့မအမကကျောင်းအနီး၌ ပထမဆုံး အချက်ပြမီး စတင်တပ်ဆင်ချိန်တွင် မြို့မိမြို့ဖ ဦးတင်မောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းတို့က အနီးကပ်ကြီးကြပ်ပြီး မြို့နယ်လျှပ်စစ်ဝန်ထမ်းများက တပ်ဆင်ပေးခဲ့သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



# ကျန်းမာရေး ပညာပေးဟောပြောပြီး အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ဘုတ်ပြင်း ဩဂုတ် ၁၄**

ဘုတ်ပြင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ဘုတ်ပြင်းမြို့နယ်အတွင်း ပင်လယ်ကျွန်းရွာဖြစ်သည့် နို့ငွားကျေးရွာအုပ်စု ကြိမ်နီတောင်ကျေးရွာမှ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ဩဂုတ် ၁၁ ရက်က ကျေးရွာအလက(ခွဲ)နှင့် ဓမ္မရက္ခိတမူလတန်းလွန် ဘုန်းတော်ကြီးသင်ကျောင်းများ၌ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။



ဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်ဇင်လတ်က ကျောင်းသားကျောင်းသူများအား ယခုရာသီတွင် ဖြစ်ပွားလျက်ရှိသည့် ရာသီတုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ခြင်ကြောင့်ဖြစ်တတ်သည့် ဂျပန်ဦးနှောက်အမှေးရောင်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ မဖြစ်ပွားရေး သတိပြုရန်များနှင့် ကျောင်းဝန်းကျင်တွင် ခြင်များပေါက်ပွားနိုင်သည့် နေရာများကို စနစ်တကျ သန့်ရှင်းရေးဆောင်ရွက်သွားရန်တို့ကို ဟောပြောသည်။ ဆက်လက်၍ လက်ထောက်ကျန်းမာရေးမှူး ဒေါ်ဖြူဖြူအောင်က H1N1 ဗိုင်းရပ်စ်ပိုးအကြောင်းနှင့် ရောဂါဖြစ်ပွားမှုမရှိစေရန်အတွက် သတိပြုနေထိုင်ရန်တို့ကို ဟောပြောကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ဖြူဖြူသိန်းကလည်း ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်/ဆက် ဝန်ထမ်းများက နံရံကပ်စာစောင်များပြသပြီး ကျောင်းသား ကျောင်းသူများ သိလိုသည်များကို အသေးစိတ် ထပ်မံရှင်းလင်းဆွေးနွေးခဲ့ကာ မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း ကျေးရွာနေပြည်သူများနှင့် ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသခြင်းများ အခမဲ့ ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရိုးမအခြေပြု ခရီးသွားဝန်ဆောင်မှုများနှင့်ချိတ်ဆက်၍ ပြည်ရှေးဟောင်းဇုန်များသို့ သွားရောက်လည်ပတ်နိုင်

**တောင်ငူ ဩဂုတ် ၁၄**

မြန်မာနိုင်ငံတွင် ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာများစွာရှိသည့်အပြင် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ဖွံ့ဖြိုးရန်အတွက် နေရာဒေသသစ်များလည်း ဖော်ဆောင်လျက်ရှိရာ ပဲခူးရိုးမတောကြီးအတွင်း သဘာဝအတိုင်း အပန်းဖြေအနားယူနိုင်ရန်နှင့် ဆင်စီး၍ တောတွင်းခရီးသွားလာနိုင်ရန် Bago Yoma Eco Resort ကို ဇူလိုင် ၂၉ ရက်က အုတ်တွင်း-ပေါက်ခေါင်း-ပြည် ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်(၄၃)တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အဆိုပါ Bago Yoma Eco Resort သို့ လာရောက်အပန်းဖြေလည်ပတ်သူများအနေဖြင့် ရွှေတောင်၊ ငွေတောင်နှင့် ခပေါင်းကျေးရွာများရှိ ကရင်တိုင်းရင်းသားတို့၏ လူနေမှုဘဝ၊ တောင်ယာလုပ်ငန်းများ၊ ရိုးရာချည်ထည်ရက်လုပ်မှုများကို လေ့လာနိုင်မည့်အပြင် ပေါလံကြီးတောတွင်းဆင်စခန်းသို့ သွားရောက်၍ ဆင်များ၏သဘာဝကို လေ့လာကြည့်ရှုခြင်း၊ ဆင်စာကျွေးခြင်းနှင့် တောတွင်းဆင်းစီးခြင်းများလည်း လုပ်နိုင်ကြောင်းသိရသည်။

တောတွင်းခရီးသွား အပန်းဖြေကြသူများအနေဖြင့် ပြည်မြို့အနီးရှိ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ပျူရှေးဟောင်းမြို့တော် သရေခေတ္တရာ(မှော်ဇာ)နှင့် ပျူသံခေတ်ရှေးဟောင်း သံဖျက်ဖိုကြီးများကိုလည်း ဆက်လက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ “ခုမှဖွင့်ထားတာတွေ့လို့ ခရီးနားရင်း ဝင်ကြည့်သေးတယ်။ ခရီးသွားတွေအတွက် အတော့်ကိုအဆင်ပြေတာပေါ့။ ခုနောက်ပိုင်း ဒီရိုးမဖြတ်ကျော်လမ်းက ခရီးသည်တင်ယာဉ်လိုင်းတွေလည်းရှိတော့ နောက်ပိုင်းဆို အတော်အဆင်ပြေလာမယ့်သဘောရှိတယ်”ဟု ပေါင်းတည်မြို့မှ ရေတာရှည်မြို့သို့ ရိုးမဖြတ်ကျော်လမ်းအတိုင်း ပြန်လာရာမှ အပန်းဖြေစခန်းသို့ ဝင်ကြည့်ခဲ့သည့် ခရီးသည်တစ်ဦးက ပြောသည်။

လက်ရှိအချိန်တွင် Bago Yoma Eco Resort သို့ ပြည်တွင်းပြည်ပဧည့်သည်များ အဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိပြီး နိုင်ငံခြားသားဧည့်သည်များအနေဖြင့် ရှားပါးငှက်မျိုးစိတ်များဖြစ်သော မြန်မာ့ဒေါင်းစိမ်း၊ အောက်ချင်း၊ သစ်တောက်ငှက်မျိုးများနှင့် အခြားသော ငှက်မျိုးစိတ်များ၏ စားကျက်၊ နေထိုင်သွားလာမှုတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း Resort မှ တာဝန်ခံ ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

# မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းတွင် ကိုးချောင်းဆက်သံလမ်းများ လဲလှယ်တပ်ဆင်

**အင်းတော် ဩဂုတ် ၁၄**

မန္တလေး-မြစ်ကြီးနား မီးရထားလမ်း၏ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း မဲဇာဘူတာမှ ဆည်ရွာဘူတာကြား လမ်းပိုင်းတွင် မီးရထားသံလမ်းဟောင်းများကို ကိုးချောင်းဆက် သံလမ်းသစ်များဖြင့် ဩဂုတ် ၉ ရက်မှစ၍ လဲလှယ်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

“အခုလို ကိုးချောင်းဆက်သံလမ်းတွေနဲ့ အစားထိုးလဲလှယ်တာကို ဩဂုတ် ၉ ရက်က စတင်တပ်ဆင်နေပါတယ်။ ဒီလိုတပ်ဆင်လိုက်တဲ့အခါ အဆက်နှစ်ခုကြား ရထားဘီးကျလို့ တစ်ဒုတ်ဒုတ်နဲ့ မြည်တာမျိုး၊ ရထားတွဲတွေ ခုန်ဆောင့်တာမျိုး ကင်းရှင်းသွားစေမှာဖြစ်ပါတယ်”ဟု သံလမ်းလဲလှယ်တပ်ဆင်နေသည့် လုပ်သားတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုဘူတာနှင့် ဝက်လက်ဘူတာကြား ရထားလမ်းပိုင်းတွင်လည်း ကိုးချောင်းဆက်သံလမ်းများ လဲလှယ်တပ်ဆင်ထားပြီးဖြစ်၍ ထိုလမ်းပိုင်းတွင် ရထားခုန်ဆောင့်မှု သိသိသာသာ လျော့နည်းသွားပြီဖြစ်ကြောင်း ထိုလမ်းပိုင်းတွင် ခရီးသွားနေရသည့် ဒေသခံပြည်သူတစ်ဦးကပြောသည်။

**ကိုမင်း(အင်းတော်)**



# ကမ္ဘာ့ဆင်များနေ့ အခမ်းအနား ငွေဆောင်(ပုသိမ်)ဆင်စခန်း၌ ကျင်းပ

**ပုသိမ် ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ ဦးဆောင်၍ ကမ္ဘာ့ဆင်များနေ့ အခမ်းအနားကို ပုသိမ်မြို့ ပုသိမ်-ငွေဆောင် ကားလမ်းဘေးရှိ ငွေဆောင်(ပုသိမ် )ဆင်စခန်း၌ ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ဆင်များနေ့ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး ဝန်ကြီး ဦးဘဟိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသစ်လုပ်ငန်းမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးမိုးလွင်က အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်နှင့် မြန်မာ့သစ်လုပ်ငန်းမှ ဆောင်ရွက်နေသော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆင်များအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ ဆင်များကို တရားမဝင်ရောင်းဝယ်မှုမှ တားဆီးကာကွယ်ရန်၊ တောဆင်များကို ဆင်သတ်မုဆိုးများက သတ်ဖြတ်၍ တရားမဝင် ဆင်စွယ် ရောင်းဝယ်မှုမှ တားဆီးကာကွယ်ရန်၊ ဆင်များအား ညှဉ်းပန်းနှိပ်စက်မှုကို တားဆီးကာကွယ်ရန်နှင့် တိရစ္ဆာန်များ၏ အခွင့်အရေးကို သိရှိလိုက်နာစေရန် ရည်ရွယ်ချက်များဖြင့် ကမ္ဘာ့ဆင်များနေ့ အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ အခမ်းအနားသို့ ဝန်ကြီးနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှဝန်ထမ်းများ၊ အခြားဖိတ်ကြားထားသူများနှင့် နိုင်ငံခြားသားဧည့်သည်များပါ လာရောက်လေ့လာကြည့်ရှုခဲ့ကြသည်။

ထို့နောက် ဒုတိယ အထွေထွေမန်နေဂျာက ဧည့်သည်တော်များအား ဆင်နှင့်ပတ်သက်သည့် သိကောင်းစရာများကို ရှင်းပြပြီး ဆင်များ၏ လိမ္မာယဉ်ကျေးသည့်ပြကွက်များ ပြသခြင်း၊ ဆင်စာဘူဖေးကျွေးခြင်းနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းတွင် ဌာနပိုင်ဆင် ၁၃၈ ကောင်ရှိပြီး ဝန်ထမ်းများက စောင့်ရှောက်လျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း လူနှင့်ဆင် ထိတွေ့မှုမှာ ၂၀၁၇ ခုနှစ်ထဲတွင် သုံးကြိမ်ရှိခဲ့ပြီး တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းအနေဖြင့် အရေးပေါ် ကွန်ဂျီဆင်များအဖွဲ့ကို တာဝန်ခံဝန်ထမ်း ငါးဦး၊ ဆင်ဝန်ထမ်း ရှစ်ဦး၊ ကွန်ဂျီဆင် ရှစ်ကောင်ဖြင့် ဖွဲ့စည်းထားပြီး သစ်တောဦးစီးဌာနနှင့်ပူးပေါင်းကာ လူနေရပ်ရွာနှင့် ဥယျာဉ်ခြံစိုက်ခင်းများသို့ ဝင်ရောက်သည့် တောဆင်ရိုင်းများကို မောင်းနှင်ခြင်း၊ ကင်းလှည့်ခြင်း၊ ဆင်သတ်မုဆိုးများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးရာတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆင်များသတ်ဖြတ်ခံရပါက သေဆုံးမှုအခြေအနေ အတည်ပြုခြင်းနှင့် မှတ်တမ်းယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မှတ်တမ်းအရ ၂၀၁၇ ခုနှစ်အတွင်း ဆင်သေဆုံးမှု ၁၀ ကြိမ်ရှိကာ တောဆင်ကလေး ဖမ်းဆီးရမိမှု တစ်ကြိမ်ရှိခဲ့ကြောင်း သိရသည်။ **မောင်မောင်မြင့် (ပြန်/ဆက်)**



ကမ္ဘာ့ဆင်များနေ့ အခမ်းအနားတွင် ဆင်စာဘူဖေးကျွေးသည့်အစီအစဉ် ပြုလုပ်၍ ဆင်များအား အစာကျွေးနေစဉ်

## ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေး ပညာပေးဟောပြော

**ရေစကြို ဩဂုတ် ၁၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးအတွက် လုပ်ငန်းရှင်များအား အသိပညာပေးဟောပြောပွဲကို ရေစကြိုမြို့ ကုန်သည်ကြီးများအသင်း စည်းဝေးခန်းမ၌ ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း (ရေစကြို)နှင့် ကုန်သည်ကြီးများအသင်းမှ အသင်းသူအသင်းသားများအား ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးသန်းဦးက ပြည်တွင်းကုန်သွယ်မှု မြှင့်တင်နိုင်ရေးအတွက် သိရှိလိုက်နာ ဆောင်ရွက်သင့်သည်များကို ဆွေးနွေးဟောပြောကာ လုပ်ငန်းရှင်များကလည်း သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဦးစီးမှူးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများသည် ရေစကြိုမြို့ပေါ် ရပ်ကွက်များရှိ အခြေခံပညာကျောင်း ခြောက်ကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောခဲ့ကြကာ ရေစကြို မြို့မဈေးကြီးအတွင်းရှိ ဈေးသူဈေးသားများနှင့်လည်း တွေ့ဆုံ၍ ထုတ်ကုန်များ လုံခြုံစိတ်ချရမှု ရှိမရှိကို ကြည့်ရှုစစ်ဆေး ပညာပေးမှုများ ဆောင်ရွက်ခဲ့ကြသည်။ **အိမွန်ဆွေ(ရေစကြို)**

## နှစ် ၁၀၀ ပြည့် ပန်းဆယ်မျိုးအနုပညာပြပွဲတွင် ပါဝင်ပြသရန် ဆွေးနွေး

**မုံရွာ ဩဂုတ် ၁၄**

ပုဂံမြို့တွင်ကျင်းပမည့် နှစ် ၁၀၀ ပြည့် ပန်းဆယ်မျိုး အနုပညာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှ ပန်းဆယ်မျိုး အနုပညာလက်ရာများ အစုံအလင် ခင်းကျင်းပြသနိုင်ရန်အတွက် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို) အဖွဲ့သည် ပြန်လည်ဖွဲ့စည်းထားသော မုံရွာမြို့နယ် ပန်းချီပန်းပုအစည်းအရုံးမှ အဖွဲ့ဝင်များအား ဩဂုတ် ၁၂ ရက်က မုံရွာမြို့ သလ္လာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ် ၁၀၀ ပြည့် ပန်းဆယ်မျိုး အနုပညာပြပွဲကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ပုဂံယဉ်ကျေးမှုပြတိုက်၌ ငါးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်းမှ ပန်းချီပန်းပုအပါအဝင် ပန်းဆယ်မျိုး အတတ်ပညာရှင်များသာမက အာဆီယံ ၁၀ နိုင်ငံနှင့် ပြည်ပမှ အနုပညာရှင်များပါ ပါဝင်၍ ကျင်းပမည်ဖြစ်ရာ မုံရွာမြို့ ကလေးမြို့နှင့် အထက်မြန်မာနိုင်ငံမှ ပန်းပညာရှင်များလည်း ပူးပေါင်းပါဝင်ကြရန်အတွက် တွန်းအားပေးစည်းရုံးရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)မှ နိုင်ငံတကာဆက်ဆံရေးမှူး ပန်းချီမိုးကျော်သန့်က ပြောကြားသည်။

“၁၉၁၈ ခုနှစ်က ဘားမားအတ်ကလပ်က ပန်းချီပန်းပုဆရာကြီးများနဲ့ စတင်ခဲ့တဲ့ ပန်းချီပန်းပု လှုပ်ရှားမှုကြီးကနေ စတင်ခဲ့တာပါ။ ဒီဘက်ခေတ်မှာတော့ မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)ဟာ ၂၀၁၈ ဆိုရင် နှစ် ၁၀၀ ပြည့်ပြီ။ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အနေနဲ့ မြန်မာ့ခေတ်ဆန်းပန်းချီ ရာပြည့်အထိမ်းအမှတ် ပန်းဆယ်မျိုးအနုပညာပွဲတော်ကို ပုဂံမှာ ငါးရက် လုပ်ပါမယ်။ ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလ တတိယပတ်လောက်မှာ ပုဂံယဉ်ကျေးမှုပြတိုက်မှာ လုပ်မှာပါ။ အကြိုလှုပ်ရှားမှုအနေနဲ့ ဟောပြောပွဲတွေ၊ ပြပွဲတွေ လုပ်နေပါတယ်။ နောက်တစ်ခုက အနုပညာ အထူးထုတ်မဂ္ဂဇင်းကိုလည်း ဒီဇင်ဘာလထုတ်အဖြစ် ထုတ်ဝေဖို့ စီစဉ်နေပါတယ်”ဟု ပန်းဆယ်မျိုး အနုပညာပြပွဲကြီးအတွက် ပြင်ဆင်နေပုံများကို ပန်းချီမိုးကျော်သန့်က ရှင်းပြသည်။

မြန်မာ့ပန်းချီပန်းပု ဖွံ့ဖြိုးရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် ယဉ်ကျေးမှု မူဝါဒများကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ပန်းချီပန်းပုအစည်းအရုံး(ဗဟို)အနေဖြင့် မြို့နယ် ပန်းချီပန်းပုအဖွဲ့ဝင်များဆီသို့ စည်းရုံးရေးခရီးစဉ်များထွက်ကာ လိုက်လံတွေ့ဆုံ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရေရှားနေဆဲကျေးရွာသုံးရွာသို့ သောက်သုံးရေများလှူဒါန်း

**ညောင်ဦး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးနေဆဲဖြစ်သည့် ကျေးရွာများသို့ ပုဂံမြို့ ရတနာဘုံစံတောရကျောင်း နာယကဆရာတော် ဦးသာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ ရေအလှူတော်အသင်းက သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ ဩဂုတ် ၁၁ ရက်က ကြို့ပင်တောကျေးရွာ၊ အိုင့်မတဲတိုက်နှင့် မြေဖြူကန်ကျေးရွာများသို့ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကြို့ပင်တောကျေးရွာမှ ပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ အိုင့်မတဲတိုက်မှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀ နှင့် မြေဖြူကန်ကျေးရွာ စာသင်ကျောင်းအတွက် ရေဂါလန် ၁၅၀၀၊ စုစုပေါင်း ရေဂါလန် ၄၅၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ မိုးရာသီကာလဖြစ်သော်လည်း ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ သောက်သုံးရေလိုအပ်မှုများကို ကြုံတွေ့ရလျက်ရှိရာ ဖြူစင်မေတ္တာ ရေအလှူတော်အသင်းအနေဖြင့် အဆိုပါကျေးရွာများသို့ စဉ်ဆက်မပြတ် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## အပိုဝင်ငွေရရန် ကောက်ရိုးမှိုများစိုက်ပျိုးလာ

**တပ်ကုန်း ဩဂုတ် ၁၄**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းမှ ဒေသခံပြည်သူ အိမ်ထောင်စုအများစု အနေဖြင့် မီးဖိုချောင်အပိုဝင်ငွေရရှိရန် ကောက်ရိုးမှိုများကို နေအိမ်များတွင် စမ်းသပ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ကောက်ရိုးမှိုများကို နေအိမ်ခြံဝင်း အစွန်အစများ၌ မှိုကျင်းပုံများပြုလုပ်၍ စိုက်ပျိုးကြပြီး တစ်အိမ်လျှင် ခုနစ်ကျင်းမှ ကိုးကျင်းခန့်အထိ စိုက်ပျိုးကြောင်း၊ နွားချေး၊ ဂျပ်စက္ကူ၊ ဗေဒါပင်များကို အစာအဖြစ် အသုံးပြု၍ ကောက်ရိုး၊ သက်ငယ်၊ ပလတ်စတစ်အကြည်များကိုအကာအဖြစ် အသုံးပြုကာ စိုက်ပျိုးကြကြောင်း သိရသည်။

“ဒီကောက်ရိုးမှိုကျင်း တစ်ကျင်းကို အလျား ၁၀ ပေခွဲ၊ အနံ လေးပေခန့် ကျင်းခတ်ရပါတယ်။ ဂျပ်စက္ကူ ရှစ်ပိဿာမှ ၁၀ ပိဿာခန့်၊ နွားချေး လေးတင်းမှ ငါးတင်းခန့်၊ ဗေဒါပင် သင့်တော်ရုံနဲ့ မှိုမျိုးစေ့ လေးထုပ် စိုက်ပျိုးရပါတယ်။ မှိုကျင်းကို ခြောက်သွေ့မှုနှင့် စိုထိုင်းဆ၊ ရေစုပ်မှုကို ဂရုတစိုက်ကြည့်ပြီး ရေလောင်းရပါတယ်။ စတင်စိုက်ပျိုးတဲ့ရက်မှ ၁၀ ရက်၊ ၁၁ ရက်မှာ မှိုစတင်ထွက်ရှိပြီး မှိုအပွင့်အဆင့်မရောက်မီ စောင့်ကြည့်ပြီး ဆွတ်ခူးရပါတယ်။ တစ်ကျင်းကို မှိုခုနစ်ပိဿာမှ ကိုးပိဿာအထိ ရရှိပါတယ်။ မှိုအလုံးအဆင့်မှာ ဈေးကွက်ဝင်ပြီး လက်ရှိ မှိုအလုံးသွင်းဈေး တစ်ပိဿာကို ကျပ် ၃၅၀၀ ခန့် ရပါတယ်။ မှိုအပွင့်ကတော့ ဈေးကွက်မရှိဘူး။ မှိုစိုက်ပျိုးခြင်းလုပ်ငန်းက ရက်တိုတိုအတွင်း ငွေဖြစ်လွယ်လို့ မီးဖိုချောင် အပိုဝင်ငွေရရှိပါတယ်”ဟု မြဝတီရပ်ကွက်မှ မှိုစိုက်ပျိုးသူ ကိုကျော်နိုင်ဦးက ပြောသည်။

“ကျွန်တော်တို့ ကောက်ရိုးမှို စတင်စိုက်ပျိုးချိန်က နွားချေး၊ ဂျပ်စက္ကူများနဲ့ စိုက်ပျိုးပါတယ်။ အခုနောက်ပိုင်းမှာ နောက်ချေးအခက်အခဲကြောင့် ဗေဒါပင်များကို အောက်ခံတစ်ထပ်နဲ့ နွားချေးတစ်ထပ်တင်ပြီး စိုက်ပျိုးလာပါတယ်။ ဗေဒါပင်များနဲ့ ရောနှောစိုက်ပျိုးလည်း မှိုထွက်နှုန်းကတော့ ပုံမှန်အတိုင်း ထွက်ရှိပါတယ်။ မှိုကျင်းကို အပူအအေး မျှတအောင်ဆောင်ရွက်ပြီး ရာသီမရွေး စိုက်ပျိုးလာပါတယ်။ နွေရာသီမှာ အရိပ်ရတဲ့ ခြံများထဲမှာ စိုက်ပျိုးတဲ့အပြင် ဆောင်းရာသီမှာ နေပူကွင်းပြင်မှာလည်း စိုက်ပျိုးလာပါတယ်”ဟု တပ်ကုန်းမြို့နယ်အတွင်း မှိုစိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ပြန့်လာမှုအခြေအနေကို မှိုစိုက်ပျိုးသူတစ်ဦးက ဆက်လက်ပြောပြသည်။ **တင်စိုးလွင်**



ပြည်မြို့ဝက်ထီးကန်တိုက်နယ် ကုန်းဇင်းရွာနှင့် ပုဏ္ဏားမကျေးရွာတို့၌ မူခင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဩဂုတ် ၇ ရက်က ဝက်ထီးကန်နယ်မြေစခန်းမှူး ရဲအုပ်အောင်လှိုင်ဝင်းနှင့်အဖွဲ့ ကျေးရွာအရောက် အသိပညာပေးဟောပြောစဉ် မျိုးကျော်ကြီး (ပြန်/ဆက်)

## စီမံကိန်းငွေစာရင်းရေးသွင်းမှု သင်တန်းဖွင့်

**သဲကုန်း ဩဂုတ် ၁၄**

သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မြစိမ်းရောင်စီမံကိန်း ငွေစာရင်းရေးသွင်းမှု သင်တန်းဖွင့်ပွဲကို ဩဂုတ် ၈ ရက်က ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှ၊ မြို့နယ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးကိုမောင်နှင့် မြို့နယ်မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များမှ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအား လက်စွဲစာစောင်များ၊ စီမံကိန်းဗွီနိုင်းများပေးအပ်ပြီး ငွေစာရင်းရေးသွင်း သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည်ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို "ပြည်သူ့ဝန်ထမ်းကြိုးပမ်းကြည်ညီ" အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# ဒီဇိုင်းအသစ်ဖြင့် ဆန်းသစ်တီထွင်လာသော ပင်လယ်သမုဒ္ဒရာနှင့် မြစ်ရေစီးအားသုံး တာဘိုင်များမှ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ထုတ်လုပ်နိုင်တော့မည်

## မြတ်ဇော် (စက်မှု)

ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် နိုင်ငံတည်ဆောက်ရာ၌ မရှိမဖြစ် လိုအပ်သည့်အရာမှာ စွမ်းအင်ပင်ဖြစ်သည်။

စွမ်းအင်အတွက် သမားရိုးကျ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး စသည်တို့မှ ထုတ်ယူသုံးစွဲလျက် အဆိုပါ အရင်းအမြစ်များ ကုန်ဆုံးပျောက်ကွယ်ရာမှ ဖြစ်ပေါ်လာမည့် (Crisis) ကပ်ဘေးကို ကျော်လွှားရန် မျှော်တွေးတွက်ဆ၍ စွမ်းအင်များရရှိရန် တီထွင်ကြံဆရှာဖွေခြင်းသည် အနာဂတ်ကမ္ဘာကို ကာကွယ်စောင့်ရှောက်ပေးခြင်းလည်း ဖြစ်သည်။

ဂျပန်နိုင်ငံမှ NOVA Energy Co., Ltd. သည် (Tidal Stream) ဒီရေစီးကြောင်းကို အသုံးပြု၍ ကမ္ဘာ့ပထမဆုံးစီးပွားဖြစ် တီထွင်ထုတ်လုပ်သည့် သဘာဝကပေးသော ရေစီးကြောင်းစွမ်းအင်ဖြင့် အသုံးပြုနိုင်မည့် Environmental Friendly Generator များကို ထုတ်လုပ်ပေးလျက်ရှိသည်။

NOVA Energy Co., Ltd. မှ ထုတ်ဝေသည့် NOVA Ocean Current Generator အမည်ရှိ စာစောင်အား ဆီလျော်စွာ ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။

NOVA စွမ်းအင်ကုမ္ပဏီအနေဖြင့် စွမ်းအင်ထုတ်လုပ်ခြင်းဆိုင်ရာ တီထွင်ဖန်တီးဆန်းသစ်မှုကို ကမ္ဘာကြီးအား ရစ်ပတ်ဖုံးလွှမ်းလျက်ရှိသည့် ရေထုမှ တီထွင်ဖန်တီးဆန်းသစ်လျက် ရှိသည်။ ကျွန်ုပ်တို့အနေဖြင့် ကမ္ဘာမြေကြီးပေါ်တွင် တည်ရှိနေထိုင်နေသော်လည်း ကမ္ဘာပေါ်ရှိ ရေပမာဏ စုစုပေါင်းမည်မျှရှိသည်ကို နားလည်သဘောပေါက်နိုင်ခြင်း မရှိပါ။ မည်သို့ပင်ဖြစ်စေ ကမ္ဘာ့အပြင်ဘက်တစ်နေရာမှ ကမ္ဘာကြီးကို လှမ်းကြည့်လိုက်တိုင်း တွေ့ရသော ပုံရိပ်မှာ ကမ္ဘာကြီးကို ရေများဖုံးလွှမ်းထားပုံကို အမှန်တကယ်ခံစားနားလည် အသိအမှတ်ပြုနိုင်မည် ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့မြင်ရသော ကမ္ဘာကြီးပေါ်မှ အပြာရောင်ပုံရိပ်များမှာ ကမ္ဘာကြီးကို ရေထုကကြီးမားသော ပမာဏဖြင့် ပါဝင်နေ၊ လွှမ်းပတ်နေပုံကို တွေ့မြင်ရမည်ဖြစ်ပြီး ကမ္ဘာ့ဧရိယာ၏ စုစုပေါင်း ၇၀ ရာခိုင်နှုန်းကို ရေထုက လွှမ်းခြုံထားသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အဆိုပါ ကမ္ဘာပေါ်ရှိရေထုထည်ပမာဏအနက် ၉၇ ဒသမ ၅ ရာခိုင်နှုန်းမှာ သမုဒ္ဒရာနှင့် ပင်လယ်ရေဖြစ်ပြီး ကျန် ၂ ဒသမ ၅ ရာခိုင်နှုန်းမှာ မြစ်ရေ၊ ချောင်းရေ၊ ဝင်ရိုးစွန်းများရှိ ရေခဲတောင်များ၊ ရေကန်များနှင့် မြေအောက်ရှိ ရေအရင်းအမြစ်များမှ ဖြစ်သည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် စွမ်းအင်အရင်းအမြစ်များ ဝန်းရံတည်ရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မြေအောက်မှရရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့များမှာ မြစ်ချောင်း၊ သမုဒ္ဒရာများကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များ မဟုတ်ပါ။ ယနေ့ သမားရိုးကျ သုံးစွဲလျက်ရှိသော ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး အစရှိသည့် စွမ်းအင်များမှာ ဈေးနှုန်းမြင့်တက်လျက်ရှိနေသောကြောင့် ကျွန်ုပ်တို့အနေဖြင့် လေစွမ်းအင်၊ နေစွမ်းအင်၊ သမုဒ္ဒရာရေစွမ်းအင်တို့ကို Alternative Energy Source များဖြင့် တစ်ဖက်မှပြောင်းလဲသုံးစွဲရန် စဉ်းစားနေကြရပြီဖြစ်သည်။

ကျွန်ုပ်တို့လူသားများအနေဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး စွမ်းအင်ကုန်ဆုံးပျောက်ကွယ်ရာမှ ဖြစ်ပေါ်လာမည့် (Crisis) ကပ်ဘေးကို ကြုံတွေ့ခံစားရမည့် သက်ရှိများအဖြစ် ရင်ဆိုင်ကြုံတွေ့နေကြရပြီဖြစ်သည်။ စွမ်းအင်များကို ရှာဖွေခြင်းဖြင့် ကျွန်ုပ်တို့၏ အနာဂတ်နှင့် ကလေးများ၏ အနာဂတ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။ ကမ္ဘာမြေကြီး၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ရေထုကို စွမ်းအင်အဖြစ်သို့ပြောင်းလဲပေးကြပါစို့။

### သဘာဝမှတွေ့ရှိသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၏ စွမ်းအင်အဖြစ်သို့ကူးပြောင်းနိုင်မှုစွမ်းရည် (Conversion Efficiency)

**နေစွမ်းအင် (Solar Energy) ၁၈ရာခိုင်နှုန်း**

နေစွမ်းအင် (Solar Energy) အနေဖြင့် နေရောင်ခြည်ကျရောက်မှုအပေါ်တွင် မူတည်နေသည်။ ရာသီဥတု ပြောင်းလဲမှုကြောင့် နေရောင်ခြည်ရရှိမှုပြောင်းလဲပါက စွမ်းအင် ထုတ်ပေးနိုင်မှုကို အနှောင့်အယှက်ဖြစ်နိုင်ပါသည်။

**လေစွမ်းအင် (Wind Power)၁၂ ရာခိုင်နှုန်း**

လေစွမ်းအင်ထုတ်လုပ်မှုတွင် Low-frequency (ကြိမ်နှုန်းနိမ့် ရိုက်ခတ်မှု) ပြဿနာရှိသည်။ လေစွမ်းအင် ထုတ်လုပ်ရန် တည်ငြိမ်သော လေတိုက်နှုန်းရရှိရန် ခက်ခဲသည်။ ငှက်အုပ်များ ပျံသန်းတိုက်မိပါက Wind Turbine များ၏ လည်ပတ်နေသော ဒလက်များဖြင့် ထိခိုက်မှု အန္တရာယ်များ ရှိနိုင်သည်။

**ပင်လယ်ရေစွမ်းအင် / မြစ်ရေစီးကြောင်းစွမ်းအင် (Tidal Current/ River Current) ၇၅ရာခိုင်နှုန်း**



ပင်လယ်သမုဒ္ဒရာအတွင်း ဒေါင်လိုက်ရေပေါ်ဖောများဖြင့် တည်ဆောက်ထားသည့် ရေစီးအားသုံးဓာတ်အားပေးစက်ရုံ

ပင်လယ်ရေ၏ ဒီရေအတက်အကျမှာ တစ်နေ့လျှင် လေးကြိမ်ရှိပြီး အချိန်ပြောင်းလဲလျက်ရှိသည်။ ထို့ကြောင့် ဒီရေအတက်အကျ တည်ငြိမ်မှုမရှိနိုင်ပါသဖြင့် စွမ်းအင်ထုတ်လုပ်မှု မတည်ငြိမ်နိုင်ပါ။ အနှောင့်အယှက်ဖြစ်နိုင်သည်။ မြစ်ရေမှာလည်း ရာသီဥတုအခြေအနေအရ ရေစီးဆင်းမှု အပြောင်းအလဲရှိသည်။

**သမုဒ္ဒရာရေစီးကြောင်းစွမ်းအင် (Ocean Current Energy) ၁၀၀ရာခိုင်နှုန်း**

သမုဒ္ဒရာရေစီးကြောင်းမှာ စီးဆင်းမှု တည်ငြိမ်သောကြောင့် တစ်ရက်လျှင် (၂၄) နာရီ တစ်နှစ်ပတ်လုံး စွမ်းအင်ထုတ်ပေးနိုင်သည်။

**သမုဒ္ဒရာအပူစွမ်းအင် (Ocean Thermal Energy) ၁၀၀ ရာခိုင်နှုန်း**

သမုဒ္ဒရာရေတွင် ရေပြင်အထက်ပိုင်းနှင့် အောက်ပိုင်းအကြား အပူချိန်ကွာခြားမှုကို စွမ်းအင်အဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းဖြစ်သည်။ သို့သော် အဆိုပါ စွမ်းအင်ထုတ်လုပ်မှုစနစ်တွင် ပြုပြင်ထိန်းသိမ်းမှု (Maintenance) ခက်ခဲပြီး ပြုပြင်ထိန်းသိမ်းစရိတ် ကြီးမားနိုင်သည်။

**ပင်လယ်သမုဒ္ဒရာစီးဆင်းမှုနှင့် ပင်လယ်သမုဒ္ဒရာရေစီးကြောင်း (Flow of the Ocean, Ocean Current)**

ပင်လယ်သမုဒ္ဒရာရေစီးကြောင်း စီးဆင်းမှုဖြစ်စဉ် (Phenomena) မှာ ကမ္ဘာလည်ပတ်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ကမ္ဘာ့မြောက်ဘက်ခြမ်းရှိ သမုဒ္ဒရာရေစီးဆင်းမှု အဓိက စီးကြောင်းမှာ ကမ္ဘာ့မြောက်ခြမ်းမှ အနောက်ပစိဖိတ်သမုဒ္ဒရာအထိ မက္ကဆီကိုနှင့် အနောက် အတ္တလန္တိတ် ရေစီးကြောင်းများအဖြစ် စီးဆင်းသည်။ အဆိုပါ ရေစီးကြောင်းကြီးမှာ ပုံသေစီးဆင်းမှုနှုန်း၊ ပုံသေ Direction ဖြင့် တစ်နှစ်လျှင် (၂၄) နာရီပတ်လုံး စီးဆင်းလျက်ရှိသည်။

ပင်လယ်သမုဒ္ဒရာရေစီးကြောင်းမှာ လေ၊ ရေနှင့်အပူချိန်၊ သမုဒ္ဒရာကြမ်းပြင်အနေအထားတို့ကြောင့် Pattern အမျိုးမျိုးဖြင့် စီးဆင်းသည်။ ပင်လယ်သမုဒ္ဒရာ၏ စီးဆင်းမှုမှာ ကမ္ဘာ့လည်ပတ်နှုန်း လျော့နည်းလာလျှင်တောင်မှ ရပ်တန့်မှုမရှိနိုင်ပါ။ ပင်လယ်သမုဒ္ဒရာရေစီးကြောင်း၏ စီးဆင်းမှုနှုန်းမှာ သာမန်လေတိုက်ခတ်နှုန်းနှင့်နှိုင်းယှဉ်ပါက နှေးကွေးသည်။ သို့သော် ပင်လယ်သမုဒ္ဒရာရေ၏ သိပ်သည်းမှုကြောင့် စွမ်းအင်သယ်ဆောင်နိုင်မှု ပမာဏမြင့်မားသည်။ ပင်လယ်ရေ၏ သိပ်သည်းဆမှာ လေ၏ သိပ်သည်းဆထက်အဆ ၈၀၀ ခန့် ပိုမိုမြင့်မားပါသည်။ ဧရိယာတူညီသော မျက်နှာပြင်တစ်ခုပေါ်တွင် တူညီသော အားတစ်ခုပေးလိုက်ပါက ပင်လယ်ရေ၏ ရွေ့လျားမှုနှုန်းမှာ 12 kph (7.5 mph) ရှိချိန်တွင် လေ၏ရွေ့လျားမှုနှုန်းမှာ 110 kph (68.4 mph) ရှိနေမည် ဖြစ်သည်။

သမုဒ္ဒရာရေစီးကြောင်း စွမ်းအင်နှင့်ဒီရေစွမ်းအင် ကွာခြားမှုရှိသည်။ သမုဒ္ဒရာရေစီးကြောင်းတစ်ခုတွင် ၁၀၀ ရာခိုင်နှုန်း တည်ငြိမ်သော ရေစီးကြောင်းစီးဆင်းမှုရှိပြီး ပင်လယ်ဒီရေတွင် ၇၅ ရာခိုင်နှုန်းသာရှိသည်။ ပင်လယ်ဒီရေစီးကြောင်းမှာ တစ်နေ့လျှင် လေးကြိမ်ခန့် ဒီရေအတက်အကျရှိခြင်းကြောင့် ရေစီးကြောင်း တည်ငြိမ်မှု ၇၅ ရာခိုင်နှုန်းသာ ရှိရခြင်းဖြစ်သည်။

**NOVA ကုမ္ပဏီ၏ စွမ်းအင်နှင့် တီထွင်ဆန်းသစ်မှုများ**

NOVA ကုမ္ပဏီအနေဖြင့် $CO_2$ ထုတ်လွှတ်မှု လျော့နည်းမှုအရှိဆုံးနှင့် သဘာဝမှပေးသော သမုဒ္ဒရာရေစီးကြောင်းစွမ်းအင်ဖြင့် အသုံးပြုမည့် Environmental Friendly Generator ကို ထုတ်လုပ်ပေးလျက်ရှိသည်။

ကမ္ဘာ့မြောက်ဘက်ခြမ်းအပိုင်းရှိ အဓိကသမုဒ္ဒရာ ရေစီးကြောင်းကြီး နှစ်ခုရှိသည်။ မက္ကဆီကိုပင်လယ်ကွေ့ရှိသမုဒ္ဒရာရေစီးကြောင်းမှာ Cape Hatteras (Hatterasအငူ) တွင် စတင်ပြီး မက္ကဆီကို ပင်လယ်ကွေ့ထဲသို့ စီးဆင်းသည်။ (ရေစီးကြောင်းအကျယ်မှာ 200 km ရှိပြီး စီးဆင်းမှုနှုန်းမှာ 4 knots (2.056 M/sec) (6.75 ft/sec) ရှိသည်။)

Kuroshiro သမုဒ္ဒရာရေစီးကြောင်းမှာ ဖိလစ်ပိုင် လူဇုန်ကျွန်းအနီးမှ စတင်စီးဆင်းပြီး အရှေ့တရုတ်ပင်လယ်အတွင်းရှိ တောင်ပိုင်းကျွန်းများအနီးသို့ စီးဆင်းပါသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ Tanegashima ကျွန်းများအလွန်မှ Yakushima ကျွန်းအထိ ဦးတည်လျက်ရှိသည်။ (ရေစီးကြောင်းအကျယ်မှာ 100 km ရှိပြီး စီးဆင်းမှုနှုန်းမှာ 3 knots (1.542 M/sec) ရှိသည်။)

**ကမ္ဘာ့အကြီးဆုံးမြစ်ကြီးများ**

**(က) အမေဇုန်မြစ်**

6259 km (3,903 mile) မှ 6712 km (4,195 mile) ရှည်လျားပါသည်။ အမေဇုန်မြစ်သည် သူ၏ အချက်အလက်များအရ ကမ္ဘာ့အကြီးဆုံးမြစ်အဖြစ်တည်ရှိနေပါသည်။ အမေဇုန်မြစ်၏ သယ်ဆောင်နိုင်သော ရေပမာဏမှာ ကမ္ဘာပေါ်ရှိ မြစ်များအားလုံး၏ သမုဒ္ဒရာအတွင်းသို့ စီးဝင်သောရေ၏ ၂၀ ရာခိုင်နှုန်း ရှိပါသည်။ အမေဇုန်မြစ်၏ အကျယ်ဆုံးနေရာမှာ ပူပြင်းခြောက်သွေ့သော ရာသီတွင် 11 km (6.8 mile) ရှိပါသည်။ ခြောက်သွေ့သောရာသီတွင် နှစ်စဉ်ပျမ်းမျှ 110,000 sq-km ခန့် ရေဧရိယာ ဖုံးလွှမ်းလျက်ရှိပါသည်။ မိုးရာသီများတွင် အမေဇုန်မြစ်မှာ ရေလွှမ်းဧရိယာ 350,000 sq-km ခန့် ရှိသည်။ မိုးရာသီရေဖုံးလွှမ်းမှုများချိန်တွင် အမေဇုန်မြစ်၏ အကျယ်ဆုံးနေရာမှာ 40 km (24.8 mile) အထိ ကျယ်ဝန်းသည်။

**(ခ) နိုင်းမြစ်**

နိုင်းမြစ်၏အရှည်မှာ 6695 km (4184 mile) အရှည်ရှိပါသည်။ နိုင်ငံပေါင်း ကိုးနိုင်ငံကို ဖြတ်သန်း၍ စီးဆင်းပါသည်။ ယူဂန်ဒါ၊ ဆူဒန်၊ အီဂျစ်၊ အီသီယိုးပီးယား၊ ဇိုင်ယာ၊ ကင်ညာ၊ တန်ဇန်နီးယား၊ ရဝမ်ဒါ၊ ဘူရွန်ဒီတို့အထိ ရှည်လျားပြီး Victoria ရေကန်ကြီးအတွင်းသို့လည်း စီးဝင်ပါသည်။ နိုင်းမြစ်သည် မြင့်မားသော တောင်တန်းများရှိသော တောင်ဘက်ပိုင်းမှ နိမ့်သောမြောက်ဘက်ပိုင်းသို့ စီးဆင်းပြီး အာဖရိကအလယ်ပိုင်းတောင်များမှ အာဖရိကအလယ်ပိုင်း၊ ထိုမှတစ်ဆင့် နိုင်းမြစ်ဝှမ်းဒေသကို ဖြတ်သန်း၍ မြေထဲပင်လယ်အတွင်းသို့ စီးဝင်သည်။ နိုင်းမြစ်၏ မြေထဲပင်လယ်အတွင်းသို့ ရေစီးဝင်မှုနှုန်းမှာ တစ်ရက်လျှင် ၃၀၀ ကုဗမီတာသန်းခန့် ရှိပါသည်။

(ဂ) **မစ်ဆူရီ-မစ္စစ္စပီမြစ် (Missouri-Missispi River)**

အမေရိကန်ပြည်ထောင်စုရှိ မြစ်များတွင် မစ်ဆူရီ မြစ်မှာ မစ္စစ္စပီမြစ်၏ မြစ်လက်တက်ဖြစ်ပြီး ၂၅၄၀ မိုင် ရှည်လျားပါသည်။ အမေရိကန်ပြည်ထောင်စု၏ အရှည်ဆုံးမြစ်မှာ မစ်ဆူရီမြစ် ဖြစ်ပါသည်။ သို့သော် မစ်ဆူရီမြစ်၏ရေထုထည်ပမာဏမှာ မစ္စစ္စပီမြစ်မှာကဲ့သို့ သယ်ဆောင်နိုင်ခြင်း မရှိဘဲ မစ္စစ္စပီမြစ်မှာ ပိုမိုနက်ရှိုင်းပြီး ရေထုထည်ပမာဏ ပိုမိုကြီးမားပါသည်။ မစ္စစ္စပီမြစ်မှာ မီနီဆိုးတားပြည်နယ်၏ အနောက်မြောက်ပိုင်းမှ စတင် စီးဆင်းပြီး မက္ကဆီကို ပင်လယ်ကွေ့အတွင်းသို့ စီးဝင်ပါသည်။ မစ္စစ္စပီမြစ်နှင့်သူ၏မြစ်လက်တက်များမှ အပလေချီယံ တောင်တန်း နှင့် ရော့ကီးတောင်တန်းတို့အကြားရှိ မြေပြန့်လွင်ပြင်ကို ဖြတ်သန်းစီးဆင်းသည်။ မစ္စစ္စပီမြစ်ဝှမ်းဒေသမှာ ကမ္ဘာ့ အကြီးဆုံး မြစ်ဝှမ်းဒေသဖြစ်ပြီး မြစ်ဝှမ်းဧရိယာ 1,247,300 sq-mile (3,230,490 sq-km) ရှိပါသည်။ အဆိုပါ မြစ်ဝှမ်းဧရိယာတွင် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ် ၃၁ ခုနှင့် ကနေဒါနိုင်ငံ၏ပြည်နယ် နှစ်ခုပါဝင်လျက်ရှိသည်။

**(ဃ) ယန်ဇီမြစ် (Yangtze River)**

ယန်ဇီမြစ်မှာ 6385 km (3915 mile) ရှည်လျားပါသည်။ ယန်ဇီမြစ်၏ မူလစီးဆင်းရာဒေသမှာ ချင်းဟိုင်ပြည်နယ်မှ စတင်စီးဆင်းပြီး အရှေ့ဘက်သို့ ဦးတည်၍ ရှန်ဟိုင်းမြို့ကို ဖြတ်သန်းစီးဆင်း၍ အရှေ့တရုတ်ပင်လယ်ထဲသို့ စီးဝင်ပါသည်။ တရုတ်ပြည်၏ အကြီးဆုံးရေချိုကန်ကြီး ငါးခုအနက် လေးခုမှ ရေများမှာ ယန်ဇီမြစ်အတွင်းသို့ စီးဝင်ပါသည်။ ယန်ဇီမြစ်မှာ တရုတ်ပြည်၏ တောင်ပိုင်းနှင့် မြောက်ပိုင်းကို ခွဲခြားပေးသော မျဉ်းအဖြစ် တည်ရှိနေသည်။ သို့ရာတွင် ပထဝီ ပညာရှင်များက Qinling-Huai မြစ်ကို ပထဝီဆိုင်ရာ သတ်မှတ်မှုမျဉ်းကြောင်းအဖြစ် သတ်မှတ်ထားပါသည်။

**NOVA No-002**

**သမုဒ္ဒရာရေစီးကြောင်း Generator (Ocean Current Generator)**

အဆိုပါသမုဒ္ဒရာရေစီးကြောင်း Generator တွင် ပေ ၁၉၀ အမြင့်ရှိ ဒေါင်လိုက် ရေပေါ်ဖောနှင့် NOVA Turbine လေးခု ပါရှိသည်။ လျှပ်စစ်ဓာတ်အား 2,000 kWh ကို သမုဒ္ဒရာရေစီးအားကို အသုံးပြု၍ ထုတ်လုပ်ပေးနိုင်သည်။ ရေပေါ်ဖော ၂၀၀ ပါဝင်သော ဓာတ်အားပေး စက်ရုံတစ်ခုတွင် လျှပ်စစ်ဓာတ်အား 400,000 kWh ကို ထုတ်လုပ်ပေးနိုင်သည်။ သမုဒ္ဒရာနှင့် ပင်လယ်များအတွင်း လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်နိုင်မည်ဖြစ်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ငမိုးရိပ်ချောင်းကူးတံတားပေါ်မှ အများပြည်သူအေးချမ်းစွာဖြင့် ဖြတ်သန်းသွားလာနိုင်တော့မည်

**ရန်ကုန် ဩဂုတ် ၁၄**

မြစ်ရေကျချိန်ဖြစ်၍ ငမိုးရိပ်ချောင်းအတွင်း စီးဆင်းနေသော ရေမှာ ဗေဒါပင်များကို တအိအိဖြင့် သယ်ဆောင်လျက်ရှိသည်။ ရန်ကုန်မိုးမှာ ယခုရက်ပိုင်းအတွင်း နေ့စဉ်ဖွဲလိုက်၊ သည်းလိုက်ဖြင့် မိုးမပြတ်သည့်အတွက် တောင်ဥက္ကလာပ ငမိုးရိပ်မြစ်ကူးတံတားပေါ်၌ တည်ဆောက်ရေးအလုပ်သမားများမှာ မိုးဖွဲဖွဲအောက်တွင် လုပ်ငန်းခွင်ဝင်လျက်ရှိသည်။

ငမိုးရိပ်ချောင်းသည် တောင်မှ မြောက်သို့ စုန်၊ ဆန်စီးဆင်းလျက်ရှိရာ တံတားကြီးကို အရှေ့အနောက် ချောင်းကူးတံတားကြီးအဖြစ် ထိုးထားခြင်းဖြစ်သည်။ တံတား၏ အရှေ့ဘက်ကမ်းသည် မြောက်ဒဂုံဖြစ်၍ တံတား၏ အနောက်ဘက်ကမ်းသည် တောင်ဥက္ကလာပမြို့နယ် ဖြစ်သည်။ ယခင်က မြောက်ဒဂုံမှ ငမိုးရိပ်ချောင်းကို သမ္ဗန်ဖြင့်ဖြတ်ကာ တောင်ဥက္ကလာပစံပြဈေးနှင့် ရန်ကုန်မြို့တွင်းသို့ တစ်ဆင့်သွားလာရသော၊ ပြည်သူများ ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် တည်ဆောက်လျက်ရှိသော ငမိုးရိပ်ချောင်းကူးတံတားကြီးမှာ ၉၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ မကြာမီ တည်ဆောက်မှုပြီးစီးတော့မည်ဖြစ်သည်။

တောင်ဥက္ကလာပ သံသုမာလမ်းမကြီးဘေးတွင် ဥက္ကလာပစေတီတော်ကြီးရှိပြီး စေတီဝင်းရှေ့တွင်ရှိသော သစ္စာလမ်းမကြီးအတိုင်း ဖိုးခေါင်လမ်းထိပ်မှစ၍ ချောင်းကူးတံတားကြီးကို တည်ဆောက်နေခြင်း ဖြစ်သည်။ တံတားကြီးကို ဧပြီလ ၁ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး စက်တင်ဘာလ ၅ ရက်နေ့တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ တံတား၏ အရှည်မှာ ပေ ၉၀၀၊ အကျယ်မှာ ၂၄ ပေရှိပြီး နှစ်လမ်းသွားဖြစ်ကြောင်း၊ ဖောင်ဒေးရှင်းကို ဘိုးပိုင်ဖြင့်တည်ဆောက်၍ ချဉ်းကပ်တံတားကို ရက်မများဖြင့် ကွန်ကရစ်ကြမ်းခင်းဖြစ်၍ ရေလည်တိုင် (P-1), (P-2) အကျယ် မီတာ ၆၀ အား သံမဏိသံပေါင်ဖြင့် တည်ဆောက်ထားကြောင်း၊ တံတား၏ လူသွားလမ်းအကျယ်မှာ ၁ ဒသမ ၇၅ မီတာထားရှိပြီး ကွန်ကရစ်ရှစ်လက်မထုဖြင့် တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ ယခုအခါ တံတားလက်ရန်းတပ်ဆင်ခြင်း၊ လူသွားလမ်းကွန်ကရစ်ခင်းခြင်းနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်းများသာကျန်ရှိကာ လုပ်ငန်းမြန်ဆန်စွာပြီးစီးရန် လုပ်ဆောင်လျက်ရှိကြောင်း၊ တည်ဆောက်မှုလုပ်ငန်းတစ်ခုလုံးကို သတ်မှတ်ကာလအတိုင်း ပြီးစီးတော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအင်ဂျင်နီယာ ဦးမျိုးမြင့်က ပြောသည်။

ဥက္ကလာပစေတီ ဝင်ပေါက်ထိပ်အနီးရှိ သစ္စာလမ်းမကြီးတွင် ဟင်းသီးဟင်းရွက်၊ အသား၊ ငါးတို့ဖြင့် ယာယီပုံကျဈေးသည်များကို တွေ့ရသည်။ တောင်ဥက္ကလာပ (၁၄/၂) ရပ်ကွက်မှ စားသောက်ဆိုင်ပိုင်ရှင် ကိုဆန်းအောင်က "အထူးသဖြင့် ဟိုဘက်ကမ်းကနေ ဒီဘက်ကို အလုပ်လုပ်ကိုင်သူတွေ၊ ကျောင်းသားတွေ သမ္ဗန်နဲ့ကူးပြီး ဒီဘက်ကို လာရတယ်။ အခု တံတားထိုးလိုက်တဲ့အတွက် သွားလာရေးလည်း အဆင်ပြေသွားတယ်။ မြို့နယ်နှစ်ခုက တိုးတက်ဖွံ့ဖြိုးမှု မတူဘူး။ ချောင်းလေးခြားတာနဲ့တင် ကွာခြားသွားတယ်။ အခုချောင်းကူးတံတားကြီးပြီးသွားရင် လမ်းပန်းဆက်သွယ်ရေးရဲ့အရေးပါတဲ့ အကျိုးကျေးဇူး ကျွန်တော်တို့ ပြည်သူတွေခံစားရတော့မှာပါ" ဟု ပြောသည်။

မြောက်ဒဂုံဘက်ခြမ်း တံတားချဉ်းကပ်လမ်း၏ထိပ်တွင် တောင်/မြောက်သွားလာနေသော ငါးမာန်အောင်ဘုရားလမ်းမကြီးရှိသည်။ မြောက်ဘက်တွင် ဘေလီတံတားကို သွားလာနိုင်ကာ တောင်ဘက်တွင် မြောက်ဒဂုံမြို့နယ် တောင်/မြောက်လမ်းဆုံသို့ သွားရောက်နိုင်ကြောင်း သိရသည်။



မကြာမီအချိန်၌ အချိန်ကုန်ကြန့်ကြာမှုမရှိဘဲ တံတားကြီးပေါ်မှ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်သည်။ ငမိုးရိပ်ချောင်းအတွင်း ရေတက်နှင့်အတူ သဲတင်စက်လှေများ တံတားအောက်မှ ဖြတ်သန်းနေကြသည်ကို ဝါခေါင်မိုးဖွဲဖွဲအောက်တွင် တွေ့ရသည်။ အလုပ်သမားများ အဖွဲ့လိုက် မိမိတာဝန်ယူရာ လုပ်ငန်းတို့ကို သွက်လက်စွာဖြင့် လုပ်ကိုင်နေကြလျက်ရှိသည်။

မိုးဖွဲဖွဲနှင့်အတူ ငမိုးရိပ်ချောင်းကြီး ကွေ့ပတ်စီးဆင်းနေသည်မှာ တစ်မျိုးတစ်ဖုံကြည့်၍ လှပနေသည်။ ချောင်းတစ်လျှောက်သန့်ရှင်းလှပရန် ရေရှည်ထိန်းသိမ်းသွားနိုင်ပါက ငမိုးရိပ်ချောင်းသည် စက်သမ္ဗန်သွားလာနိုင်သော အကျိုးကျေးဇူးထက် အခြားသောစီးပွားရေး အခွင့်အလမ်းများစွာ ရှိနေနိုင်ပါသည်။

မကြာမီပြီးစီးတော့မည့် တောင်ဥက္ကလာပ ငမိုးရိပ်တံတားကြီးပေါ်မှ ချောင်းဖြတ်သန်းသွားလာရသော အခက်အခဲများ ကြုံတွေ့ခဲ့ရသည့် ပြည်သူများ စိတ်အေးချမ်းသာစွာ ကူးလူးသွားလာနိုင်တော့မည်ဖြစ်သည်။

**သတင်းဆောင်းပါး- သန်းထိုက် (လှိုင်သာယာ)**
**ဓာတ်ပုံ- သန်းစိုး**

# မြန်မာ့စီးပွားရေးတိုးတက်ပြောင်းလဲရန် အင်တာနက်ကို ထိရောက်စွာအသုံးချရန် လိုအပ်လာ

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတွင် ပြည်ပသို့ ပို့ကုန်များတင်ပို့မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများ အပါအဝင် မြန်မာ့စီးပွားရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် အင်တာနက်ကို ထိရောက်စွာအသုံးပြုရန် လိုအပ်လာပြီဖြစ်ကြောင်း အိုင်တီကျွမ်းကျင် စီးပွားရေးပညာရှင်တစ်ဦးက ပြောသည်။

"အခုဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အင်တာနက်အသုံးပြုသူ သန်း၂၀ လောက် ရှိပါတယ်။ ဒါပေမယ့် အင်တာနက်ဆိုရင် အများစုက ဖေ့စ်ဘုတ်ကို ပြေးမြင်ကြတယ်။ ခုဆိုရင် မြန်မာနိုင်ငံမှာ ဖေ့စ်ဘုတ်ကို တစ်နေ့ နာရီပေါင်းများစွာ အသုံးပြုနေကြတဲ့ လူငယ်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ အများအပြားရှိနေပါတယ်။ အင်တာနက်ဆိုတဲ့ tool က သုံးတတ်ရင် ဆေးပါ။ မသုံးတတ်ရင် ဘေးပါ။ မြန်မာပြည်မှာက ဆေးဖြစ်ဖို့ထက် ဘေးဖြစ်ဖို့များနေတာ တွေ့ရပါတယ်။ ယခုအချိန်မှာက Internet Revolution ကို သွားနေတာပါ။ အင်တာနက်ခေတ်ရေစီးကြောင်းကို ကောင်းကောင်းအသုံးချရမှာ ဖြစ်ပါတယ်။ အင်တာနက်ခေတ်ရေစီးကြောင်းကို ကောင်းကောင်းအသုံးမချနိုင်ဘူးဆိုရင် ပို့ကုန်တွေ တိုးလာဖို့၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဖို့၊ ပြည်ပကုန်သွယ်မှုတွေနဲ့ ချိတ်ဆက်နိုင်ဖို့ မလွယ်ပါဘူး။ အစိုးရဌာနတွေရော စီးပွားရေးလုပ်ငန်းရှင်တွေ၊ ပြည်သူတွေအားလုံး အင်တာနက်ကို အကျိုးရှိရှိ ထိရောက်မှန်ကန်စွာ အသုံးပြုကြဖို့ လိုအပ်လာပြီဖြစ်ပါတယ်" ဟု Bagan Smart.com မှ မန်နေဂျင်းဒါရိုက်တာ ဦးပြည့်ဖြိုးပိုင်က တပ်မတော်ခန်းမ၌ ပြုလုပ်သော အာဆီယံနှစ် ၅၀ ပြည့်အထိမ်းအမှတ် SMEs ထုတ်ကုန်ပြပွဲအခမ်းအနားတွင် ပြောသည်။



မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်ကို အသုံးပြုမှု များပြားနေသော်လည်း အီးမေးလ်အသုံးပြုသူ နည်းပါးနေကြောင်း၊ အင်တာနက်အသုံးမပြုနိုင်သော ကုမ္ပဏီသိန်းနှင့်ချီ ရှိနေကြောင်း၊ အင်တာနက်ကို အသုံးပြုပြီး ကုမ္ပဏီအချင်းချင်း၊ နိုင်ငံအချင်းချင်း၊ ကုမ္ပဏီနှင့် ဌာနဆိုင်ရာများအကြား ဆက်သွယ်လုပ်ကိုင်နိုင်မှုမှာ အလွန်ပင်အားနည်းနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အွန်လိုင်းမှတစ်ဆင့် လုပ်ကိုင်နိုင်သော လုပ်ငန်းများဖြစ်သော်လည်း လူကိုယ်တိုင်သွားနေရ၍ အချိန်နှင့်ငွေကြေးကုန်ကျမှုကို လျှော့ချနိုင်ခြင်းမရှိကြောင်း၊ ဝန်ကြီးဌာနများတွင် ဝက်ဘ်ဆိုက်များရှိသော်လည်း ထုတ်ပြန်ချက်၊ ကြေညာချက်များသာ တွေ့ရကြောင်း၊ အီးမေးလ်ဖြင့် အပြန်အလှန်ချိတ်ဆက် အသုံးပြုမှုအပိုင်းတွင် အားနည်းနေကြောင်း ၎င်းက ပြောသည်။

အစိုးရအနေဖြင့် ကုမ္ပဏီများ လုပ်ကိုင်နိုင်အောင် လိုအပ်ချက်များ ပံ့ပိုးပေးခြင်း၊ အင်တာနက်မှ ဈေးကွက်သစ်များရှာဖွေခြင်း၊ ကုမ္ပဏီများအပိုင်းက ပြည်ပနှင့် ယှဉ်ပြိုင်နိုင်သော အရည်အသွေးမီ ထုတ်ကုန်များ ထုတ်လုပ်ခြင်း၊ ဈေးနှုန်းလည်း ပြည်ပဈေးနှုန်းထက် မကြီးအောင် ထုတ်လုပ်ခြင်းဖြင့် မြန်မာ့စီးပွားရေး ဦးမော့လာမည်ဖြစ်ကြောင်း၊ ယခုအခါ အမေရိကန်စီးပွားရေးပိတ်ဆို့မှုမှာလည်း ဖယ်ရှားနိုင်ပြီဖြစ်၍ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အခွင့်အလမ်းကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ အင်တာနက်ကို အသုံးပြု၍ ဈေးကွက်သစ်များ ရှာဖွေသင့်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**သတင်း- မြင့်မောင်စိုး၊ ဓာတ်ပုံ- တင်စိုး**

# သက်ကြီးသမားတော်များအား ပူဇော်ကန်တော့

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်)၏ နဝမအကြိမ်မြောက် သက်ကြီးသမားတော်ကြီးများ ပူဇော်ပွဲကို ဩဂုတ် ၁၂ ရက်က ရန်ကုန်မြို့ တောင်ဥက္ကလာပစေတီတော်ရှိ မဟာမုနိဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟိုဥက္ကဋ္ဌ သမားတော်ကြီးဦးသန်းညွန့်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်) ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌတို့က ပူဇော်ပွဲကျင်းပရခြင်း အကြောင်းများကို ပြောကြားကြသည်။

ဆက်လက်၍ သက်ကြီးသမားတော်ကြီးများအား ကန်တော့ကြပြီး အသက် ၇၀ နှင့်အထက် တိုင်းရင်းဆေးဆရာကြီး၊ ဆရာမကြီး ၁၄၇ ဦးတို့ကို အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ **အေးကေလင်း**

# ကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှု ရာသီတုပ်ကွေးကာကွယ်ရေး စာပေပြိုင်ပွဲထည့်သွင်းကျင်းပ

**ဖျာပုံ ဩဂုတ် ၁၄**

ကျောင်းကျန်းမာရေးလှုပ်ရှားမှု ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၁ ရက်က ဖျာပုံမြို့နယ် အမှတ် (၁၁) အခြေခံပညာမူလတန်းကျောင်း (မန်းကျည်းတန်း) ၌ ကျင်းပသည်။

ဖျာပုံမြို့တွင် ဩဂုတ် ၇ ရက်မှ ၁၂ ရက်အထိ ပြုလုပ်သည့် ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာသန့်စင်နိုင်နှင့် သွားကျန်းမာရေးဦးစီးအရာရှိ ဒေါက်တာ မောင်မောင်ဆန်းတို့က ဦးဆောင်၍ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ တစ်ဦးချင်းကျန်းမာရေးစစ်ဆေးခြင်း၊ ကလေးများကိုယ်တိုင် အာဟာရပြည့်ဝသည့် အစားအစာများ ရွေးချယ်စားသောက်တတ်စေရန် ရှင်းလင်းပြောပြခြင်း၊ ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေးခြင်းတို့အပြင် ရာသီတုပ်ကွေးရောဂါကာကွယ်ရေး ခေါင်းစဉ်ဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းပေါင်းစုံ စာစီစာကုံးပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

# မြန်မာနိုင်ငံ သတင်းစာဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ယခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဩဂုတ် ၁၂ ရက်က ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ Orchid Hotel တွင် ကျင်းပရာ အစည်းအဝေးသဘာပတိအဖြစ် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟို စည်းမျဉ်းနှင့် ကျင့်ဝတ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းက ဆောင်ရွက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း နာယက ဦးခင်မောင်လေး (ဖိုးသောကြာ- ခေတ်+မိုး) က ဗီဒီယိုရုပ်သံမှတစ်ဆင့် နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် အသင်းနာယက ဦးကိုကိုနှင့် အသင်းဥက္ကဋ္ဌ ဦးသီဟစောတို့က အဖွင့်အမှာစကား ပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က အစည်းအဝေးကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးကျော်စွာမင်းက မြန်မာနိုင်ငံသတင်းစာဆရာအသင်း နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြကာ ဗဟိုအလုပ်အမှုဆောင်များက နိုင်ငံတကာဆက်ဆံရေးအခြေအနေ၊ အသင်း၏ အထူးကိစ္စရပ်များ၊ ဘဏ္ဍာရေး၊ စည်းရုံးရေးအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယပိုင်းအစီအစဉ်အဖြစ် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုစည်းမျဉ်းနှင့် ကျင့်ဝတ်ကော်မတီအဖွဲ့ဝင် ဦးအောင်သူမြိုင်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။ ထို့နောက် ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးများရှိ သတင်းစာဆရာအသင်းများ၏ စည်းရုံးရေး၊ ဘဏ္ဍာရေးအခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အခက်အခဲများနှင့် အကြံပြုချက်များကို တင်သွင်းဖတ်ကြားတင်ပြကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သတင်းစာဆရာအသင်းများ၏ ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြု မှတ်တမ်းတင်ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးသီဟစောက သတင်းမီဒီယာဥပဒေပြင်ဆင်ခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သတင်းစာဆရာအသင်းများ၏ ဆွေးနွေးချက်များကို ပြန်လည်သုံးသပ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရ**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကျင်းပ

**ပန်းတောင်း ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ဖြူစင်အေးမြပရဟိတအသင်း အစည်းအဝေးခန်းမ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၁၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပန်းတောင်းမြို့နယ် လူငယ်အဖွဲ့ခေါင်းဆောင်များဖြစ်သော ကိုရဲကျော်သူနှင့် ကိုပိုင်လေးတို့က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းကြီးမှ သတ်မှတ်ပေးထားသော အဖွဲ့အစည်းဖြစ်ကြောင်း နှစ်စဉ် ယင်းနေ့ကျင်းပတိုင်းတွင် ခေါင်းစဉ်တစ်မျိုးစီဖြင့် ကျင်းပခဲ့ရာ ယခုနှစ်တွင် "ငြိမ်းချမ်းရေးကို တည်ဆောက်နေသော လူငယ်များ" ခေါင်းစဉ်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ပန်းတောင်းမြို့နယ်အတွင်း ယခုထက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အဖွဲ့ဝင်များတိုးပွားအောင် စုဆောင်း၍ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာအုပ်စုများမှ လူငယ်များက ခေါင်းစဉ်များကို ဆွေးနွေးကြပြီး လူငယ်ခေတ်ပေါ်တီးဝိုင်းက ငြိမ်းချမ်းရေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ ဧည့်ခံခဲ့ကြကြောင်း သိရသည်။ **အောင်မြင့် (ပန်းတောင်း)**


4×4
MIMO
Advanced Technology
နဲ့ဆို လုံးဝအလွှင့်ပဲ !
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
LTE+
• ရန်ကုန် • မန္တလေး • နေပြည်တော်
• ပဲခူး • တောင်ငူ • ပြည်
• တောင်ကြီး • မော်လမြိုင် • ရွှေဘို
• မုံရွာ • မကွေး • ပုသိမ်
• ဟသ်ာတ • ပျဉ်းမနား • ကလော
• တာချီလိတ် • မြဝတီ • မော်ဘီ
• မြိတ် • ထားဝယ် • စစ်တွေ
• ကျိုင်းတုံ • ဘားအံ • ညောင်ဦး
• လှိုင်ကော် • မြစ်ကြီးနား • ဖားကန့်
မြန်မာပြည်တွင် ပထမဦးဆုံးအဖြစ် အထူးမြန်နှုန်းမြင့် 4x4 MIMO နည်းပညာကို MPT မှ သုံးစွဲသူများလက်ထဲ အရောက်ပို့ပေးလိုက်ပါပြီ။
သာမန် 4G/LTE ထက် ၂ဆ ပိုမိုမြန်ဆန်သော Internet ကို အသုံးပြုနိုင်မှာ ဖြစ်ပါသည်။
*4G Internet အသုံးပြုနိုင်သော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။
*4x4 MIMO Internet အသုံးပြုလိုပါက သတ်မှတ်ထားသော Mobile Phone ဖြစ်ရန် လိုအပ်ပါသည်။
မြို့ကြီး (၂၇) မြို့ အပါအဝင်
မြို့နယ်ပေါင်း (၇၈) မြို့တွင်
အသုံးပြုနိုင်ပါပြီ။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

VICTORIA UNIVERSITY COLLEGE

Partnership with UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

ပြည်တွင်း VUC တွင် တက်ရောက်ပြီး အင်္ဂလန်နိုင်ငံ University of Wolverhampton မှ တိုက်ရိုက် ချီးမြှင့်ပေးအပ်မည့် –

- Bachelor of Arts Honours in Business Management
- Bachelor of Engineering Honours in Civil Engineering
- Bachelor of Engineering Honours in Mechatronics Engineering
- Bachelor of Science Honours in Architectural Design Technology

အထက်ဖော်ပြပါသင်တန်းများအတွက် အခြေခံပညာအထက်တန်းအောင်မြင်သူများ (သို့) ညီမျှသော နိုင်ငံတကာအသိအမှတ်ပြု အောင်လက်မှတ် ရရှိသူများသည် သက်ဆိုင်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်လျှောက်ထားရပါမည်။ (အမှတ်စာရင်း ကန့်သတ်ချက်မရှိပါ။)

သင်တန်းတွင် စာတွေ့လက်တွေ့ (၃)နှစ်ခွဲ သင်ယူရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ဆရာမများနှင့် UOW မှ ဆရာများမှ ပူးတွဲ သင်ကြားပို့ချမည်ဖြစ်သည်။

HND အောင်မြင်ပြီးသူများ၊ အစိုးရ BTech အောင်မြင်ပြီးသူများနှင့် အခြား နိုင်ငံတကာ အသိအမှတ်ပြု Level 5 အဆင့် အောင်မြင်ပြီးသူများသည် UK ဘွဲ့ နောက်ဆုံးနှစ် သင်တန်းသို့ တက်ရောက်ရန်လျှောက်ထားနိုင်သည်။

**သင်တန်းကာလပြီးဆုံးပါက အင်္ဂလန်နိုင်ငံ (သို့) ပြည်တွင်းတွင် ကျင်းပမည့် ဘွဲ့နှင်းသဘင် အခမ်းအနားတက်ရောက်ရယူရမည်။**

မိဘများ၏ မေတ္တာရပ်ခံချက်အရ September တန်းခွဲအသစ်ကို ထပ်မံဖွင့်လှစ်ရန် စတင်လက်ခံပေးနေပါပြီ။

အသေးစိတ်အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာဌာန

ရန်ကုန် – အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower) ၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး –အမှတ် (၁၅၁)၊ ၂၈လမ်း (၇၇ x ၇၈) ၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေး။ ဖုန်း – ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။



SAMSUNG Galaxy S8 | S8+

ဩဂုတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ အထိ

BIG SALE

အထူး ငွေသား လက်ဆောင်

ကျပ် ၁၀၀,၀၀၀ ရရှိမည့်

အခွင့်အရေး




samsungmobilemyanmar samsungmyanmar mySamsung.com/mm samsung.com/mm

အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

Call Center 01 2399 888 (Mon-Sun) 7AM to 11PM

## နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)
## (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
# ဖိတ်ကြားလွှာ

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ သာစုပရိယတ္တိကျောင်းတိုက်ကြီး၌ ၂၀-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့)၊ ၁၃၇၉ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက် မွန်းလွဲ ၁၄နာရီတွင် ကျင်းပပူဇော်မည်ဖြစ်ပါသဖြင့် နတ်မောက်မြို့နယ်သူ/သားများ မပျက်မကွက် တက်ရောက်ပူဇော်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများအနေဖြင့် ဦးအောင်သန်း ဖုန်း-၀၉-၅၀၃၀၆၆၇၊ ဦးအောင်သန်းထွန်း ဖုန်း-၀၉-၂၅၄၃၀၉၅၂၁၊ ဦးထွန်းညွန့် ဖုန်း-၀၉-၂၅၀၆၇၁၇၉၈၊ ကိုဇော်မင်းလတ် ဖုန်း-၀၉-၂၅၄၈၂၇၁၀၆၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၄၂၁၀၈၆၅၁၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ပြည်တွင်းအခွန်များဦးစီးဌာန
## ဝန်ထမ်းဟောင်းများအသင်း
## ပဉ္စမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ပြည်တွင်းအခွန်များဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း၏ ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၆ရက်) ၂၇-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ စကားဝါလမ်း၊ အမှတ် ၁၄ ရှိ တိပိဋကနိကာယကျောင်းတိုက် ရွှေရတုသဘင်ခန်းမတွင် ကျင်းပမည်ဖြစ်ရာ ဝန်ထမ်းဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလှူရေစက်ချတရားနာ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းများနှင့် နဝကမ္မအလှူငွေများကို ပန်းဆိုးတန်းလမ်း၊ အမှတ် ၆၂ (ပထပ်)ရှိ အခွန်များဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်း ရုံးခန်းတွင် ၁၉-၈-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ၃ နာရီ အတွင်းလည်းကောင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည့် နေရာတွင် ၂၇-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမတိုင်မီ လည်းကောင်း ကြွရောက်ပေးပို့လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)
## (၂၀) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

နေ့ရက် - ၂၆-၈-၂၀၁၇ (စနေနေ့)
အချိန် - မွန်းလွဲ (၂) နာရီတိတိ
နေရာ - ရွှေကျင်နိကာယ ဓမ္မဝိမာန်တော်ကြီး
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်။
(ရွှေတိဂုံဘုရားကြီးအရှေ့မုခ်တည့်တည့်)
ဖိတ်ကြားခြင်း - အသင်းဝင်များ၊ ကလျာဏမိတ်ဆွေများနှင့် ညောင်တုန်းနွယ်ဖွား မိသားစုအားလုံးတို့အား ကြွရောက်ကုသိုလ်ပြုနိုင်ရန် ဖိတ်ကြားအပ်ပါသည်။
ဆက်သွယ်ရန် - ဦးညီညီထွန်းလွင် (ဥက္ကဋ္ဌ) ဖုန်း-၀၉ ၅၁၇၁၄၆၆
ဦးအေးကျော် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၀၉ ၅၁၁၄၁၂၅
ဦးဇော်ထွဋ်မင်း (အတွင်းရေးမှူး) ဖုန်း-၀၉ ၂၅၀၄၃၄၀၉၃
ဒေါ်တင်နွယ်ဝင်း (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉ ၄၃၁၀၄၉၃၄
ဦးမောင်မောင်ကြည် (မြန်/မှူး) ဖုန်း-၀၁ ၂၂၂၄၆၄

### ဝက်လက်မြို့နယ်(ရန်ကုန်)၏ ကောဒသမမြောက်
### ဝါဆိုသင်္ကန်းကပ်လှူပွဲ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့်
### ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း
### ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ပါရန် ခင်မင်လေးစားစွာ
# ဖိတ်ကြားအပ်ပါသည်

**အမှုဆောင်အဖွဲ့**

**ကျင်းပမည့်ရက်** - ၁၃၇၉ ခုနှစ် တော်သလင်းလဆန်း ၆ ရက်၊ ၂၇-၈-၂၀၁၇ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - အောင်ဇေယျာမင်း၊ ပရဟိတကျောင်းတိုက် ရွှေပြည်သာတံတားအဆင်း၊ လှိုင်သာယာမြို့နယ်၊ (ငွေပင်လယ်စက်မှုဇုန်အနီး)

**စုရပ်များနှင့် တာဝန်ခံများ**

စုရပ်(၁) - မြောက်ဒဂုံဘေလီတံတားထိပ်၊ သီတဂူဗုဒ္ဓတက္ကသိုလ်ကျောင်းရှေ့ ဦးနိုင်အောင် ဖုန်း-၀၉-၈၆၃၂၂၃၁
စုရပ်(၂) - အင်းစိန်ဈေးကြီး၊ ရွှေပြည်ဟိန်းသင်္ကန်းဆိုင်ရှေ့ ဦးဇော်သောင်း ဖုန်း-၀၉-၂၆၅၄၆၉၅၅၈
စုရပ်(၃) - လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ ကန်လမ်းထိပ်၊ ဘူတာရုံလမ်း မှတ်တိုင် ဦးကျော်ဇော ဖုန်း-၀၉-၅၁၂၉၂၃၇
စုရပ်(၄) - တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်၊ သမာဓိလမ်း၊ တိုက်အမှတ်(၁၁၆၇) ဒေါ်မြတ်မြတ်ဆင့် ဖုန်း-၀၉-၇၉၀၂၂၈၆၅၆

**စုရပ်များမှ မော်တော်ယာဉ်များ နံနက် ၇း၃၀ နာရီတွင် ထွက်ခွာပါမည်။**

## သရဖူစိုးမြင့်ကုမ္ပဏီလီမိတက်မှ ဝယ်ယူသူများသိစေရန်

ကျွန်တော် တင်ထွန်းအောင် ၁၂/ဒဂမ(နိုင်)၀၁၃၉၉၄ သည် မန်နေဂျာအဖြစ်လည်းကောင်း၊ ကျွန်မ ဒေါ်သန်းသန်းစိုး ၉/ရမသ(နိုင်)၀၃၈၆၂၉ သည် စာရင်းကိုင်အဖြစ်လည်းကောင်း သရဖူစိုးမြင့်ကုမ္ပဏီလီမိတက် နေပြည်တော် (ရုံးခွဲ)တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ကျွန်တော်၊ ကျွန်မတို့ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း စာရင်းဇယားနှင့် ငွေကြေးအရှုပ်အရှင်းများ ရှိခဲ့ပါသည်။ ထိုကဲ့သို့ ဖြစ်ပေါ်ခဲ့သော အရှုပ်အရှင်းများတွင် ကုမ္ပဏီ၏ ဂုဏ်သတင်းညှိုးနွမ်းခြင်းနှင့် ဝယ်ယူသူများ၏ အဆင်မပြေမှုများအတွက် အနူးအညွတ်ဝန်ချတောင်းပန်ပါကြောင်းနှင့် ကျွန်တော်၊ ကျွန်မတို့သည် သရဖူစိုးမြင့်ကုမ္ပဏီနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်းအောင် ၁၂/ဒဂမ(နိုင်)၀၁၃၉၉၄**
**ဒေါ်သန်းသန်းစိုး ၉/ရမသ(နိုင်)၀၃၈၆၂၉**

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ် မစိုးရိမ်တိုက်သစ် စာအောင်ဆု ထာဝရ ငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

## စာအောင်သံဃာတော်အရှင်သူမြတ်တို့အား (ဘဏ်တိုး)ဖြင့် (နှစ်စဉ်) စာအောင်ဆုလှူဒါန်းနိုင်ရန် စာအောင်ဆု ထာဝရငွေပဒေသာပင် ကျပ်သိန်း (၁)သောင်း စီမံကိန်းကို စတင်အကောင်အထည်ဖော်လျက်ရှိပါသည်။

သို့ဖြစ်ရာ အလှူရှင်များအနေဖြင့် ကျပ်(၁)သိန်းနှင့် ကျပ်(၁)သိန်းအထက် စာအောင်ဆုထာဝရငွေပဒေသာပင်များကို အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်၍ စိုက်ထူလှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**ဆက်သွယ်ရန်လှူဒါန်းရန်**

(၁) နာယကဆရာတော်များ ဖုန်း-၀၉-၂၀၀၂၆၂၅ (-၄-၃)
(၂) ဦးလှအောင် (ဂေါပက) ဖုန်း-၀၉-၂၀၀၃၂၂၉
(၃) ဦးမြဇော် (ဂေါပက) ဖုန်း-၀၉-၂၀၀၇၃၆၄
(၄) ဦးသိန်းဌေးအောင် (ဂေါပက) ဖုန်း-၀၉-၂၀၀၉၇၉၀
(၅) ဦးကင်းဝန် (ဂေါပက) ဖုန်း-၀၉-၅၃၀၂၁၃၇
(၆) ဦးကျော်ဇေယျ (ဂေါပက) ဖုန်း-၀၉-၂၀၀၃၈၅၅

အလှူရှင်များ၏ လှူဒါန်းငွေများကို (လစဉ်အလိုက်)သတင်းစာများမှ ဖော်ပြပေးသွားပါမည်။ (၁၂-၈-၂၀၁၇)အထိ ဘဏ်၌အပ်နှံထားပြီး လှူဒါန်းငွေများမှာ ၅၉၂၃၂၉၈၄၆ ကျပ်တိတိ ဖြစ်ပါသည်။ (ငါးထောင်ကိုးရာနှစ်ဆယ့်သုံးသိန်းနှစ်သောင်းကိုးထောင်ရှစ်ရာလေးဆယ့်ခြောက်ကျပ်တိတိ) ဖြစ်ပါသည်။

### မန္တလေးမြို့ မစိုးရိမ်တိုက်သစ်
### ၂၀၁၇ခုနှစ် (ဇူလိုင်လ)စာအောင်ဆု ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းကြသော အလှူရှင်များစာရင်း

| စဉ် | အလှူရှင်အမည် | နေရပ် | လှူဒါန်းငွေ |
|---|---|---|---|
| ၁ | ဆရာမ ဒေါ်တင်တင်အေး(ငြိမ်း) ဦးဆောင်သော အလှူရှင်များ | တပ်ကုန်း၊ ပျဉ်းမနား၊ တောင်ငူ၊ အုတ်တွင်း၊ ရန်ကုန် | ၂၀၀၀၀၀ |
| ၂ | ဦးမောင်ကို-ဒေါ်ရွှေဥ(ရွှေဥသြရွှေဆိုင်နှင့် ထာဝရကုမ္ပဏီ)မိသားစု | မန္တလေး (လစဉ်) | ၁၀၀၀၀၀၀ |
| ၃ | ဦးဉာဏ်မြင့်အား ရည်စူး၍ ဒေါ်ရွှေမိသားစု | အမှတ် (၁၀၁) ၂၄-လမ်း လသာ ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၄ | ဦးစိုးမြင့် | ပါရမီရပ် စစ်ကိုင်းမြို့ | ၁၀၀၀၀၀ |
| ၅ | ဗိုလ်ကြီး ဒေါ်ခင်မြမြ(ငြိမ်း) ပန်းဆိုးတန်းလမ်း | အမှတ် (၄)ရပ်ကွက်၊ ကျောက်တံတား၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၆ | ဦးသူရိန်ထွန်း-ဒေါ်ကျော့ကျော့ခိုင် မိသားစု | ကုံကော်အိမ်ရာ၊ နေပြည်တော် | ၁၀၀၀၀၀ |
| ၇ | ဦးလှအောင်-ဒေါ်တင်မေရီ မိသားစု | အမှတ် (၅)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၁၀၀၀၀၀ |
| ၈ | အလှူရှင်တစ်ဦး | မန္တလေးမြို့ | ၂၀၀၀၀၀ |
| ၉ | ဒေါ်သန္တာစန်း | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၀ | ဒုအရာခံဗိုလ် သန့်ဇင်ဝင်း-ဒေါ်မြတ်မြတ်နွယ် မိသားစု | မန္တလေးမြို့ | ၁၅၀၀၀၀ |
| ၁၁ | ဦးမြတ်ထင်-ဒေါ်သန်းသန်းဌေး(ရွှေမန်းသူအထည်ဆိုင်) မိသားစု | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၂ | မစိုးရိမ်တိုက်သစ် ကျောင်းသားဟောင်း ဦးဝိဇ္ဇာဗလ | ဝိဇ္ဇာလင်္ကာရကျောင်း၊ စိန်ပန်း၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၁၃ | ဦးစိုးငြိမ်း(တပ်မတော်အင်ဂျင်နီယာကျောင်း) | ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၁၄ | မိခင်ကြီးဒေါ်သန်းကြည်နှင့် ခင်ပွန်း ဦးအောင်လှိုင်စိုး (ညွှန်ကြားရေးမှူး၊ စာရင်းစစ်ချုပ်ရုံး)တို့အား ရည်စူး၍ ဒေါ်မြတ်လေးနွယ်မိသားစု | ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၁၅ | ဦးမောင်မောင်-ဒေါ်စန်းပွင့် မိသားစု | တောင်ကြီးမြို့၊ ရှမ်းပြည်နယ် | ၁၀၀၀၀၀ |
| ၁၆ | ဦးထွန်းမြတ်-ဒေါ်ကြင်ငြိမ်း(စန်းသီရိမာဆေးခန်း)မိသားစု | မြိတ်မြို့ | ၁၀၀၀၀၀ |
| ၁၇ | ဦးမျိုး-ဒေါ်ဖြူ (ဆင်ပျံသင်္ကန်းတိုက်)မိသားစု | ဗဟန်း၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၁၈ | ဦးညိုထွန်း-ဒေါ်ခင်မြနွယ် သမီးများဖြစ်ကြသော မငြိမ်းထက်ထက်အောင်၊ မငြိမ်းအိအိအောင် မိသားစု | ၃၁-လမ်း၊ ၈၆/၈၇-ကြား ဓာတ်နန်းရပ်၊ မန္တလေး | ၂၀၀၀၀၀ |
| ၁၉ | ဦးမောင်ကို-ဒေါ်ယဉ်မေ သား ကိုခင်မောင်စိုး သမီး မခင်မာလာ၊ မမွှေးမွှေး၊ မြေး မောင်အောင်ကျော်မျိုးမြင့် မိသားစု | တမ္ပဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ | ၂၁၀၀၀၀ |
| ၂၀ | မိဘများအားရည်စူး၍ ဦးမောင်ဇော်-ဒေါ်ခင်မမ သား မောင်အောင်ခန့်ဗို မိသားစု | ၈၄-လမ်း၊ ၄၂/၄၃-လမ်းကြား မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၁ | ဦးသာသန(ခ)ဦးသန်းထွန်းခေါင်းဆောင်သော ဇေတဝန် မစိုးရိမ်တိုက်သစ် ဒုလ္လဘရဟန်းများ | ပြင်ဦးလွင်မြို့ | ၁၀၀၀၀၀ |
| ၂၂ | ဦးသိန်းထွန်း-ဒေါ်သန်းသန်းမြင့် သားများဖြစ်ကြသော မောင်အောင်ထွန်းဦး၊ မောင်ဇော်မြင့်ထွန်း မိသားစု | အောင်မြင့်မိုရ်အထည်ဆိုင်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၃ | ဦးသန်းထွန်း-ဒေါ်တင်တင်အေး၊ သား ကိုတင်ဇာအောင်-မဇိုမီအောင် မြေး မဆုမြတ်ရွှေရည်သွန်း၊ မောင်လရောင် မိသားစု | မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၄ | ဒေါ်ခင်ညိုဆန်းအားရည်စူး၍ ဦးတင်ငြိမ်း မိသားစု | အဆောင် (၉)အေ (၇)ဧရာထွန်းတိုက်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၂၅ | မိခင်ကြီး ဒေါ်လုံးအားရည်စူး၍ ဒေါ်ခင်မာချို | အကွက် (၁၁) ဒေါနဘွားရပ်၊ မန္တလေး | ၁၀၀၀၀၀ |
| ၂၆ | မိခင်ကြီး ဒေါ်လှရွှေအားရည်စူး၍ ဒေါ်ယဉ်ယဉ်နု မိသားစု | တိုက်အမှတ် ၁၅၆၊ အခန်း ၉၊ အရှေ့ရန်ကင်း ရန်ကုန် | ၁၀၀၀၀၀ |
| ၂၇ | ဦးမြင့်ဆွေ-ဒေါ်မာမာမြင့် (သစ္စာကွန်ပျူတာ မိတ္တူ)မိသားစု | ချမ်းသာရ ထုံးကုန်း၊ မန္တလေး | ၁၀၀၀၀၀ |
| ၂၈ | ဦးဌေး-ဒေါ်မြိုင်(စိန်နှင့် ကျောက်မျက်ရတနာရောင်းဝယ်ရေး)မိသားစု | ၇၃-လမ်း၊ ၃၂/၃၃-လမ်း၊ ရန်မျိုးလုံရပ်၊ မန္တလေး | ၃၀၀၀၀၀ |
| ၂၉ | ဦးမျိုးမောင်-ဒေါ်ခင်တင့်(စိန်လက်ဝါးနာရီဆိုင်)မိသားစု | ၈၉ လမ်း ၁၅/၁၆-လမ်း၊ မင်းတဲအီကင်း၊ မန္တလေး | ၁၀၀၀၀၀ |
| ၃၀ | ၇-ရက်သားသမီးများနှင့် လူနတ်ဗြဟ္မာသတ္တဝါများအတွက် ဦးမျိုးမောင်-ဒေါ်ခင်တင့်(စိန်လက်ဝါးနာရီဆိုင်)မိသားစု | ၈၉ လမ်း ၁၅/၁၆-လမ်း၊ မင်းတဲအီကင်း၊ မန္တလေး | ၁၀၀၀၀၀ |
| ၃၁ | ဦးအောင်တင့်-ဒေါ်လုံး (ပြည်သာယာကွမ်းနှင့် ကွမ်းပစ္စည်းရောင်းဝယ်ရေး) | ရွှေသံပုရာခြံရပ်၊ အမရပူရမြို့ | ၂၀၀၀၀၀ |
| ၃၂ | ဒေါက်တာဝင်းမြင့်-ဒေါက်တာမြင့်မြင့်စိုး မိသားစု | အခန်း ၃၀၁၊ ရှိုင်းကွန်ဒိုအမှတ် ၂၉၊ ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| ၃၃ | ဦးသန့်ဇော်-ဒေါ်မြနှင်းပွင့်ကျော် (သား)ပြည့်စုံမင်းသန်း မိသားစု | အမှတ် ၁၇၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၃၄ | ဒေါ်အေးမိသားစု | E2 မေဃဝတီကျောင်းလမ်း၊ မေခအိမ်ရာ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀၀ |
| ၃၅ | ဦးမောင်မောင်တင် (နေပြည်တော်စတိုး)မိသားစု | အမှတ် ၃၆၄၊ လမ်းမတော်လမ်း၊ ပြည်မြို့ | ၃၀၀၀၀၀ |
| ၃၆ | မိဘများအား အမှူးထား၍ မမိုးမြင့်မိုရ်မောင် (၁၃)နှစ်ပြည့်မွေးနေ့ | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၃၇ | ဦးသောင်းညွှန့်-ဒေါ်ဥမ္မာသန်း (သမီး)မကြည်လဲ့ဝေ၊ မနှင်းယုသောင်း | တရားရေးရိပ်သာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး | ၅၀၀၀၀၀ |
| ၃၈ | (ဦးအာယု)-ဒေါက်တာ ဒေါ်မေစီ မိသားစု | အမှတ် ၁၇၁၊ အလုံလမ်း၊ ရန်ကုန်မြို့ | ၂၀၀၀၀၀ |
| ၃၉ | ဒေါ်ကွင်းရီ(ညီမ)ဒေါ်ခင်ဝင်း | နန်ထောရွာ၊ ဟုမ္မလင်းမြို့ | ၁၀၀၀၀၀ |
| ၄၀ | ဦးမြင့်ဆွေ-ဒေါ်ခင်မျိုးရီ မိသားစု | ထိန်ကုန်းရပ်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၄၁ | ဦးသိန်းတန်-ဒေါ်ဆောင်းရွှေ မိသားစု | နန်ထောရွာ၊ ဟုမ္မလင်းမြို့ | ၅၀၀၀၀ |
| ၄၂ | ကိုကျော်ဆောင်း-မညွန့်ညွန့်စိန် မိသားစု | မဟာမြိုင်ရပ်၊ မန္တလေးမြို့ | ၁၀၀၀၀၀ |
| ၄၃ | မသန္တာစု | စက်မှုမြို့သစ်၊ မန္တလေးမြို့ | ၅၀၀၀၀ |
| ၄၄ | ဦးမိုးမြင့်-ဒေါ်ဝင်းဝင်းကြူ မိသားစု | ရန်ကုန်မြို့ | ၅၀၀၀၀၀ |
| ၄၅ | ဖခင်ကြီး ဦးစံထွန်းလှအားရည်စူး၍ မိခင်ကြီး ဒေါ်တင်ရီအား အမှူးထားလျက် သမီး ဒေါ်လှမျိုးငြိမ်း | ၂၅၇၊ အင်းဝလမ်း၊ ၆-ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ | ၁၀၀၀၀၀ |
| | | **(ဇူလိုင်လ)လှူဒါန်းငွေ စုစုပေါင်း** | **၉၈၄၀၀၀၀** |

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်အားလုံးအတွက်
OK$ ဖြင့် လျှပ်စစ်မီတာခပေးဆောင်ပြီး
ဖုန်းကံထူးရှင် ဖြစ်လိုက်ပါ
OK$
အသေးစိတ်ကို facebook.com/okdollarapp တွင်ဖတ်ရှုပါ။
okdollar.com

ဝင်ခွင့်စာမေးပွဲ ဖြေဆိုသူများအတွက်
၁၁ ကြိမ်မြောက်
အောင်ကောင်းစုံ 2017-2018
မဟာဘွဲ့ရတစ်ဦး
အထွေထွေသိစရာ မှတ်စရာ ဗဟုသုတမှတ်စု
ဗိုလ်လောင်းဝင်ခွင့်၊ တပ်မတော်သူနာပြုတက္ကသိုလ်ဝင်ခွင့်၊ တပ်မတော်တွဲ့ရအမျိုးသမီးဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဒုရဲအုပ်လောင်းစာမေးပွဲဝင်ခွင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဝင်ခွင့်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာကျွမ်းကျင်မှု(DTEC) ဝင်ခွင့်၊သစ်တောတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်ဝင်ခွင့်၊မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ဝင်ခွင့်၊သူနာပြု၊ သားဖွား၊ကုမ္ပဏီ INTERVIEW ဖြေဆိုမည့်သူများနှင့်၊ဗဟုသုတရှာဖွေလေ့လာလိုသူများအတွက်...
အောင်ကောင်းစုံ
၆ ကြိမ်မြောက်
ရာထူးဝန် ဝင်ခွင့် 2017-2018
မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ ဥပဒေ
ဦးထွန်းသန်း ပါမောက္ခ(ငြိမ်း)
ဦးမောင်မောင်သန့် (မဟာဝိဇ္ဇာ–နိုင်ငံတကာဆက်ဆံရေး)
ဦးကျော်ဆန်းလင်း The King's English
၂၀၁၇ခုနှစ်တွင်စစ်မေးခဲ့သောမေးခွန်းဟောင်းနှင့်စံပြအဖြေများ ပါဝင်ပါသည်။ မဟာဘွဲ့ရတစ်ဦး
ကောရီစာပေ C/၃၄၊ နေကြာသာယာကုန်းလမ်း၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့။
၀၉၇၃၀၅၁၁၁၄၊ ၀၉၅၁ ၂၉၆၇၀၊ ၀၉၅၅၀၁၁၅၄/ အမြို့မြို့အနယ်နယ်တွင်ဝယ်ယူရရှိနိုင်ပါသည်။

မှတ်ပုံ ACADEMY တင်ပြီး
တစ်အိမ်တစ်လုံးမရှိမဖြစ်သုံး
အကယ်ဒမီ
မီးဖိုချောင်းနံကျင်ကောက်ပြောင်စေရန်
ကြွက်ပြားရိုးချွတ်ဆေးကိုသုံးပါ
အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်နှင့်စတိုးဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။
Tel : 95-1-374797, 384944, 254146 , 385858, 242726
Email : academychemicalburma@gmail.com, VIBER - 09 -250 150 990

မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။
ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း)တို့တွင် မြေကွက်များ ဝယ်လိုသည်။
အိမ်အရောင်းငွေချေစနစ်၊ ပွဲခပေးရန်မလို
Ph: 01-2339310, 01-2339355, 01-578044

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ရေသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

## အမည်မှန်

ဖေယျာသီရိမြို့နယ်၊ အထက (၂)၊ သတ္တမတန်း(A)မှ မစုမြတ်တွယ်တာ၏ အမည်မှန်မှာ မဆုဆန်းမီ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးသူရိန်ထွန်း ၁၂/အစန(နိုင်)၁၉၅၂၀၂ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အထက သာဂရကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မစုစုအောင်နှင့် ရွှေဝါကျောင်း မျိုးဆက်သစ်အုန်းခြံ ဘုန်းတော်ကြီးကျောင်း သတ္တမတန်းမှ မဇင်မာမျိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၇/ရတရ(နိုင်)၁၄၃၀၄၉ ဖြစ်ပါကြောင်း။

**ဦးမောင်မျိုး**

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 5B/5560 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၁၅ လမ်း၊ တိုက်အမှတ်(၂၂/၂၈)၊ အခန်း အမှတ်(၁၉)၊ တတိယထပ်ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဝင်းဝင်းထွန်း ၈/မဘန(နိုင်)၀၁၀၅၅၅ ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်မိုးမိုးလှိုင် ၁၂/ဥကမ(နိုင်)၁၉၂၂၀၁ က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရ·က·က(၁၀)၊ အကွက်အမှတ်(CC/မြနန္ဒာ)၊ ဦးပိုင်အမှတ် (၇၄၊ ၇၅၊ ၇၆)၊ မြေယာအမှတ် (၇၄၊ ၇၅၊ ၇၆)ဧရိယာ ၀ ဒသမ ၅၀၅ ဧကရှိ မြေသည် ဦးတေယု(ခ) မေဖုဂမ် ၁၃/ကခန(နိုင်)၀၃၁၁၈၀ ဂရန်မူနံပါတ်(၂၀၉/၂၀၁၄-၂၀၁၅) အရ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ဂရန်(မူရင်း)မှာ ဦးတေယု(ခ) မေဖုဂမ်လက်ဝယ်ပျောက်ဆုံးသွားပါသဖြင့် ဂရန်အသစ်ထပ်မံလျှောက်ထား ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လူကိုယ်တိုင်နှင့် ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်ကာလကျော်လွန်ပါက ဂရန်အသစ်ထပ်မံလျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတေယု(ခ)မေဖုဂမ်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေဟန်စိုးဝင်း**
**အထက်တန်းရှေ့နေ (စဉ်–၄၀၆၂၄)**
**၂၄၉၊ သိင်္ဂါလမ်းသွယ်၊ ရ·က·က(၆)၊ ဘိုကုန်း၊ ပြင်ဦးလွင်မြို့**
**ဖုန်း–၀၉–၄၀၃၇၀၅၈၈၆**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အကွက်အမှတ်/အမည်(၄၄/ရွှေတောင်)၊ ဦးပိုင်အမှတ် ၆၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိမြေသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ (၁–က)စာရင်းတွင် ခရိုင်ရုံးမြေခွန်တော် အမှုတွဲအမှတ်(V) ၂၀၇/၁၉၇၈–၁၉၇၉ အရ ဦးမောင်မောင်၊ ဒေါ်သီတို့နှစ်ဦးအမည်ဖြင့် နှစ်(၃၀)အငှားဂရန်ရရှိထားပြီး အမှုတွဲပါ ဂရန်သက်တမ်းမှာ (၁၂–၁၀–၂၀၀၉) ရက်တွင် ကုန်ဆုံးနေပြီးဖြစ်ပါသည်။ အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်မောင်သည် ၃၁–၄–၂၀၀၇ ရက်တွင်လည်းကောင်း၊ ဒေါ်သီသည် ၁၆–၁–၂၀၁၆ ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားကြပြီး သားအဖြစ်မွေးစားခံရသူ ဦးထွန်းစံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်ကတိသစ္စာပြုလွှာတို့ဖြင့် ပိုင်ဆိုင်ကာ လျှောက်မြေအား ဦးညွှန့်ဝင်းသို့ ရောင်းချခဲ့သည့်အတွက် ၎င်းအမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်သက်တမ်းတိုး အမည်ပြောင်းလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက နှစ်ရှည်မြေငှားဂရန် လျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်–မော်လမြိုင်မြို့**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မဇွန်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းနိုင် ၁၄/မမက(နိုင်)၂၀၇၁၄၅ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းနိုင်**

## အများသိစေရန်

တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စု၊ လွယ်အွမ်းရွာနေ ဦးခွန်စံထွန်း ၁၃/တကန(နိုင်)၀၇၃၂၉၈၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာသည်မှာ ဦးခွန်စံထွန်းသည် ကွယ်လွန်သူ ဦးကျော်လှ–ဒေါ်မိုးခင်တို့၏ အပတိဋ္ဌသားဖြစ်ပြီး မိဘများမှ စာချုပ်စာတမ်းများဖြင့် လွှဲပြောင်းပေးအပ်ခဲ့သော (၁) တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စု၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်၏ အရှေ့မြောက်ဘက်၊ မုရောင်းရွာလမ်းမအနောက်၊ ဦးကျော်လှခြံ၏ တောင်ဘက်၊ ဦးချွန်ခြံမြေ၏အရှေ့ဘက်တွင်တည်ရှိသောစိုက်ပျိုးခြံမြေ ၃ ဒသမ ၁၆ဧက နှင့် (၂)၂–၁–၂၀၁၆ ရက်တွင် အစ်ကိုဖြစ်သူ ဦးချွန်–ဒေါ်မွေးတို့မှ စာချုပ်စာတမ်းဖြင့် ခွဲဝေပေးခဲ့သော နောင်လေကျေးရွာအုပ်စု၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်၏ အရှေ့မြောက်ဘက်၊ အရှေ့အနောက် ပေ ၂၂၀၊ တောင်ဘက်လားသော် ဦးလှမောင်ခြံကွက်၊ တောင်မြောက် ပေ ၁၀၀၊ အရှေ့လားသော် ဦးလှအောင်ခြံကွက်၊ တောင်မြောက် ပေ၁၄၀၊ (အနောက်လားသော် ဦးအောင်ကြည်ခြံကွက်) အရှေ့အနောက် (မြောက်ဘက်လားသော် ဦးချွန်ခြံကွက်) ကိုပိုင်ဆိုင်သူဖြစ်ကြောင်းဖြင့် မိမိအားခွဲဝေပေးကမ်းသော စာချုပ်စာတမ်းများအရ သိရှိရပါသည်။

ဦးခွန်စံထွန်း၏ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၁၇ခုနှစ် ဩဂုတ် ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်းစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသော အချိန်အတွင်း ကန့်ကွက်သူမရှိပါက ဦးခွန်စံထွန်းအနေဖြင့် မိမိပိုင်ခြံမြေကွက်ကိုကာရံပြီး မူလအတိုင်းဆက်လက်၍ စိုက်ပျိုးလုပ်ကိုင်သွားမည်ဖြစ်ကြောင်း အတိအလင်းမြွက်ဟကြေညာပါသည်။ ထိုသို့လုပ်ကိုင်ရာတွင် ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်းနှင့် ပိုင်နက်ကျူးလွန်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**(စဝ်မြဝတီ) B.A, LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၃၈)နှင့် နိုတြီပဗ္ဗလစ်**
**အမှတ် (၇/၄)၊ ဇောတိကလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့**

## အများသိစေရန်

တောင်ကြီးခရိုင်၊ ကလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ မင်းလမ်းနှင့် ကုန်သည်လမ်း (ဈေးလမ်း)ထောင့်ရှိ အကွက်အမှတ်(၁၂)၊ အကွက်အမည်ဈေးရပ်၊ မြေကွက်အမှတ် (၂၇၆)၊ ဦးပိုင်အမှတ် ယခင် (၆၀)၊ ယခု (၆၁)၊ ဧရိယာ ၀ ဒသမ ၀၆၆ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တန်းလျားအဆောက်အအုံအား ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်လှလှရင်မှ လွန်ခဲ့သော(၄၁)ခန့်က ၎င်းဆန္ဒဖြင့် ကာသိုလိပ်ရဟန်းဖြစ်သင်တန်းကျောင်းသို့ တရားဝင်လှူဒါန်း၍ အလှူခံရရှိထားပါသည်။

၎င်းမြေနှင့်အဆောက်အအုံကို ယခင်ကထုတ်ဖော်ခြင်းမရှိဘဲ ဒေါ်အေးအေးသန်းမှ (၃၉)နှစ် ကာလကြာမြင့်မှ မြေးဟုဖော်ပြလျက် အမည်ပြောင်း မြေငှားဂရန်လျှောက်ထားခြင်းအပေါ် သက်ဆိုင်ရာမှထုတ်ပေးထားသည့် မြေငှားဂရန် အမှုတွဲအမှတ် (၉၅/၂၀၁၄)ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၂၄–၇–၂၀၁၇ရက်စွဲပါ မြေဂရန် အယူခံ/ပြင်ဆင်မှုအမိန့်အမှတ်(၃/၂၀၁၇)ဖြင့် မြေယာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်မှု မရှိဘဲ ထုတ်ပေးခဲ့ခြင်းကြောင့် ၎င်းဒေါ်အေးအေးသန်းအမည်ဖြင့် ထုတ်ပေးထားသည့် ဂရန်ကို ပယ်ဖျက်လိုက်ပြီးဖြစ်ပါသည်။

သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံသည် အလှူခံရရှိထားသည့် ကာသိုလိပ်သာသနာပိုင်အနေဖြင့် လက်ရှိရရှိထားခြင်းဖြစ်၍ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ထပ်မံအမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှု/သက်ဆိုင်မှု/အမွေဆက်ခံမှုလျှောက်ထားခြင်းတို့အား ကန့်ကွက်ပါကြောင်း။

**ကက်သလစ်အသင်းတော် (ခရစ်ယာန်ကျောင်း)**
**အမှတ်(၁၉၈)၊ ဆရာတော်ကျောင်းတိုက်၊**
**ဘုရင့်နောင်လမ်း၊ လမ်းမတော်ရပ်ကွက်**
**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လှိုင်ကော်မြို့၊ နောင်ယား(က)ရပ်ကွက်၊ အကွက်အမှတ်(၁၀–နောင်ယား–က)၊ ဦးပိုင်အမှတ်(၁၄၇/က)၊ ဧရိယာ ၀ ဒသမ ၁၄၂ဧကရှိ မြေသည် ခင်ပွန်း ဦးဗျားရယ် နေထိုင်အကျိုးခံစားခဲ့ပြီး မြေငှားဂရန် မရှိသေးပါ။ ဦးဗျားရယ်သည် လွန်ခဲ့သော (၇)နှစ်က ကွယ်လွန်၍ ကျန်ရှိဇနီး ကျွန်မ ဒေါ်ဒေစီက ဆက်လက်အမွေဆက်ခံပိုင်ဆိုင်ခံစားရပါမည့်ကြောင်း တရားရုံးတွင် ကျမ်းကျိန်ခဲ့ပါသည်။ သက်ဆိုင်ရာသို့ မြေငှားဂရန် ရရှိရေးလျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူရှိက ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**(ဒေါ်ဒေစီ)**
**၂/လကန(နိုင်)၀၇၁၇၁၀**
**န/၁၃၂၊ နောင်ယား (က)ရပ်ကွက်၊**
**လှိုင်ကော်မြို့**
**ဖုန်း–၀၉–၄၂၈၃၆၀၅၄၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/3812 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/1475 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7I/1397 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# အထူးကျေးဇူးတင်ရှိခြင်း

(၁၁-၈-၂၀၁၇)ရက်တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးလှထွေး [Steve @ I.J Young] အသက်(၇၆)နှစ် ညွှန်ကြားရေးမှူး(ငြိမ်း)စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန၊ နာရေးကိစ္စ အစမှအဆုံးထိ ကူညီပေးခဲ့ကြသော သူငယ်ချင်း၊ မိတ်ဆွေများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ နာရေးသို့ လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ လူကိုယ်တိုင်မလာနိုင်သော်လည်း ဖုန်းဖြင့် ဆက်သွယ်သတင်းမေးမြန်းကြသော ဆွေမျိုးမိတ်ဆွေများနှင့် နာရေးကိစ္စအဝဝအား ကူညီပေးခဲ့ကြသောသူများ၊ ကျေးဇူးတင်ထိုက်သောသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးခင်မြင့်(ခ)တန်တွာဟုတ်
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မအူပင်လမ်း၊ အမှတ် ၅၄နေ (ဦးဘိန်လျှန်-ဒေါ်အမာ-ဒေါ်ဟုန်ကြူ)တို့၏သား၊ (ဒေါက်တာဒေါ်ရင်မြင့်)၏မောင်၊ ဒေါ်ရှုလွမ်၊ ဒေါက်တာဒေါ်ခင်မြင့်မြင့်၊ ဦးခင်မောင်မြင့်တို့အစ်ကို၊ (ဦးတင်မြင့်)၊ (ဦးတိုးမြင့်)-ဒေါ်စမ်းတင့်၊ ဦးသန်းမြင့်-(ဒေါ်ချိုချိုသာ)တို့၏ဦးလေး၊ ဦးသီဟန်၊ ဦးသော်ဟန်-ဒေါ်နှင်းဟေမာတို့၏အဘိုးသည် ၁၃-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၂း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဦးစိန်လင်း
**မန္တလေးအဝေးသင်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)တိုးချဲ့ရပ်ကွက်၊ အင်ကြင်းမြိုင်လမ်း၊ အမှတ် ၁/၃၂နေ (ဦးလှိုင်ဦး-ဒေါ်စောလှိုင်)တို့၏သား၊ (ဦးသုန်-ဒေါ်အေး)တို့၏သားသမက်၊ ဒေါ်စန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းနိုင်ရှိန်-မအေးမြတ်သူတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၂-၈-၂၀၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ခန္ဓာကိုယ်အား ရန်ကုန်မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးသို့ ပို့ဆောင်လှူဒါန်းပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၇ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3542 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/8195 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရှာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/6096 Toyota Corolla Filter NZE 12, Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူရ ၁၂/ဥကတ(နိုင်)၁၄၈၈၈၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၄၊ ဦးပိုင်အမှတ် ၆၁၊ ၆၈×၆၉ကြား၊ ငုရွှေဝါ×ဇလပ်ဝါလမ်းကြားရှိ ဦးကျော်စိုးဝင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးအောင်ညီညီ ၅/ကလတ(ဧည့်)၀၀၀၁၉၇ မှ ဦးပိုင်(၆၁) (ခဲစင်း) မြောက်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ ဦးပိုင်ခွဲ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2A/8164 Mazda T3500, Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုမင်း ၁၂/တကန(နိုင်)၁၃၁၇၀၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရှာသာကြီး)ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၄၆၂၊ မြေကွက်တည်နေရာအမှတ် ၁၄၆၂၊ မြတ်လေးလမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြောက်(ဦးလှဦး)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား AA-099812 အမည်ပေါက် ဦးလှဦးအပေါ် တရားပြိုင်ထားကာ ဒေါ်မြင့်အေးမှ တရားလိုပြုလုပ်လျက် ဒဂုံမြောက်မြို့နယ် တရားရုံးတွင် တရားမကြီးမှုအမှတ် ၅၂/၂၀၁၆ ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်း (၃၀-၁၂-၂၀၁၆)ရက်အပေါ် ချမှတ်သည့် စီရင်ချက်/ဒီကရီနှင့် တရားမဇာရီမှုအမှတ် ၅/၂၀၁၇ တို့တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁မှ ဂရန်/တရားရုံးအမိန့်/ဘီလစ်ခန့်စာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၄၂၇၊ မြေကွက်တည်နေရာ အမှတ် ၄၂၇၊ စေတနာ ၂လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက် ဦးခင်စိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား (AD-၀၇၅၁၃၆) ၁၂/ကတတ(နိုင်)၀၁၉၈၈၁ အမည်ပေါက် ဦးခင်စိုး ကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်/ရဲစခန်း ထောက်ခံချက်၊ ပုဇွန်တောင်မြို့နယ် တရားရုံး၏(၁၂-၁၂-၂၀၁၆)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် ၃၉၀၈/၁၆၊ ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားခြင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ ကန့်ကွက်ရန် ရှိ/မရှိ သီးခြားသတင်းစာတွင် ကြော်ငြာပြီး ကန့်ကွက်မှုမရှိပါသဖြင့် ဦးခင်စိုး၏ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် မြေစာရင်းတွင် အမှုတွဲအမှတ် ဒဂမ/ဗက/၄၃/၉/၉၄ (၁၃-၁၀-၉၄)ဖြင့် မှတ်သားထားသော မူရင်းဂရန်စာအုပ်အားဌာနတွင် ရုံးမိန့်ထုတ်၍ ပယ်ဖျက်ပြီးဖြစ်ပါကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးတင်ထွန်းအောင် (ဘ) ဦးနောက်တိုး ၅/ရဘန(နိုင်)၁၃၁၃၄၈ နှင့် အများသိစေရန်

ရွှေဘုန်းကုမ္ပဏီလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်ထွန်းအောင်အား အောက်ပါအတိုင်းသိစေအပ်ပါသည်။

ရွှေဘုန်းကုမ္ပဏီလီမိတက်သည် လယ်ယာသုံးစက်ပစ္စည်းများအား ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

လူကြီးမင်းသည် ရွှေဘုန်းကုမ္ပဏီလီမိတက်မှ ဖြန့်ဖြူးရောင်းချသော လယ်ယာသုံးစက်ပစ္စည်းများအား ရွှေဘိုမြို့နယ်၊ ကန့်ဘလူးမြို့နယ်၊ ဇင်းရွာစသည့်နယ်များတွင် တစ်ဆင့်ပြန်လည်ရောင်းချခွင့်ရရှိသော အရောင်းကိုယ်စားလှယ်အဖြစ် ၂၁-၈-၂၀၁၅ ခုနှစ်မှ ယနေ့တိုင် လုပ်ကိုင်ဆောင်ရွက်နေသူတစ်ဦးဖြစ်ပါသည်။

ရွှေဘုန်းကုမ္ပဏီလီမိတက်မှ လူကြီးမင်းထံသို့ လယ်ယာသုံးစက်ပစ္စည်းများအား အပ်ကုန်စနစ်ဖြင့် ပေးပို့၍ ရောင်းချစေခဲ့ပါသည်။ လူကြီးမင်းသည် ရွှေဘုန်းကုမ္ပဏီလီမိတက်မှပေးပို့သော လယ်ယာသုံးစက်ပစ္စည်းများအား ပြန်လည်ရောင်းချခဲ့ပြီး ရောင်းကြေးငွေကျပ် ၇၆၆၃၅၀၀၀ိ/-တိတိအား ရွှေဘုန်းကုမ္ပဏီလီမိတက်သို့ ပေးသွင်းရန်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကြီးမင်းမှ ရွှေဘုန်း ကုမ္ပဏီလီမိတက်သို့ ပေးသွင်းရန်ရှိသော ငွေကျပ် ၇၆၆၃၅၀၀၀ိ/-အား လာရောက်ပေးသွင်းပါရန် အသိပေးအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လူကြီးမင်းအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဦးတင်ကြိုင် | ဦးသန့်ဇင်လင်း |
| ၉/မနတ(နိုင်)၀၂၁၄၁၀ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၇) |
| မန်နေဂျာ | အမှတ် (၁၆၉)၊ အကွက် (၂၀၁) |
| ရွှေဘုန်းကုမ္ပဏီလီမိတက် (ကိုယ်စား) | ပွဲကုန်းရပ်၊ အောင်မြေသာစံမြို့နယ် |
| | ဖုန်း-၀၉-၈၇၅၃၈၄၇၀၀ |

## ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၁၀၆၆၁/၂)၊ မြေကွက်တည်နေရာအမှတ်(၁၀၆၆၁/၂)၊ ဝဇီရာ ၇လမ်း၊ (င)ရပ်ကွက် (ဦးကျော်သောင်း စီဂျီ-၀၃၂၄၃၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ကျော်သောင်းဖြစ်ပြီး ဒေါ်တင်အောင်(တရားရှုံး)ကိုယ်စား မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ ဘီလစ် ဒေါ်သူဇာ ၆/ထဝန(နိုင်) ၀၂၆၃၄၃မှ ဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ် (၁၃၁/၁၆)စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှုအမှတ် (၁၄/၁၇) နေ့စဉ်မှတ်တမ်းအမိန့်၊ ဦးကျော်သောင်း အမည်ပေါက် ဂရန်မူရင်းတင်ပြခြင်း၊ မြေပြင်တွင်(၁)ထပ်၊ ပျဉ်ထောင်၊ သွပ်မိုးအဆောက်အအုံတွင် ဆွေမျိုးတော်စပ်သူ ဦးခင်အောင်မိသာစု နေထိုင်ခြင်းအတွက် တရားနိုင် ဦးသိန်းစံ(ခ)သိန်းဇံမှ ဝန်ခံကတိပြုချက်တင်ပြ၍ အရောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄၊ မြေကွက်အမှတ် ၈၈၈၊ မြေကွက်တည်နေရာအမှတ် ၈၈၈၊ ပင်လုံလမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးလှသိန်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား AA-101609 ၁၂/မရက(နိုင်)၀၁၆၇၆၄ ဂရန်အမည်ပေါက် ဦးလှသိန်းကိုယ်တိုင်မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့်မြို့နယ်ရဲတပ်ဖွဲ့စခန်းထောက်ခံချက်တို့ကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ ကိုယ်တိုင်နေထိုင်ပါသည်။ အိမ်၏မျက်နှာစာတွင် ဆိုင်ခန်းလေးခန်းငှားရမ်းထားပါ သည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ တာဝန်ယူပါကြောင်းနှင့် ပြဿနာတစ်စုံတစ်ရာမရှိသည့်အပြင် ကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးပါမည်ဟု ဦးလှသိန်းမှ ဝင်စာအမှတ် ၅၉၇၉/၁၆-၆-၁၇ဖြင့် တင်ပြလာပါသည်။ သို့ပါ၍ ဂရန်မိတ္တူ လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# (၁)လပြည့်အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ ဇရပ်၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ စာသင်ကျောင်း ဒါယကာကြီး**

## ဦးစိုးတင့်

**Hitachi Soe Electric & Machinery Co.,Ltd. (Chairman)**

**အသက်(၆၄)နှစ်**

**စိုးလျှပ်စစ်ဖောင်ဒေးရှင်းနှင့် အေးငြိမ်းချမ်းသာဂိလာန ဘိုးဘွားရိပ်သာ(တည်ထောင်သူ)**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ(ဥက္ကဋ္ဌ)**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနှစ်၂၀ခန့် ကိုယ်ကျိုးစွန့်အနစ်နာခံ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုများအား အထူးကျေးဇူးတင်သတိရအောက်မေ့စွာဖြင့် ကွယ်လွန်သွားသည်မှာ (၁)လပြည့်ပြီဖြစ်သော်လည်း မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၁) စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**

# ဆီးဂိမ်းဘောလုံးပြိုင်ပွဲအဖွင့် မြန်မာအသင်းအနိုင်ရ



သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)

စင်ကာပူအသင်းကို အနိုင်ရရှိပြီးနောက် မြန်မာအသင်းကစားသမားများ မြန်မာပရိသတ်နှင့်အတူ အောင်ပွဲခံနေစဉ်




**ကွာလာလမ်ပူ ဩဂုတ် ၁၄**

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ပထမနေ့ကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ မြန်မာအသင်းက စင်ကာပူအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။

ဆီမီးဖိုင်နယ်တက်ရောက်ရေးအတွက် အရေးပါသည့်ပွဲတွင် မြန်မာအသင်းသည် စင်ကာပူအသင်းကို အနိုင်ကစားပြီး အခြေအနေကောင်းသွားခဲ့သည်။ မြန်မာအသင်းသည် အဖွင့်ပွဲဖြစ်သောကြောင့် အကောင်းဆုံးပုံစံရရှိရန် အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း တိုက်စစ်မှူးအောင်သူ၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို မလေးရှားနိုင်ငံရောက် မြန်မာပရိသတ်များ စင်ကာပူနိုင်ငံမှ မြန်မာပရိသတ်အချို့အပါအဝင် စုစုပေါင်း ၃၀၀၀ ကျော် လာရောက်ခဲ့ပြီး တစ်ခဲနက်အားပေးခဲ့ကြသည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍

## မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို နိုင်ငံပေါင်း ၃၀ ကျော်သို့ တိုက်ရိုက်ထုတ်လွှင့်နိုင်တော့မည်

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ရန်ကုန် ဩဂုတ် ၁၄**

ကမ္ဘာ့နိုင်ငံအနှံ့သို့ ထိုးဖောက်နိုင်ရန် ကြိုးစားနေသော မြန်မာ့ရိုးရာလက်ဝှေ့သည် တတိယအကြိမ်မြောက် ကျင်းပမည့် WLC ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၀ ကျော်သို့ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါပြိုင်ပွဲများကို ဦးဆောင်စီစဉ် ကျင်းပသော မြန်မာလက်ခမောင်းကုမ္ပဏီမှ သိရသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာ့ရိုးရာ လက်ဝှေ့ကို ကမ္ဘာ့နိုင်ငံများပျံ့နှံ့နိုင်ရေးအတွက် ဘက်ပေါင်းစုံကနေ ပါဝင်ဆောင်ရွက်နေပါတယ်။

*စာမျက်နှာ ၅ ကော်လံ ၁* ▲

## ရေဝတီနှင့်ချင်းတွင်းမြစ်ရေများ စိုးရိမ်ရေမှတ်တည်ရှိနေမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့၌ ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ✪

